www.burmeseclassic.com

# ဖိုဖို (ဆေးတက္ကသိုလ်)

## သနားသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၇/၂၀၀၄ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၈၈/၂၀၀၄ (၆)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊

ရန်ကုန်မြို့။

မိုမို(အေးတက္ကသိုလ်)



# သနားသဖြင့်

စိုးမိုး-စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



"တီ တီ၊ တီ တီ တီ"

ခြံဝမှဟွန်းသံကို ကြားလိုက်သည်မို့ မြသား မီးဖို ချောင်ထဲမှနေ၍ ပျော်ရွှင်စွာပြုံးလိုက်မိပါသည်။

သူ့မှန်းသိသာစေသော အချက်ပေးဟွန်းသံ မှန်မှန် ကား ခင်ပွန်းသည် မိုး ပြန်လာပြီဖြစ်ကြောင်း အကြားကြား သံဖြစ်သောကြောင့်ပင်။ ထိုအသံကြားတိုင်း အိမ်ထဲရောက်နေ ရာအရပ်မှနေ၍ ဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ၊ မြသား ကြည်နူးရင်ခုန်စွာ ပြုံးပျော်ရွှင်သွားမိမြဲဖြစ်ပါသည်။

မရိုးနိုင်ပါ။

ပြီးလျှင်တော့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ကြား





နေကျ အသံများကို ဆက်ကြားလိုက်ရပါတော့သည်။

ခြံထဲမှာ သားနှင့်သမီးနှင့် အတူရှိနေသော Body ၏ တဝုတ်ဝုတ်တဝူးဝူး ထိုးဟောင်နှုတ်ဆက်သံ၊ ခြံတံခါးဖွင့် ပေးသံ၊ ပြန်ပိတ်သံ၊ မိုး၏ Body ကိုနှုတ်ဆက်သံ၊ သား နှင့်သမီးကို နှုတ်ဆက်သံ၊ ကလေးများ၏ တုံ့ပြန်ပြောဆိုသံ များ…။

သည့်နောက်တော့ အိမ်ပေါ်ထပ်မှာရှိသည့် အိပ်ခန်း ဆီသို့ မိုး တက်သွားပေလိမ့်မည်။

အိပ်ခန်းတွင်းဝင်ကာ ကားသော့ချိတ်၊ ဖုန်းတင်၍ အဝတ်အစားချွတ်လဲပြီးလျှင်တော့ အိပ်ခန်းနှင့်တွဲလျက်ရှိနေ သည့် ရေချိုးခန်းတွင်းသို့ မဝင်သေးဘဲ အောက်ထပ်သို့ ပြန် ဆင်းလာပေလိမ့်မည်။

မြသား အတွေးများနှင့် တိကျစွာပင် ထမင်းစားခန်း ထဲဝင်လာသော မိုး ခြေသံကို ကြားလိုက်ရပါတော့သည်။

မြသားက လှည့်ကြည့်ပြုံးပြမိသောအခါ အနား ရောက်လာကာ အနောက်ဘက်မှ ဖွဖွသိုင်းဖက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေချက်နေလဲ၊ မွှေးနေတာပဲ"

ဟု မေးလေသည်။

"ဆိတ်သားချက်နေတာ၊ ဗိုက်ဆာပြီလား"

"ဆာပြီပေါ့ မိန်းမရယ်"

"ဒါဆို ရေသွားချိုးလေ၊ နူးတော့မှာပါ"

မိုး မီးဖိုထဲမှ ထွက်သွားသည်။ ဆိတ်သားအိုးထဲ ရေထပ်ထည့်ထားပြီးနောက် အရံဟင်းများနှင့် ငပိကြော် တို့စရာတို့ကို ပြင်ဆင်နေလိုက်သည်။

မိုးကား အိမ်ထမင်းအိမ်ဟင်းကို ခင်တွယ်သူ တစ်ယောက်ဖြစ်သည်။ မတတ်သာ၍ မနက်စာတစ်နပ်ကို အပြင်မှာစားရသော်လည်း ညနေစာကိုတော့ သူ့အိမ်မှ မြသား ချက်သော ထမင်းဟင်းကိုသာ မက်မောခုံမင်စွာ စားလေ့ရှိသူ ဖြစ်သည်။

ဘယ်တုန်းကမှ ညစာကို အပြင်မှာစားခဲ့သည်ဟူ၍ မရှိ။ ထမင်းစားချိန်လွန်သည့်တိုင် အိမ်ပြန်မရောက်နိုင်သေး လည်း အဆာခံ၍ ပြန်လာတတ်၏။ ပြန်ရောက်သည့်အချိန်





အိမ်ကထမင်းကို စားလေသည်။

ဒါကြောင့်မို့လည်း တစ်နေ့မှာ တစ်နပ်သာစားရသော မိုး၏ညစာကို မြသားက တတ်နိုင်သ၍ ဖွယ်ဖွယ်ရာရာဖြစ် အောင် စီမံပေးလေ့ရှိပါသည်။

ထမင်းဟင်းခူးခပ်ရုံမှလွဲ၍ အားလုံးအဆင်သင့်ဖြစ်၍ မြသား အိမ်ရှေ့ထွက်လာခဲ့ချိန်မှာတော့ သားအဖသုံးယောက် ခြံထဲမှာ Body နှင့် ဆော့ကစားနေသည်ကို တွေ့ရလေသည်။

သုံးတန်းတက်နေသော ကိုးနှစ်ကျော်ဆယ်နှစ်သား သားကြီးက ဘတ်စကက်ဘောကစားနေသည်ကို Body က ဘေးမှလိုက်၍ ဆော့ကစားနေ၏။ တစ်တန်းတက်နေသည့် ခြောက်နှစ်ကျော် ခုနစ်နှစ်အရွယ် သမီးငယ်လေးကား တဟားဟားသဘောကျကာ ရယ်မောလျက်။

မိုးက ပွဲကြည့်သူ။

"ဟေး…၊ ထမင်းစားကြမယ်လေ"

မြသားက အနားရောက်သွားသည်။

"ဒီကောင်ကြီးကို ရေချိုးပေးထားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကလေးတွေနှင့် လုံးထွေးနေသည်မို့ မိုးက စိုးရိမ်သလို မေးသည်။

"ချိုးပြီးပါ့၊ နေ့လယ်က နေပူတုန်းချိုးထားပေးလိုက်တယ်"

မြသားမှာ ကလေးတွေ ကျောင်းဆင်းမလာခင် Body ကို ရေချိုးပေးရတာလည်း အလုပ်တစ်ခု။

ကောင်မလေးတွေနှင့် အချိုးခိုင်းလျှင်လည်း စိတ်တိုင်းမကျတာမို့ သိပ်မအားသည့်အခါမျိုးမှလွဲ၍ ကိုယ်တိုင်သာ ချိုးပေးဖြစ်သည်။ ပြီးလျှင် ကိုယ့်ကလေးတွေနှင့်ပဲ လုံးထွေးနေမှာမဟုတ်လား။

သားက သူ့ Body ကို သူကိုယ်တိုင် ရေချိုးပေးဖို့ တာဝန်ကို ယူချင်လှသော်လည်း နှစ်ယောက်စလုံး အအေးမိမည့်အရေးမို့ ခွင့်မပြုရဲပါ။

"သားကြီးရေ၊ သမီးလေးရေ၊ တော်လောက်ပြီ၊ ထမင်းစားစို့"

"ခဏလေးနေပါဦး မေမေရာ"





"နိုး နိုး၊ မရပါဘူး၊ ဆော့ချိန်ကုန်ပြီ၊ ဒါ ထမင်းစားချိန်၊ စည်းကမ်းလိုက်နာပါ"

"မိုးလာပြီ မေ"

"ဒါမှ မေ့သမီးလေး"

အမေဆီပြေးလာသော သမီးငယ်လေးကို ပွေ့ချီရင်း ပါးမို့မို့လေးကို မွှေးမွှေးပေးလိုက်သည်။ ပြီးလျှင် သမီးကို မိုးလက်ထဲ ထည့်ပေးလိုက်ကာ ဆက်ကစားချင်နေသေးသော အမေ၏ ချော့မော့အယုယကိုလည်း မနာလိုတိုရှည်ဖွာ စောင့်စားနေသော သားဖြစ်သူထံ လျှောက်သွားလိုက်သည်။

"တော်ပြီလေ သားလေးရယ်၊ ရေချိုးပြီးကတည်းက သားဆော့နေတာ၊ အခု ထမင်းစားချိန်ရောက်ပြီ၊ Body လည်း ထမင်းဆာနေပြီပေါ့၊ မေကြီးလည်း ဗိုက်ဆာနေပြီလေ၊ လာ သွားရအောင်"

"ဘာဟင်းလဲ"

ဘောလုံးကိုပစ်ချရင်း စူတူတူနှင့်မေးသည်။

"ထောပတ်ထမင်းနဲ့ ဆိတ်သားဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး…ကြိုက်တယ်၊ စားမယ်"

သား အော်ဟစ်ခုန်ပေါက်ကာ ရှေ့မှပြေးသွားလေတော့သည်။ သားကို ဆွဲဆောင်နိုင်တာ သူကြိုက်သော လက်တစ်ဆုပ်စာ အစားအသောက်များနှင့် အဆော့သာပဲ ဖြစ်သည်။

သမီးက သူ့အဖေကို ကျောပိုးစီးလျက် လိုက်ပါသွားသည်။

ထမင်းဝိုင်းမှာ သားက ခေါင်းမဖော်တမ်းစားသည်။ သားကား ငယ်ငယ်က ထမင်းကျွေးရခက်သလောက် ကြီးလာသောအခါ ထမင်းစားဖို့အတွက် စိတ်မပူရသော ကလေးတစ်ယောက် ဖြစ်လာခဲ့သည်။

သူကြိုက်တတ်သော လက်ငါးချောင်းမပြည့်သည့် အစားအစာဖြစ်ပါစေ၊ သား ထမင်း မြိန်မြိန်ဖြစ်လေသည်။

ပြီးတော့ အကောင်းကြိုက်တတ်သူလေးလည်း ဖြစ်သည်။ သား၏ ဖေးဖရိတ်အစားအစာများကား ဒန်ပေါက်၊ အုန်းနို့ခေါက်ဆွဲ၊ ကြက်ကြော်၊ ပုစွန်ထုပ်ကြီး၊ ဟော့ဒေါ့တွေထဲမှာ ညှပ်စားရသည့် Chicken Souces (ကြက်အူချောင်းအူအင်) စတာတွေဖြစ်သည်။



သမီးလေးကတော့ သူ့ပန်းကန်ထဲမှ ကြောင်စာလောက် ထမင်းလေးကို ဟိုပစ်ဒီပစ်လုပ်ကာ ကစားနေသည်။ ဘာနှင့်ကျွေးကျွေး သူ့ထမင်းလေးတော့ သုကုန်အောင်စားရှာပေမယ့် သူကြိုက်သောဟင်းရယ်လို့ မယ်မယ်ရရဘာမှမရှိ။

ထမင်းဟင်းကလွဲလျှင်တော့ သမီး အားလုံးကို စိတ်ဝင်စားလေသည်။ ထမင်းဟင်းမကြိုက်ဘဲ သားရေစာသာ စိတ်ဝင်စားသည့်နေရာမှာတော့ သမီးသည် မြဘအားနှင့် တစ်ထပ်တည်းပင် ဖြစ်သည်။

ရခိုင်မုန့်တီတို့၊ ရှမ်းခေါက်ဆွဲ၊ ဆီချက်တို့လို အမျှင်နှင့် အစားအစာတွေကို သမီး ကြိုက်နှစ်သက်တတ်သည်။

အခုလည်း သမီးသည် ဆိတ်သားနှင့် ထောပတ်ထမင်းကို စိတ်မဝင်စားဘဲ ချဉ်ပေါင်ဟင်းရည်သောက်၊ သခွားသီးတို့စရာနှင့် ငပိကြော်ကိုသာ ဖိစားနေသည်။

"ငပိကြော်လေးက ကောင်းလိုက်တာ၊ စပ်လည်း သိပ်မစပ်ဘူး၊ ပုစွန်ခြောက်တွေချည်းပဲ၊ မေမေကြော်တာ

www.burmeseclassic.com

www.burmeseclassic.com



သား"

ထမင်းဝသွားသည့်တိုင် ပေါင်ကြော်ကို အရသာခံစားရင်း ပြောလာသော သားဖြစ်သူစကားကြောင့် မိုးနှင့်မြသား မျက်လုံးချင်း ဆုံသွားရပါသည်။

သည်ကောင်လေးက အစားအသောက်ကို အရသာလည်း အတော်ခံတတ်လေသည်။ သူခံတွင်းတွေ့သောဟင်းဆိုလျှင် သည်လိုပင် အမေကိုထုတ်ပြောကာ တစ်ခုတ်တစ်ရ ချီးမွမ်းတတ်သည်။

"မေမေ မကြော်လို့ ဘယ်သူကြော်ရမှာလဲကွ၊ ခုချိန်ထိ ကိုယ့်အမေလက်ရာကို မသိသေးဘူးလား"

သားက ပြုံးဖြဲဖြဲလုပ်ရင်း...

"သိပါတယ်၊ သေချာအောင် မေးကြည့်တာ"

ဟု ဆိုသည်။ တစ်ဆက်တည်း...

"ချန်ထားဦးနော်၊ မနက်ဖြန် ထမင်းဘူးထည့်ဦးမှာ"

ဟု လောဘကြီးစွာ ဦးထားလိုက်သေး၏။ သားကို ကြည့်ပြီး နှစ်ယောက်သား သဘောကျစွာ ရယ်မောမိကြ





သည်။

"စိတ်ချ၊ မင်း မုန့်လောက်အောင်စားဖို့ မေမေ အများကြီးကို ကြော်ထားတယ်"

"သားက အဲဒါဖေကြီးနဲ့တူတာ သိလား၊ ဖေကြီး ငယ်ငယ်တုန်းကလည်း ဒီလိုပဲ၊ အစားသိမ်လောဘကြီးတာ၊ ထမင်းစားနေရင်း မီးပျက်လို့ကတော့ ဖေကြီးအကြိုက်ပဲ၊ သူများပန်းကန်ထဲက ဟင်းတွေ နှိုက်ယူတာလေ"

သားက သူ့အဖေပြောသည်ကို မျက်လုံးတောက်တောက်လေးတွေဖြင့် စိတ်ဝင်တစား နားထောင်ကာ သဘောကျ ရယ်မောပါသည်။

"သမီးကတော့ မေမေကြီးနဲ့တူတာ၊ အမျှင်တွေ ကြိုက်တာလေ၊ နော် မေမေ..."

"ဟုတ်ပ!"

မြသားက အလျှင်အမြန် ထောက်ခံလိုက်သောအခါ သမီးက ဂုဏ်ယူသောမျက်နှာလေးနှင့် ကျေနပ်သွားပါသည်။

ထမင်းပန်းကန်ကို သေသေသပ်သပ် ကျန်အောင်



www.burmeseclassic.com

www.burmeseclassic.com



စားပြီးသွားသောအခါ သမီးက ဘေစင်သို့ထသွားပြီး ပါးစပ်ကို ဆပ်ပြာနှင့် စင်ကြယ်အောင် ဆေးနေသည်။ သည်ကလေးမလေးကား သင်ထားသည့်အတိုင်း လူကြီးလေးတစ်ယောက်ပမာ တိကျသေချာစွာ လုပ်ကိုင်တတ်သည်။

သားကြီးကတော့ အငယ်မနှင့် ဆန့်ကျင်ဘက်။ ထမင်းစေ့တွေ ပြန့်ကျဲနေအောင် စားတတ်မြဲ။ အမေလစ်လျှင် လစ်သလို ပါးစပ်ကို ပြီးစလွယ်သုတ်ပြီး လစ်ထွက်သွားဖို့ ပြင်တတ်မြဲ။

"ဟိတ်…သားရေ၊ သမီးရေ…၊ ဘိုးကြီးတို့ ဘွားကြီးတို့အိမ်ဘက် မကူးနဲ့နော်၊ ဒီနေ့ ဘိုးကြီးဘွားကြီးတို့ ဥပုသ်စောင့်ကြတယ်၊ အနှောင့်အယှက် ဖြစ်မယ်နော်၊ ဒီဘက်မှာပဲနေနော်"

ထမင်းစားခန်းထဲမှ အလောတကြီး ထွက်ခွာဖို့ ပြင်သော သားနှင့်သမီးကို မြသားက လှမ်း၍ သတိပေးလိုက်ရသည်။

ခါတိုင်း ထမင်းစားခန်းမှာ သူမနှင့်အတူ ပါဝင်





လှုပ်ရှားပေးတတ်မြဲဖြစ်သော မေမေ့ကို သည်နေ့တော့ ဥပုသ်ယူထားသည်မို့ ကိုယ့်အိမ်မှာ ငြိမ်ငြိမ်နေဖို့ တောင်းပန်ထားရသည်။

မဟုတ်လျှင်တော့ မေမေသည် သူ့သားသမီးမြေးတွေစားသော ထမင်းဝိုင်းမှာ ကိုယ်တိုင်ပါဝင်ရမှ ကျေနပ်သူပါ။

သားအဖသုံးယောက် ထမင်းဝိုင်းမှ ထသွားသောအခါ မြသားက အိမ်နောက်ဖေးမှာ သိမ်းဆည်းဆေးကြောစရာ ရှိသည်များကို ညီမြကို ညွှန်ကြားရင်း ကိုယ်တိုင် ပါဝင်၍ လုပ်ကိုင်ရင်းက ကျန်ခဲ့သည်။

"မေမေရေ ရုပ်ရှင်လာပြီ၊ မြန်မြန်လာ"

သားအသံက ဧည့်ခန်းဆီမှ ပျံ့လွင့်ဝင်လာမှ မီးဖိုခန်းထဲမှ ကမန်းကတန်း လက်ဆေး၍ ထွက်လာခဲ့ရသည်။

ခုနစ်နာရီ ကိုးရီးယားကားက ဒီနေ့ကောင်းခန်းရောက်နေသည် မဟုတ်လား။ သည်အချိန်ရောက်တိုင်း မိသားစုလေးယောက် မလွတ်တမ်းကြည့်ဖြစ်ကြမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ထိုင် ဆိုဖာရှည်ကြီးပေါ်မှာ မြသား အတွက် ချန်ထားသော မိုးနံဘေးမှ နေရာလွတ်မှာ ဝင်ထိုင် လိုက်သည်။ သမီးက မိုး၏ တစ်ဘက်မှာ။ သားကတော့ မြသား၏နံဘေးမှာ။

ကြော်ငြာဝင်ချိန်ကတော့ ရုပ်ရှင်ရုံတွေမှာလို အားလပ် ချိန်ဖြစ်သည်။ မြသားက ထိုင်ရာမှထဖို့ ပြင်သောအခါ မိုးက ဆွဲထားရင်း...

""ဘယ်သွားဦးမှာလဲ မြသားရဲ့၊ ထိုင်နေပါတော့""

""ဩော်...ပန်းသီးသွားနွှာဦးမယ်လေ၊ ထမင်းစားပြီး အချိုတည်းရအောင်""

""စားမယ် မေမေ၊ မီး ပန်းသီးစားမယ်""

""သားလည်းစားမယ်""

သားနှင့်သမီးက တစ်ယောက်တစ်ခွန်း အော်ဟစ် လိုက်ကြသည်။ မြသားက 'တွေ့လား' ဟူသော သဘောဖြင့် မိုးကို မျက်ခုံးပင့်ပြရင်း ထိုင်ရာမှ ထလာခဲ့တော့သည်။

""အလုံးလိုက်ယူခဲ့၊ ဒီရောက်မှနွှာ""





""နို့...၊ ညှော်ခန်းထဲမှာ ညစ်ပတ်ကုန်မယ်၊ ခဏ လေးပါကွာ၊ သားရေ ရုပ်ရှင်လာရင် ခေါ်နော်""

""ခေါ်မယ် မေ""

ထမင်းစားခန်းထဲသို့ မြသား ခပ်မြန်မြန် ဝင်ခဲ့ပါ သည်။ ရေဆေးပြီး ရေခဲသေတ္တာထဲ ထည့်ထားသော ပန်းသီး တွေကိုထုတ်ကာ ကျွမ်းကျင်လျင်မြန်စွာဖြင့် အခွံနွှာသည်။

ပန်းကန်ပြားလှလှ တစ်ချပ်မှာ အနေတော်အစိပ်လေး တွေ လှီးထည့်ပြီး လင်ပန်းတစ်ခုထဲမှာ ပန်းသီးပန်းကန်နှင့် လက်သုတ်ပဝါ ပန်းကန်တင်ကာ ခဏအတွင်း ပြန်ထွက်လာ ခဲ့ပါသည်။

ညီမြကို နိုင်းလျှင် ရပါသော်လည်း မြသားရဲ့အကျင့် က တစ်မျိုး။ ကိုယ့်လင်သား၊ ကိုယ့်သားသမီး၏ ကိစ္စများကို ဖြစ်နိုင်လျှင် ကိုယ်တိုင်ကိုယ်ကျသာ လုပ်ချင်သည်။

နောက်တစ်ကြိမ် ကြော်ငြာဝင်သောအခါ မြသား ထရပြန်သည်။

""ဘာလုပ်ဦးမလို့လဲ""



www.burmeseclassic.com

“အားဆေး သွားယူရဦးမယ်လေ၊ ကလေးနှစ်ယောက်အတွက်ရော ကလေးအကြီးဆုံးကြီး အတွက်ရော”

မိုးက သူ့ကို ကလေးအကြီးဆုံးကြီးဆိုတာကြောင့် ကျေနပ်နှစ်သိမ့်စွာ ပြုံးပါသည်။

ရှစ်နာရီခွဲသွားသောအခါ ကလေးနှစ်ယောက်ကို အပေါ်ထပ်သို့ သိမ်းသွင်းခေါ်ဆောင်လာခဲ့ရသည်။ တီဗီမှာ စလောင်းမှာ ဘယ်လောက်ပဲ ကားကောင်းနေပါစေ ကျောင်းတက်ရမည့်ရက်ဆိုလျှင် ရှစ်နာရီခွဲသည်နှင့် သူတို့ အိမ်ပေါ်တက်ကြရပြီး သွားတိုက်၊ ခြေလက်ဆေးကြောကာ အိပ်ရာဝင်ဖို့ လုပ်ရလေသည်။

သူတို့လေးတွေ ရေချိုးခန်းဝင်နေသည့်အခိုက် မြသားက အိပ်ခန်းအသီးသီးသို့ဝင်ကာ အိပ်ရာခါ၍ ညဝတ်အကျီတွေ အဆင်သင့် ထုတ်ထားပေးရသည်။

ပြီးလျှင် တစ်ယောက်ပြီးတစ်ယောက်ကို အဝတ်လဲပေးပြီး ဘုရားရှိခိုး၍ အိပ်ရာဝင်စေသည်။ နှစ်ယောက်လုံး ဘုရားရှိခိုးကို ကျောင်းမှာ မနက်တိုင်းဆိုရသည့်အတိုင်း အဆ





ထွက်၍ အစအဆုံး ရွတ်ဆိုတတ်လေရာ တံခါးဝမှ အဆုံးထိ ရပ်နားထောင်ရင်း မြသား ပီတိဖြစ်ရမြဲဖြစ်ပါသည်။

ဘုရားရှိခိုးအပြီး လုံလုံခြုံခြုံ ဝတ်ထားသော ခန္ဓာကိုယ်လေးများအား စောင်နွေးနွေးအောက် အသေအချာ သွတ်သွင်းရောက်ရှိစေပြီးမှ တစ်နေ့တာအတွက် အိပ်ရာဝင် နှုတ်ဆက်အနမ်း ဖွဖွပေးကာ မြသား အပေါ်ထပ်မှ ပြန်ဆင်းခဲ့ပါတော့သည်။

ကလေးတွေ အိပ်ရာဝင်ကုန်သော သည်အချိန်ကတော့ တီဗီကြည့်သော မိုး အနားမှာ အဖော်လုပ်ရင်း ကိုယ့်ကျောင်းမှ စာတွေကို ဖတ်ရမှတ်ရသော အချိန်ပင်ဖြစ်ပါသည်။

မနက်ဆိုလျှင် ကားတစ်စီးဖြင့် ကျောင်းထွက်သွားပြီး သင်ခန်းစာတွေဖြင့် လုံးထွေးနေသော မြသားသည် တက္ကသိုလ် ဆရာမ၊ Ph.D သင်တန်းသူတစ်ယောက် ဖြစ်နေပေမယ့် အိမ်ပြန်ရောက်လာသည်နှင့် အိမ်ရှင်မတစ်ယောက်နေရာသို့ အလိုအလျောက် ပြန်ရောက်သွားရလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေတာဝန် ခေတ္တပြီးဆုံးသော ညအချိန်မှ နေ့လယ်က ကိုယ့်ကျောင်းစာတွေကို အပြေးအလွှား ကျက်မှတ်ရလေ့ရှိသည်။

ကိုယ့်ဘဝရည်မှန်းချက်အတိုင်း တစ်ဘက်မှ အိမ်ထောင့်တာဝန်ကိုလည်း ကျေစေရင်း တက္ကသိုလ်ဆရာမလေး ဖြစ်လာနိုင်ခဲ့သော မြသား အခုတစ်ကြိမ် ဘဝရည်မှန်းချက်သည် Ph.D ဘွဲ့ဆိုတာ ဖြစ်လာခဲ့ပြန်ပြီမဟုတ်လား။

မိုးကလည်း အားပေးသလို ဖေဖေနှင့်မေမေကလည်း မြသားအတွက် အနောက်ဘက်မှ ကျောထောက်နောက်ခံပေးရင်း မြသားရည်မှန်းချက်မှန်သမျှ ဖြည့်ဆည်းပေးဖို့ အဆင်သင့်ရှိကြလေသည်။

မြသား စာကျက်လျှင် မိုးက ကော်ဖီဖျော်ပေးလေ့ရှိပါသည်။ မြသား စာကျက်၍ မပြီးမချင်း တီဗီကြည့်ရင်းဖြင့် စောင့်တတ်သည်။ တစ်ခါတစ်ရံ ဒရင်းဘက်ပေါ်မှာ မိုးခမျာ အိပ်ပျော်နေရှာ၏။

သည်လိုအခါမျိုးမှာတော့ မိုးအား ကရုဏာသက်စွာ



မြသားက စာအုပ်သိမ်း၍ အိပ်ရာဝင်ဖို့ ပြင်ရပါသည်။

သည်နေ့တော့ မိုးသည် မျက်လုံးကျယ်စွာဖြင့် မြသား စာကျက်အပြီးကို စောင့်နေသည်။

အိပ်ရာထဲရောက်၍ မိုး၏ ဘယ်လက်ရုံးပေါ် ခေါင်းအုံးအိပ်ဖို့ ပြင်စဉ်မှာတော့ မိုးက မြသားကို အံ့သြစရာကောင်းသော စကားကို ဆိုလာခဲ့သည်။

"သား…၊ မောင် ဒီနေ့ ဘယ်သူနဲ့ ပြန်တွေ့တယ် ဆိုင်လဲ"

သူမ အိပ်ချင်နေရာမှ မျက်လုံးကျယ်ကာ ခေါင်းထောင်သွားရပါသည်။

"ဘယ်သူလဲ"

ညအိပ်မီး ပြာလဲ့လဲ့အောက်မှာ မိုးက ပဟေဠိဆန်စွာ ပြုံးနေသည်။

"သား မှန်းကြည့်"

မြသား မိုးမျက်နှာကို စိုက်ကြည့်ရင်း အဖြေရှာသည်။ အံ့သြစရာကောင်းစွာပင် အမည်နာမတစ်ခုက သူ့နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ရှာခေါ် ရောက်လာသည်။

"မေ..ခါး"

"ဟုတ်တယ်"

မိုးက သူမအဖြေ တည့်တည့်ကြီးလာမှန်သည့်အတွက် အံ့သြဝမ်းသာစွာ ရေရွတ်လိုက်သည်။

မြသားက အိပ်ရာပေါ် ငေါက်ခနဲ ထထိုင်လိုက်မိသည်။

"ဟယ်...တကယ်၊ ဝမ်းသာလိုက်တာ၊ ဘယ်မှာတွေ့တာလဲဟင်၊ သူဘာလုပ်နေလဲ၊ မြန်မြန်ပြောပါ"

မိုး လက်မောင်းကို လှုပ်ခါ၍မေးရင်း ဝမ်းသာတုန်လှုပ်စွာဖြင့် မြသား ရင်ခုန်နှုန်းတွေပင် မြန်လာပါသည်။

"သူ မောင်တို့ ကုမ္ပဏီကို ရောက်လာတာ၊ Reservation Manager အဖြစ်နဲ့၊ ဒီနေ့ Boss က လိုက်မိတ်ဆက်ပေးတော့မှ မောင်လည်းသိတာ"

"ဟုတ်လား၊ တိုက်တိုက်ဆိုင်ဆိုင်နော်၊ သူကရော အံ့သြမသွားဘူးလား"



"အင်း အံ့သြမှာပေါ့၊ မောင်တော့ တော်တော်အံ့သြသွားတယ်"

"မေခါး ဘယ်လိုပုံဖြစ်နေလဲဟင်၊ သား သူ့ကိုတွေ့ချင်လိုက်တာ"

"သူကြည့်ရတာ အဆင်ပြေပုံရပါတယ်၊ အရင်ကနဲ့တော့ တခြားစီပဲ၊ ကိုယ်ပိုင်ကားတွေ ဘာတွေနဲ့၊ သူ့ဗစ်စစ်တင်းကဒ် ပေးလိုက်တယ်၊ မောင်လည်း ပြန်ပေးခဲ့တယ်"

"သားကို မမေးဘူးလားဟင်"

"မေးပါတယ်၊ သူ လာလည်လိမ့်မယ်၊ ပိတ်ရက်တစ်ရက်ရက်လောက် သူ့ကို အိမ်မှာထမင်းစား ခေါ်လိုက်ပေါ့"

"အင်း၊ အဲဒါကောင်းတယ်နော်"

"ကဲ အိပ်တော့ အိပ်တော့၊ မနက်လည်း ကျောင်းသွားရဦးမှာ မဟုတ်လား"

မြသားက မိုးစကားအတိုင်း အိပ်ရာထက် ပြန်လှဲလိုက်ရသော်လည်း အိပ်ချင်စိတ် လုံးလုံးမရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာ ကောင်းလိုက်တာနော် မိုး၊ နှစ်တွေ အကြာကြီး ပျောက်ချက်သားကောင်းနေတဲ့ လူတစ်ယောက်က တွေ့မယ့်တွေ့တော့လည်း ကိုယ့်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာတာ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေး ဆိုတာ သိပ်မှန်တာပဲနော်"

ညအမှောင်ထဲမှာ မြသား တိုးတိုးလေး ရေရွတ်နေမိသည်။ မိုးထံမှ ဘယ်လိုမှတ်ချက်မျိုးမှ မကြားရချေ။

အိပ်မပျော်နိုင်တော့သော မြသားသည် မေခါးနှင့်စတင်ဆုံစည်းဖြစ်ခဲ့သည့် အတိတ်ကငယ်ဘဝအကြောင်းကို ပြန်ပြောင်းတွေးတော နေမိလေတော့သည်။



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



မေခါးက ခြောက်တန်းနှစ်မှာ မြသားတို့ကျောင်းသို့ ပြောင်းလာသော ကျောင်းသူအသစ်တစ်ယောက် ဖြစ်သည်။

အသားညိုကာ ရှိရင်းစွဲရုပ်ကလေးက မဆိုးလှပေမယ့် တစ်လောကလုံးကို အလိုမကျဟန်ရှိသည့် မှုန်ကုပ်ကုပ် သူ့မျက်နှာထားက သူ့ရုပ်သွင်လေးကို ဖျက်ဆီးနေခဲ့သည်ဟု မြသားထင်သည်။

မေခါးဟူသော ကြားရုံနှင့် ဖျားသွားနိုင်သော နာမည်ဆန်းဆန်းနှင့် သူ့မျက်နှာထားတို့ကြောင့် ကျောင်းသူအသစ်ဖြစ်တာကို အကြောင်းပြချက်ထားကာ အတန်းထဲမှာ မေခါးကို ခင်မင်နှစ်လိုမှု မရှိလှပါ။





အဝတ်အစား ခပ်မွဲမွဲနှင့် နွမ်းပါးပုံလည်းရသော မေခါးကို မြသားကတော့ ဘယ်လိုသဘောနှင့်မှ မဟုတ်သော်လည်း ကိုယ့်အပေါ်ခင်မင်နှစ်လိုစိတ် မရှိဘူးထင်တာကြောင့်ပင် ကိုယ်ကလည်း ဘာသိဘာသာ နေဖြစ်ခဲ့ပါသည်။

မေခါးက မြသား၏နောက်ခုံမှာ ထိုင်တာကြောင့်လည်း ပို၍အာရုံမထားမိဘဲ ရှိခဲ့သည်။

သို့သော်လည်း သူ့ရှေ့တည့်တည့်မှာရှိနေသည့် မြသားကိုတော့ မေခါးက မှုန်တေတေမျက်လုံးများဖြင့် တောက်လျှောက် စူးစမ်းစောင့်ကြည့်နေခဲ့မှန်း သိပ်မကြာခင်မှာ သိရတော့သည်။

ထိုနေ့က မုန့်စားကျောင်းပြန်တက်၍ မြသား ကိုယ့်နေရာကိုယ် ပြန်လာထိုင်သည်။ မေခါးကိုတော့ သူ့နေရာမှာ ထိုင်နေတာ တွေ့မိသားပင်။

ဆရာမ မဝင်သေးသည်မို့ ဘေးမှ၊ ရှေ့မှ သူငယ်ချင်းများနှင့် စကားပြောနေခဲ့သည်။ သည်အချိန်အထိလည်း တစ်စုံတစ်ယောက်က ကိုယ့်ကိုအကြီးအကျယ် ရန်လိုရှုစိမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိမပြုမိသေး။

နောက်တော့မှ ကျောဘက်ဆီမှ တစ်ယောက်ယောက်ကို အကြီးအကျယ် မကျေမနပ် ရန်တွေ့နေသော မေခါးအသံကို ကြားမိသလိုရှိသည်။

သို့သော်လည်း ကိုယ့်ကိုဟု လုံးဝမထင်။ ထင်နေလို့လည်းမရ။ သူနှင့်ကိုယ်နှင့်မှ ဘာမျှဖြစ်မထားဘဲ။

"ဟဲ့ မေခါး၊ နင် ဘယ်သူ့ကို ရန်တွေ့နေတာလဲ"

မေခါးနံဘေးမှ နှင်းနှင်းက မေးသံကြားသောအခါ ဘာရယ်မဟုတ် လှည့်ကြည့်ရှုးစမ်းလိုက်မိသည်။

မေခါးက မြသားမျက်နှာကို စိမ်းစိမ်းကြီး စိုက်ကြည့်ကာ…

"ဘယ်သူရှိရမှာလဲ၊ သူ့ကိုပေါ့"

ဟု တည့်တည့်ကြီး ပြောချလိုက်လျှင် မြသားမျက်လုံးများပင် ပြာဝေသွားသည်အထိ အံ့သြတုန်လှုပ်သွားရပါသည်။

"ဟယ်…ငွေစင်မြသား၊ နင့်ကိုတဲ့"



"ငါ့ကို…၊ ဘာဖြစ်လို့လဲ၊ ငါနဲ့နင်နဲ့ ဘာမှ မှမဖြစ်တာ…"

သူမ တအံ့တသြ ငြင်းဆိုမိသည်။ မဖြစ်ချင်ပါဘူး။ သူများနှင့် ရန်ဖြစ်ရသည်ဆိုတာ ကောင်းတာမှမဟုတ်တာ။

သို့သော်လည်း မေခါးက မြသားကို မုန်းတီးရန်လိုသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ…

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ နင်ရှေ့ကနေ ထိုင်ခုံကို ဆောင့်တွန်းလိုက်လို့ ငါ့ဘောပင် အောက်ပြုတ်ကျပြီး ဘောစေ့ဝင်သွားပြီ၊ ရေးလို့မရတော့ဘူး၊ အရှေ့မှာထိုင်ပြီး ငြိမ်ငြိမ်မနေဘူး၊ တလှုပ်လှုပ်တရွရွနဲ့၊ ကြည့်လို့ကို မရဘူး"

"ဘုရားရေ…၊ ဘယ်တုန်းကလဲ၊ ငါ ဘယ်တုန်းက ထိုင်ခုံကို ဆောင့်တွန်းမိလို့လဲ၊ ဒီမှာ နင့်စားပွဲနဲ့ ငါ့ထိုင်ခုံ အဝေးကြီးကို၊ ပြီးတော့-ငါ ဘယ်တော့မှ…"

မြသား စကားမဆုံးလိုက်ရပါ။ မေခါးကဖြတ်ပြီး ဒေါသတကြီးနှင့်…

"နင်လုပ်လိုက်တာ၊ သေချာတယ်၊ နင်က ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး မိုးမမြင်လေမမြင် ဖြစ်နေပေမယ့် ငါက နောက်က နေရတဲ့သူ၊ နင်လုပ်တာ နင်ဘယ်သိပါ့မလဲ''

မြသား ဇဝေဇဝါ ဖြစ်သွားရသည်။

''နေပါဦး၊ ဘယ်အချိန်တုန်းကလဲ''

''မုန့်စားဆင်းတုန်းကလေ၊ နင် ခုံကိုပိတ်တွန်းပြီး ထွက်ပြေးသွားတာ''

မြသား တကယ်ပင် မမှတ်မိပါ။ သည်လို နမော်နမဲ့ ပရမ်းပတာ ဘယ်တုန်းကမှ လုပ်လေ့မရှိသလို ဖြစ်မိသွားသည်ဆိုလျှင်လည်း တကယ့်ကို မတော်တဆသာ ဖြစ်ပါလိမ့်မည်။

''အဲဒါဆို အဲဒီတုန်းက ဘာလို့နင်မပြောတာလဲ''

မေခါး မျက်လွှာချပစ်လိုက်ပြီးနောက်...

''မပြောချင်လို့''

ဟု ဘုကျကျဖြေသည်။

ကိုယ်မလုပ်တာ ကိုယ့်ဘာကိုယ် သေချာနေပေမယ့်လည်း မြသား သူနှင့်ပြိုင်၍ ငြင်းခုန်မနေချင်တော့။ သည်





အချိန်ထိ ဘယ်အတန်းသားနှင့်မှလည်း ရန်မဖြစ်ဘူးတာမို့ ရန်လည်း မဖြစ်တတ်။

အခုပင် တစ်ယောက်စ နှစ်ယောက်စ ကွက်ကြည့် ကွက်ကြည့် လုပ်လာပြီမို့ မြသား ရှက်လှပါပြီ။

''အေးလေ၊ ငါ မသိလိုက်ပေမယ့် ငါလုပ်တယ်ပဲ ထားလိုက်ပါတော့၊ နင့်ကို ဘောပင်တစ်ချောင်း အစားပြန် လျော်ပေးပါ့မယ်''

ပြောပြီးသည်နှင့် မြသား တစ်ဖက်ပြန်လှည့်လိုက်သည်။ ထိုင်ခုံကိုလည်း မေခါး စားပွဲခုံနှင့် အဝေးဆုံးဖြစ်အောင် ရှေ့သို့ ရနိုင်သမျှ ဆွဲကပ်ထားလိုက်မိသည်။

အကြောင်းမဲ့ကြီး ပြဿနာထရှာသော မေခါးဆိုသည့် ကျောင်းသူသစ်ကို မုန်းမိသည်နှင့်အမျှ ကြောက်လည်း ကြောက်သွားမိသည်။ တတ်နိုင်သမျှ သူနှင့် မပတ်သက်အောင်နေဖို့ကိုလည်း ဆုံးဖြတ်လိုက်မိသည်။

သို့သော်လည်း တစ်ချိန်တည်းမှာပင် ထိုခံစားချက်နှင့် ဆန့်ကျင်ဘက် ခံစားချက်တစ်မျိုးကလည်း ဒွန်တွဲဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဖောပြန်သည်။

မေခါးနှင့် မိတ်ဆွေသူငယ်ချင်းဖွဲ့လိုသော စိတ်ပင်။ မြသားစိတ်ထဲမှာ မေခါး နောက်ထပ်ပြဿနာ ရှာလာဦးမှာကို စိုးနေသည်။

မေခါး၏ အေးစက်စက်မာကျောကျော မျက်ဝန်းတွေကို ကြောက်လှသည်။ ထိုမျက်ဝန်းတွေထဲမှာ မြသားအပေါ် မုန်းတီးရန်လိုမှုတွေကို အထင်းသားမြင်တွေ့နေရသည် မဟုတ်လား။

သိတတ်စအရွယ်ကတည်းက လူတကာ၏ ချစ်ခင်နှစ်သက်မှုကိုသာ ခံယူခဲ့ရသည်ဖြစ်ရာ မြသားမှတ်မိသလောက် မေခါးသည် သူမကိုမုန်းသော ပထမဦးဆုံးလူသားပင်။

ဒါကြောင့်မို့လည်း မေခါး အမုန်းက မြသားကို အနေရအထိုင်ရ ခက်စေလှသည်။

နောက်တစ်နေ့ ကျောင်းရောက်သောအခါမှာတော့ မြသားက မေခါးကို အသစ်ဝယ်လာသော ဘောပင်





အကောင်းစားလေးတစ်ချောင်း ပြန်၍ အလျော်ပေးလိုက်သည်။

သည်နောက်မှာတော့ အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် မြသားတို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်သွားကြသည်။

နှစ်ယောက် ခင်မင်သွားကြသောအခါမှ မေခါးက ထိုနေ့က- အဖြစ်အပျက်အတွက် ပြန်၍ဝန်ခံသည်။

ထိုနေ့က မုန့်စားဆင်းချိန် သူ့အိမ်အပြန်မှာ အိမ်မှာစားဖို့ ထမင်းမရှိတာကြောင့် စိတ်ဆိုးပြီးပြန်လာခဲ့တာတဲ့။ အခန်းရောက်တော့မှ သူ့ဘောပင် အောက်ကျပျက်ဆီးနေတာတွေတော့ မြသား လုပ်တာပဲဟု ကိုယ်တိုင်မမြင်ဘဲ ရမ်းသမ်းစွပ်စွဲမိတာတဲ့။

မြသားသည် မေခါးစိတ်ဓာတ်ကို တအံ့တဩဖြစ်မိသော်လည်း ခင်မင်လက်စဖြစ်နေပြီမို့ မေ့ပစ်ဖို့သာ ကြိုးစားလိုက်သည်။

နောက်ပိုင်းမှာ မြသားနှင့် မေခါးတို့ပို၍ ခင်မင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မြသားက ပေါင်းသင်းဆက်ဆံပြီးဖြစ်ရာ တခြားသောအတန်းဖော်များကပါ မေခါးနှင့် သူငယ်ချင်းလုပ်လာကြသည်။

နေ့လယ်ထမင်းစား ကျောင်းဆင်းပြီဆိုလျှင် ကျောင်းနှင့် အလွန်နီးလှသော မေခါး၏အိမ်မှာ ထမင်းဘူးကိုယ်စီယူလျက် ထမင်းလိုက်စားကြသည်။

အိမ်ကိုရောက်ဖူးမှ မေခါး၏ရုစ်ခေါက်ချိုးနေသော အလိုမကျသည့် မျက်နှာကို နားလည်သဘောပေါက်ရသည်။

မေခါးမှာ အဖေနှင့်အမေ ကွဲကွာနေကြသည်။ မေခါးက အမေနှင့်နေသည်။ ညီအစ်ကိုမောင်နှမတွေ အများကြီး ဖြစ်သည်။ ဘုစုခရုလေးတွေလည်းပါ၏။

အမေကား ဘာမှ မယ်မယ်ရရ အလုပ်မရှိသည့် မေခါး၏အိမ်လေးကား နွမ်းပါးစုတ်ချာလှသည်။ တစ်စက် ပျော်စရာကောင်းမည်မထင်။ ဒါကြောင့်လည်း မေခါးမျက်နှာသည် မေခါး၏ခံစားချက်တို့ ထင်ဟပ်သရုပ်ပေါ်နေခြင်းဖြစ်သည်။





အိမ်ပြန်ထမင်းစားသော မေခါးမှာ ဟင်းဆို၍ မယ်မယ်ရရမရှိ။ သို့သော်လည်း မြသားတို့တစ်သိုက်သည် မေခါးအိမ်ထမင်းဝိုင်းလေးမှာ ပျော်ခဲ့ကြသည်။

နေ့လယ်ကျောင်းဆင်းတိုင်း မှန်မှန်ထမင်းလိုက်စားမြဲပင်။ မေခါးဘဝကို သိရသောအချိန်မှစ၍ မေခါးအပေါ်မှာ သူမပို၍ လိုက်လိုက်လျောလျော ဆက်ဆံခဲ့မိသည်။

မေခါးသည် နှလုံးလှသူတစ်ယောက်မဟုတ်မှန်း သိသော်လည်း ထိုအချက်ကို အမြဲလျစ်လျူရှုဖို့သာ ကြိုးစားခဲ့ပါသည်။

ကျောင်းပိတ်ရက်တစ်ရက်မှာတော့ မေခါးကို အိမ်အလည်ခေါ်မိသည်။ မြသား၏ ပြည့်စုံတည်ဝါသော အိမ်သို့ဝင်ရောက်လျှင် မေခါးမျက်ဝန်း မှုန်မှုန်မှိုင်းမှိုင်းတွေ အရောင်တစ်ဖျတ်ဖျတ် လင်းလက်တောက်ပကုန်ကြသည်။

ခဏနေလျှင်တော့ ထိုမျက်ဝန်းသည် နာကြည်းချက်ကျေနပ်ချက်များနှင့် ပြည့်နှက်နေသော ပင်ကိုယ်မျက်ဝန်းများ ပြန်ဖြစ်သွားကြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



""နင်က သိပ်ပြည့်စုံပဲနော်၊ နင့်ဘဝကြီးက မနာလိုချင်စရာကောင်းလောက်အောင် အားကျမက်မောစရာကောင်းလိုက်တာ၊ ငါလည်း နင့်လိုသိပ်ချမ်းသာချင်တာပဲ၊ လောကကြီးက မတရားဘူးနော်၊ ငါ့ကျတော့ ဘာလို့ ဒီလောက်ကံဆိုးရတာလဲ""

မေခါး မကျေမချမ်း ရေရွတ်သော စကားသံကို မြသား မှတ်မိကြားယောင်နေမိပါသည်။

ကျောင်းပိတ်ရက်တိုင်းလိုလို မေခါး မြသားအိမ်ကို လာလည်လေ့ရှိသည်။ သူမတို့နှစ်ယောက် အပြင်ထွက်၍ စက်ဘီးလျှောက်စီးကြသည်။

မြသားမှတ်မိသလောက် မေခါးက သူမကို အနိုင်ကျင့်သည်ချည်းသာ ဖြစ်သည်။ စက်ဘီးဆိုလျှင်လည်း သူချည်း စီးချင်သည်။ ဘာတမ်းပဲကစားကစား ကလိမ်ကကျစ်ကျသည်သာပဲဖြစ်၏။

ကိုယ့်အိမ်မှာ လာဆော့သည့် ညှော်သည်မို့ မြသားက အမြဲသည်းခံ ခွင့်လွှတ်ခဲ့ပါသည်။



တစ်ရက်တော့ မေခါးလုပ်လိုက်တာကြောင့် လက်သည်းဆိုးဆေးပုလင်းကြီး ညှို့ခန်းအလယ်တည့်တည့်မှ ဖယောင်းပုဆိုးခင်း (အဲဒီတုန်းက အကောင်းဆုံးကြမ်းခင်းဖြစ်သော) ပေါ် မှောက်ကျသွားသည်။

နှစ်ယောက်သား ဘာလုပ်ရမှန်းမသိဘဲ မျက်လုံးပြူးမျက်ဆံပြူးဖြစ်နေချိန်မှာ ညှို့ခန်းထဲဝင်လာသော မေမေ မြင်သွားတော့သည်။

""ကြည့်စမ်း...၊ ဒါ ဘယ်သူလုပ်လိုက်တာလဲ""

မေခါးက ထိတ်လန့်တုန်လှုပ်နေသော မျက်လုံးအစုံဖြင့် မြသားကို အားကိုးတကြီး ကြည့်သည်။

""သား လုပ်လိုက်တာပါ မေမေ""

ကိုယ့်ဘာကိုယ် မဆုံးဖြတ်ရသေးခင် လွှတ်ခနဲနှုတ်မှ ထွက်ခဲ့ပြီးသား ဖြစ်သွားသည်။

မေမေကား သူ့အိမ်ပစ္စည်းတွေကို စိန်ရွှေငွေတမျှ တန်ဖိုးထားမှန်းသိလျက် မေမေ အပြစ်ပေးမှုကို ခံယူဖို့ဝန်မလေးသော သတ္တိသည် မြသားကိုယ်ထဲ ဘယ်ကဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာမှန်းမသိ။

"ကျေးဇူးတင်လိုက်တာဟာ၊ နင်သာဝင်မပြောပေးရင် အန်တီက ငါ့ကို စိတ်ဆိုးမှာသေချာတယ်၊ ငါ နောက်တစ်ခါ နင့်အိမ်လာလည်လို့ ရတော့မှာမဟုတ်ဘူး၊ နင်တော့ အရိုက်ခံရတော့မယ် ထင်တယ်နော်"

ပြန်ခါနီးမှာ မေခါးက မြသားကို ကျေးဇူးတင်စကား ပြောသည်။

"ရပါတယ်ဟာ၊ ခေါင်းထဲမှာ မထားပါနဲ့၊ သူ့ ပစ္စည်းတွေကို နမြောပေမယ့် မေမေက နင့်ကို ချစ်ပါတယ်၊ နောက် လာမလည်ဘဲ မနေနဲ့ဦးနော်"

ကိုယ်အပြစ်ဒဏ်ပေးခံရမှာကို မေ့လျော့ကာ စိတ်ပူစွာ မှာကြားလိုက်မိသေးသည်။ တစ်ဦးတည်းသော သမီးဖြစ်သည်မို့ မြသားမှာ အဖော်ခင်မင်လှပါသည်။

ငယ်ကတည်းက တွေ့ရာလူကို ပေးကမ်းကျွေးမွေး၍ အောက်ကျခံကာ အဖော်လုပ်ပေါင်းလေ့ရှိသည်။

သူငယ်ချင်းတွေဆိုလျှင်လည်း ဒီအတိုင်းပင်။





အားလုံးအပေါ် နှိမ့်ချ၍ ခင်ခင်မင်မင် ပေါင်းလေ့ရှိသည်။ ဒါကြောင့်လည်း မြသားမှာ ချစ်သူခင်သူတွေ ပေါများခြင်း ဖြစ်သည်။

ထိုအထဲမှာ မေခါးကား အိမ်တိုင်ရာရောက် အဖော် လာလုပ်ပေးသူဖြစ်ရာ အားလုံးထက် သူမ အဖက်တွယ်ရဆုံး အဖော်အဖြစ် ဖြစ်မှန်းမသိဖြစ်လာခဲ့သည်။

မေခါးပြန်သွားသောအခါ မြသား အရိုက်မခံရပါ။ ဘယ်တုန်းကမှ လိမ်ညာမပြောဖူးသည့် သမီး၏မျက်ဝန်းများကို မေမေနားလည်နေရာ သူငယ်ချင်းအတွက် ကိုယ်စားခံပေးခြင်းဖြစ်ကြောင်း မေမေ သိရှိခဲ့ပါသည်။

"ငါ့သမီးလေးက သူတစ်ပါးအပေါ် သိပ်စိတ်ကောင်း နှလုံးကောင်းရှိလွန်းတယ်၊ ဒါဟာ ကောင်းတဲ့အကျင့်ရိုက်ပေမယ့် ဒီအချက်ဟာ ကိုယ့်ရဲ့အားနည်းချက်တော့ မဖြစ်စေနဲ့၊ သူများကလည်း ကိုယ့်ကိုအသုံးချမယ့် ပျော့ကွက်တစ်ခု ဖြစ်မလာစေနဲ့"

ဟု ထိုစဉ်က သူမနားမလည်သော စကားလုံးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေက မြသားကို ဆုံးမခဲ့သည်။

သည်လိုနှင့် မြသားတို့တစ်တွေ အထက်တန်းကျောင်းသူဘဝကို ရောက်လာသည်။

သည်ကြားထဲမှာ မေခါး အမေက နောက်ယောကျ်ား ယူလိုက်ပြန်ရာ ပထွေးက သောက်သောက်စားစားနှင့် လောက်လောက်လားလားလည်း မဟုတ်သည်မို့ မေခါးမှာ စိတ်ညစ်စရာတစ်ခု ပိုလာပြန်လေသည်။

အိမ်မှာနေလိုစိတ်မရှိတော့သည်မို့ ကျောင်းပိတ်ရက်များမှာ သူ့အိမ်ကို မြသားနှင့်အတူ စာကျက်မည်ဟုအကြောင်းပြပြီး မြသားအိမ်မှာ လာအိပ်တတ်သည်။

တကယ်တမ်း မေခါးလုပ်သည်က ဗီဒီယိုခွေငှား၍ ညလုံးပေါက် ထိုင်ကြည့်ခြင်းပင်။

မြသားသည် အချိန်ပြည့် အဖော်လိုချင်သူဖြစ်ရာ မြသားအိမ်သည် မေခါးအတွက် စိတ်ကြိုက်ထွက်ပေါက် တစ်ခု ဖြစ်နေရပါသည်။

မြသား၏ မိဘများကလည်း စိတ်သဘောကောင်း





ကြသူများဖြစ်ကာ တစ်ဦးတည်းသော သမီးလေးအကြိုက် အလိုလိုက်အကြိုက်ဆောင်ဖို့ အဆင်သင့်ရှိကြသူများမို့ မေခါးကိုလည်း နွေးနွေးထွေးထွေးပင် ကြိုဆိုကြပါသည်။

အထက်တန်းကျောင်းသူဘဝမှာ မေခါးနှင့် သူမ အကြား သဘောထားကွဲလွဲစရာ ကိစ္စလေးတစ်ခုက အစပြုလာခဲ့သည်။

အပျိုဘော်ဝင်စ အရွယ်လှသွေးကြွယ်လာသော မြသားကို ပျားပိတုန်းလေးများက ဝိုင်းဝိုင်းလည်လာသော ပြဿနာပင်။

မေခါးက ထိုကောင်လေးတွေကို ကြည့်မရ။ မြသားက ပင်ကိုယ်ကပင် အားနာတတ်သူမို့ ပျော့ပျော့ပျောင်းပျောင်း ပြန်လည်ဆက်ဆံလျှင် မေခါး၏စိတ်ကောက်ရန် လုပ်ခြင်းကို ခံရလေ့ရှိသည်။

ဟိုလူ့ကို စကားမပြောနဲ့၊ ဒီလူ့ကို မပြုံးပြနဲ့ စသည်ဖြင့် ပညတ်ခံရသည်။ ကျူရှင်သွားတော့လည်း နှစ်ယောက် အတူတူပင်ဖြစ်ရာ ကျူရှင်အသွားအပြန် နောက်ကလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေနှင့် မေခါး ဒိုင်ခံရန်ဖြစ်တတ်၏။

နဂိုကမှ ဂျစ်ကန်ကန် မှုန်တေတေနှင့် ကြည့်မရသော မေခါးကို သူတို့နှင့် အတိုက်အခံဖြစ်လာသောအခါ ကောင်လေးတွေက မုန်းတီးလာကြတော့သည်။

"နင်က ဘာဖြစ်နေတာလဲ၊ နင့်နောက်လိုက်တာမှ မဟုတ်ဘဲ၊ ငွေစင်မြသားက ဘာမှမပြောရဘဲ နင်က အသားလွတ်စွာနေတာ၊ ဘာလဲ နင့်နောက်မလိုက်လို့ မနာလိုဖြစ်နေတာလား၊ ဟုတ်လား"

ရင့်သီးသီးပြောတတ်သော ဇေဇေဆိုသည့် ကောင်လေးစကားကိုတော့ မေခါးသာမက မြသားပါ ကြားထဲမှ နာကြည်းသွားမိပါသည်။

ရက်စက်လိုက်တာဟုတွေးမိပြီး မေခါး၏ တုံ့ပြန်ပေါက်ကွဲမှုကို မမြင်ရက်ရက် လှမ်းကြည့်မိဆဲ အံ့သြဖွယ်ရာကောင်းစွာပင် မေခါးက ထိုကောင်လေးကို မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် နှုတ်ခမ်းကိုက်ကာကြည့်ပြီး နေရာမှ ချာခနဲ လှည့်ထွက်သွားခဲ့လေသည်။



"ငွေစင်မြသား…၊ မင်းသတိထား၊ မင်းရဲ့အဲဒီ သူငယ်ချင်းက မင်းကို ကြိတ်မနာလိုဖြစ်နေတာ"

ဇေဇေ့စကားကိုပင် ဂရုမစိုက်နိုင်အားတော့ဘဲ မေခါးနောက်သို့ မြသား အပြေးအလွှား လိုက်ခဲ့မိသည်။

ကိုယ့်အတွက်နှင့် ကြားထဲမှ ရက်ရက်စက်စက် အပြောခံရသည့် မေခါးကို သနားစိတ်ဖြင့် ထိုညနေမှာပင် မေခါး စိတ်ချမ်းသာစေမည့် ကတိကို ပေးခဲ့မိသည်။

ဘယ်ယောကျ်ားလေးနှင့်မှ နောက်တစ်ခါ စကားမပြောတော့ပါဟု။

နောက်တစ်ရက်နှစ်ရက်အကြာမှာတော့ မေခါးကို ကျောင်းအပြန် စက်ဘီးနှင့် ဝင်တိုက်မှု၊ မြသားကို ရည်းစားစာပေးမှုတို့ဖြင့် ဇေဇေ ရုံးခန်းရောက်ကာ ကျောင်းမှထွက်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့် မြသားနှင့် မေခါး ဆယ်တန်းနှစ်သို့ ရောက်လာသည်။

မြသားက အိမ်မှာ ဆရာတွေခေါ်သင်နိုင်ပေမယ့် မေခါးကတော့ ဘတ်စ်ကားတွေတိုးဝှေ့စီးကာ မြို့ထဲမှလူအများနှင့် သင်ရသော ကျူရှင်တွေကို တစ်နေရာပြီးတစ်နေရာ လိုက်တက်ရလေသည်။

လွယ်အိတ်ရှည်ရှည်ကို စလွယ်သိုင်းလွယ်လျက် ထဘီကို အောက်မှာပုံနေအောင်ဝတ်ပြီး ဆံပင်ကို နောက်မှာ ဖြစ်သလိုစုစည်းထားတတ်သော မေခါးသည် ငယ်ငယ်က ထက်တော့ အများကြီးကြည့်ကောင်း ချောမောလာတာအမှန်





ပင်။

ကျူရှင်အသွားအပြန် သူမနောက် လိုက်လာသော ကောင်လေးတွေပင် ရှိပြီတဲ့။ မြသားက ရယ်စရာမောစရာ အဖြစ် စသောအခါ မေခါးက အလိုမကျဟန်ဖြင့် မျက်နှာကို မဲ့ပစ်ကာ...

"ဘာလုပ်ရမှာလဲဟာ၊ ငါ့နောက် ဘတ်စ်ကားစီးပြီး ခြေလျင်လျှောက်ပြီး လိုက်တဲ့လူကို ပြန်ကြိုက်ရင် ငါ တစ်သက်လုံး ခြေလျင်လျှောက်ပြီး ဘတ်စ်ကား တိုးစီးနေရမှာပေါ့၊ ငါက ချမ်းသာတဲ့လူကိုမှ ယူမှာ သိလား၊ ငါ တစ်နေ့ ချမ်းကိုချမ်းသာရမယ်"

ဟု သူမ၏ စူးရှရှ မျက်ဝန်းတွေကို ကျဉ်းမြောင်းစေကာ အလေးအနက် သံမိဋ္ဌာန်ချထားပုံနှင့် တုံ့ပြန်လေသည်။

စာမေးပွဲဖြေဖို့ နီးလာသောအခါ မေခါးက မြသားနှင့် နှစ်ယောက် အိမ်မှာလာ၍ စာကျက်သည်။

မြသားနှင့် မေခါးမှာ ခြားနားချက်က မြသားက ဉာဏ်ကောင်းသော်လည်း ရည်မှန်းချက်မပြင်းထန်လှ



www.burmeseclassic.com

www.burmeseclassic.com



မေခါးကတော့ ဉာဏ်မကောင်းလှသော်လည်း ရည်မွန်းချက်ကြီးသူ၊ ကြိုးစားအားထုတ်သူဖြစ်လေသည်။

နှစ်ယောက်အတူ စာကျက်ကြသည်ဆိုသော်လည်း မြသားကသာ မေခါးမသိသော စာတွေကို သင်ကြားပေးနေရတာများသည်။ ကိုယ့်အတွက်ကိုယ် စာကျက်ချိန်ဆိုတာမရှိလှ။

သူများကို စာတစ်ခေါက်ပြပေးလျှင် ကိုယ်တစ်ခေါက် ရတာပါပဲဟု သဘောထားလျက် ကိုယ့်လိုလည်းဝိုင်းကူမှရှင် မယူနိုင်သော မေခါးအပေါ် စေတနာထားကာကူညီပေးခဲ့ပါသည်။

စာမေးပွဲနီးလာသောရက်တွေမှာ နဂိုကဝီရိယနည်းသော မြသားသည် ပို၍ပင် အပျင်းကြီးလာသလိုထင်၏။ မေခါးစာကျက်ကောင်းနေချိန် ညနေတွေဆိုလျှင် အစောကြီးအိပ်ပျော်သွားတတ်သည်။

နိုးလာလျှင်လည်း မနက်မိုးလင်းနေပြီ ဖြစ်သည်။

မြသားအိပ်ရာမှနိုးလာတိုင်း မေခါးကား အိပ်မှအိပ်ရဲ့လားဟု ထင်ရအောင်ပင် စာကျက်နေလျက်သားသာ တွေ့ရ





တတ်သည်။

နိုးလာလျှင်လည်း လူက လန်းလန်းဆန်းဆန်းမရှိဘဲ ထိုင်းမှိုင်းလေးလံနေတော့သည်။ မေခါးနှင့်အတူ လိုက်ကျက်ဖို့စိတ်ပါသော်လည်း လူက မလိုက်နိုင်။

သည်လိုနှင့် စာမေးပွဲရက်တွေ ရောက်လာတော့သည်။ ပထမနှစ်ရက်မှာ အဖြေနိုင်ကြီးဖြေနိုင်သည်မို့ ပျော်ရွှင်တက်ကြွနေသော မေခါးသည် တတိယမြောက်ရက်မှာတော့ စာမေးပွဲခန်းထဲ မူးလဲတော့သည်။

အောင်မှတ်ရအောင် ဖြေထားလိုက်နိုင်ပေမယ့် နောက်ဖြေရမည့် ဘာသာတွေကို ကောင်းစွာမကျက်မှတ်နိုင်တော့။

အိပ်ရာထဲ ပက်လက်သာကျက်နိုင်ပြီး အစောကြီးပင်ပန်းနွမ်းနယ်စွာ အိပ်ပျော်သွားတော့သည်ဖြစ်ရာ နောက်နေ့တွေမှာ မေခါး၏အားရရွှင်လန်းသော မျက်နှာကို မတွေ့ရတော့။

စာမေးပွဲအောင်စာရင်းတွေ ထွက်သောအခါ မြသားက တစ်ဘာသာဂုဏ်ထူးပါလျက် မေခါးကတော့ ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ ပါမလာချေ။

အမှတ်ချင်းကလည်း မြသားက လေးရာကျော်နှင့် မေခါးက သုံးရာ့ရှစ်ဆယ်ကျော်ဖြစ်ရာ သိပ်မကွာလှသည့် လိုင်းတစ်ခုတည်း အတူတူရနိုင်သည့်အရေးကို တွေးကာ မြသားက ဝမ်းပမ်းတသာ ဖြစ်နေရသေးသည်။

မေခါးကတော့ နဂိုကပင် ရည်မှန်းချက်ကြီးမားသူမို့ MCတွေ YITတွေ မချိတ်နိုင်တာ သေချာသော သူ့အမှတ်ကို ကျေနပ်အားရပုံ မရချေ။

အကြီးအကျယ် စိတ်ဓာတ်ကျသွားပုံပင် ရ၏။ မြသား ကတော့ နဂိုကပင် ဆရာဝန်တွေ အင်ဂျင်နီယာတွေ စိတ်ဝင် စားသူမဟုတ်ရာ အမှတ်မီသော မေဂျာတစ်ခုခုယူပြီး တက္ကသိုလ်ဆရာမလေးဖြစ်ဖို့ အတွေးနှင့်ပင် ရောင့်ရဲကျေနပ် နေမိတော့သည်။

စိတ်ဓာတ်ကျနေသော မေခါးကို မြသားကပင် နှစ်သိမ့်ဖျောင်းဖျရပါသေး၏။

"စိတ်ညစ်မနေပါနဲ့ မေခါးရာ၊ ဘာလိုင်းပဲရရ နင်နဲ့ ငါ အတူတူတက်ရမှာ ပျော်စရာမကောင်းဘူးလား၊ ဆရာမ

သနားသဖြင့် 

မဖြစ်တော့လဲ ဘာအရေးလဲ၊ တက္ကသိုလ်ဆရာမလေးဖြစ် အောင် လုပ်မှာပေါ့၊ ဘယ်လောက်ဂုဏ်ရှိလဲ"

မေခါးက မျက်နှာကို ရှုံ့မဲ့ပစ်ပါသည်။

"မဖြစ်ချင်ပါဘူး၊ ငါက အားလုံးရဲ့ ထိပ်ဆုံးကိုပဲ ရောက်ချင်တာ"

ဟု ငယ်ငယ်ကအတိုင်း မပြောင်းလဲသည့် မှန်တော တောမျက်နှာထားနှင့် ဆိုပါသည်။

တက္ကသိုလ်ဝင်ခွင့်တွေ လျှောက်ကြသောအခါ အမီ နိုင်ဆုံးဖြစ်သည့် အီကိုကို ထိပ်မှထား၍ လျှောက်ကြသည်။

လျှောက်လွှာပြန်ကျသောအခါ မြသားသာ အီကို ကို ဝင်ခွင့်ရ၍ မေခါးကတော့ ဒုတိယဦးစားပေးဖြစ်သည့် Chemistry သာရသည်။

သည်မှာ မေခါးတစ်ယောက် ငိုကြွေးပြန်သည်။ မြသားကိုယ်တိုင်လည်း စိတ်မချမ်းမသာဖြစ်ရ၏။ နှစ်ယောက် အတူ စာကျက်၍ဖြေလာကြပြီးမှ တစ်ယောက်တစ်ကွဲစီ ဖြစ်ရမည်မို့ အဖော်မင်သောသူမသည် အားငယ်၍လည်း နေမိ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ဘယ်သူတွေနှင့် ပေါင်းရပါ့မလဲ။ ရင်ခုန်စွာ ခြေချရမည့် ပတ်ဝန်းကျင်နယ်မြေသစ်မှာ တစ်ယောက်တည်း ယောင်ချာချာဖြစ်နေမည့်အရေး စိတ်မအေးနိုင်ပြန်။

သည်ကြားထဲမှာ မေခါးက ဝမ်းနည်းအားငယ်သံလေးနှင့် လေပြေထိုးသောအခါ နဂိုကမှ အီလည်လည်ဖြစ်နေသော မြသား၏ဆုံးဖြတ်ချက်သည် ရုတ်တရက်ကြီး ပြောင်းလဲသွားရပါတော့သည်။

မေခါးဆွဲဆောင်သလိုပင် မေခါးနှင့်အတူ ဒုတိယဦးစားပေးဖြစ်သည့် Chemistry ဘာသာကို ပြောင်းလဲယူဖို့ စိတ်ပိုင်းဖြတ်လိုက်မိတော့သည်။

ပထမတော့ မြသား၏ စိတ်ကူးကို အိမ်ကသဘောမတူပေ။ အီကိုနှင့် Chemistry မေဂျာသည် ဘွဲ့ချင်းက တစ်ခြားစီဖြစ်ရာ ကိုယ့်အရည်အချင်းနှင့် ထိုက်တန်စွာရရှိသော တက္ကသိုလ်ကိုသာ သွားစေချင်သည်။

အစကတည်းက မြသားသည် တက္ကသိုလ်မှ ဆရာမလှလှလေးဘဝ ကြွကြွရွရွ ဖြစ်ချင်သည်ဟု ဘဝရည်မှန်းချက်ကို ထုတ်ပြန်ထားရာ တစ်ဦးတည်းသောသမီးလေးကို တတ်





နိုင်လျှင်တော့ အကောင်းဆုံး အမြင့်ဆုံး မျှော်မှန်းချင်ကြသော ဖေဖေနှင့်မေမေသည် မြသား၏ MC တွေ YIT တွေ မဝင်ခြင်းအပေါ် အပြစ်တင်ဖို့ ခက်ခဲကြသည်။

ခုတစ်ခေါက်မှာလည်း စာရင်းအင်းများကို စိတ်မဝင်စား၍ မယူပါရစေနှင့်ဟု သမီးဖြစ်သူက တောင်းဆိုလာသောအခါ ဘယ်တုန်းကမှ သူတို့အလိုဆန္ဒအတိုင်း အတင်းအကြပ်မစီစဉ်ခဲ့သော ဖေဖေနှင့်မေမေသည် တွေဝေ၍ လာကြပြန်သည်။

"ဒါဖြင့်ရင်လည်း အစကတည်းက ဘာလို့လျှောက်သေးလဲ သားရဲ့"

"ဟို...မေခါးလည်း လျှောက်လို့ပါမေမေ"

"အလို...၊ ဒါဆို ခုလည်း မေခါးမပါလို့ မတက်ချင်တာပေါ့ ဟုတ်လား"

မြွေမြွေချင်း ခြေမြင်ဆိုသလို မိန်းမချင်းဖြစ်သော မေမေ့ကိုတော့ မြသား မလိမ်ညာရဲပါ။

မေမေက သက်ပြင်းချသည်။

"သားမှ သူတစ်ပါးကို အားကိုးမှီတွယ်လွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သူများဆန္ဒအတိုင်း လိုက်လုပ်တတ်တဲ့အကျင့်ကြီးကိုတော့ မေမေ သဘောမကျလှဘူးကွယ်''

''မေခါး ဘာလုပ်လုပ် သား လိုက်လုပ်မှာလား၊ သားမှာ ကိုယ်ပိုင်ရည်မှန်းချက် စိတ်ဆန္ဒဆိုတာ မရှိတော့ဘူးလား၊ ပြောစမ်းသား''

မြသား နှုတ်ဆိတ်နေခဲ့မိပါသည်။ အတန်ကြာမှ…

''တက္ကသိုလ်ဆရာမလေး လုပ်ဖို့ဆိုတာ သားရည်မှန်းချက်ပဲလေ မေမေ၊ အဲဒါ မေမေသိသားပဲ''

''အီကိုမှာရော လုပ်လို့မရလို့လား''

''သားရဲ့ စာရင်းအင်းတွေကို စိတ်မဝင်စားတာ၊ စိတ်မဝင်စားတာကြီးကို သင်ယူနေရင် ထူးရောထူးချွန်လာပါ့မလား''

နောက် စကားကတော့ မေခါး၏လေသံကို သံယောင်ဖမ်းကာ ပြောမိခြင်းဖြစ်သည်။ အီကိုနှင့် Chemistry ကြားမှာ တွေဝေနေသောသူမကို မေခါးက ထောက်ပြနား[illegible] လာသော အချက်ဖြစ်သည်။

ထိုစကားကား တကယ်ပင်ထိမိလှသည်။ မေ[illegible]





သည် မြသား၏ ထိုစကားမှာ တွေဝေ၍သွားကာ နောက်ဆုံးတော့ အီကိုမှနေ၍ ရိုးရိုးမေဂျာဆင်းရေးကို မသက်မသာ ခေါင်းညိတ်ခွင့်ပြုခဲ့ရတော့သည်။

သည်လိုနှင့် မေခါးနှင့် မြသား တက္ကသိုလ်ကျောင်းသို့ အတူရောက်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ တစ်ချိန်တည်းတက်၊ တစ်ချိန်တည်း ပြန်ရသည်ဖြစ်ရာ အိမ်မှအကြိုအပို့လုပ်ပေးသော ကားဖြင့် မြသားက မေခါးကို ဝင်ခေါ်ပါသည်။ အပြန်လည်း အတူပြန်၍ အိမ်မှာ ဝင်ချပေး၏။

ပတ်ဝန်းကျင်နယ်မြေ အသစ်ထဲ ရောက်လာသော အခါ နေရာတကာ ရဲတင်းဝင်ဆံ့သော မေခါးအပေါ် သူတစ်ပါးအပေါ် မှီခိုအားထားတတ်မဲ့ဖြစ်သည့် မြသား၏ အားကိုးအားထားပြုမှုက ပို၍လာခဲ့ရလေသည်။

မေခါးသွားရာနောက်ကို ကိုယ်ကလိုက်သည်။ ကိုယ်သွားချင်သောနေရာသည် မေခါး၏ဆန္ဒနှင့် မညီခဲ့သော် တစ်





ယောက်တည်းဖြစ်နေမှာစိုး၍ မသွားဖြစ်တော့။

မုန့်စားဖို့ ကင်တင်းသွားကြလျှင်လည်း ကိုယ်စားချင်သောအစာကို မစားဖြစ်။ မြသားစားချင့်သည်က ကျောင်းတွင်းကင်တင်းမှ ပူပူနွေးနွေး တရုတ်အစားအစာတွေ။

မေခါးကား သူ့တစ်နေ့မုန့်ဖိုးကို တိုင်းထွာသုံးစွဲရသူဖြစ်ရာ ဈေးချိုသော ခေါက်ဆွဲသုပ်လို ကြာဆံသုပ်လို ဟာမျိုးတွေရသော မုန့်ဈေးတန်းဘက်ကို ရွေးချယ်လေ့ရှိသည်။

သူမ ကျွေးမည်ဆိုတော့လည်း ထိုတစ်ခုကိုတော့ဖြင့် မေခါးလက်မခံချေ။ မုန့်စားတိုင်း မြသားတို့နှစ်ယောက်သည် ကိုယ့်အတွက်ကျသင့်ငွေကို ကိုယ်ထုတ်ရှင်းသောစနစ်ကို ကျင့်သုံးမြဲဖြစ်သည်။

မေခါးသဘောနှင့် နေထိုင်ရသော အရာများထွင် နောက်အခက်အခဲတစ်ခုက ရုပ်ရှင်ကြိုက်သော မေခါးက မကြာခဏ ရုပ်ရှင်ရုံသို့ သွားဖို့ဆွဲဆောင်သောကိစ္စပင်။

တကယ်တမ်းပြောရလျှင် မြသားက ရုပ်ရှင်ကြည့်ရတာ ဝါသနာမပါ။ အထူးသဖြင့် လူပေါင်းစုံနှင့် စုပြုံကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရသည့် ရုပ်ရှင်ရုံမျိုးကို ပိုမနှစ်သက်တော့။

ပြီးတော့ အထူးတန်းမျိုးက ကြိုတင်ဘွတ်ကင်လုပ်ထားခြင်းမျိုးလည်းမဟုတ်။ မေခါး တန်းစီတိုးကြည့်သည်က အောက်ထပ်ရှေ့ဆုံးတန်းမှ ဘရုတ်သုတ်ခနိုင်သော အတန်းမျိုးမှာ။

ပထမတော့ မြသားသည် မလိုက်လိုကြောင်းငြင်းကြည့်သေးသည်။ သူ့ဆန္ဒကို ဘယ်တော့မှ ရှေ့တန်းမတင်တတ်သော၊ ပြီးတော့ တစ်ယောက်တည်းလည်း ဘယ်နေရာမဆိုသွားရဲလာရဲရှိသော မေခါးက တကယ်တမ်းသွားမည်ပြင်သောအခါ တစ်ယောက်တည်း ကျန်ရစ်ရမည်ကိုစိုးသူက မြသား ဖြစ်ရပြန်သည်။

ဒါနှင့်ပင် မေခါးနှင့်အတူ ရုပ်ရှင်လိုက်ကြည့်ဖြစ်၏။

အရှေ့ဆုံးတန်းမှ အပေါ်ဆုံးထိုင်ခုံတွေအတွက် စနစ်တကျလည်းမဟုတ်ဘဲ ပရမ်းပတာ တိုးဝှေ့လက်မှတ်ဝယ်ရသောအခါ မေခါးက ရန်တွေ့လိုက်၊ ရယ်မောလိုက်နှင့် တက်ကြွနေခဲ့သော်လည်း မြသားမှာ ရှက်စိတ်မဝံ့မရဲစိတ်များ



ဖြင့် စိတ်ညစ်ညျုးစွာ ခေါင်းကြီးငုံ၍ ဇောချွေးပြန်နေခဲ့ရသည်။

အလုအယက် လက်မှတ်ဝယ်၍ရလျှင် နေကြာစေ့၊ အချဉ်ထုပ်စသည်များဝယ်ကာ အောက်မှလည်း ဂျပိုးထိုး၍ ညစ်ပေသော ထိုင်ခုံများမှာ အကျအနထိုင်ရင်း စကားတွေဖောင်ဖောင်ပြောပျက် မေခါး စိတ်ကျေနပ်ပျော်ရွှင်နေလျှင် အလိုက်သင့်သာ နေရသော်လည်း အသားမကျသော ပတ်ဝန်းကျင် အတွေ့အကြုံသစ်မှာ မြသား စိတ်ဆင်းရဲနေခဲ့ရပါသည်။

"အခါးရယ် ကြည့်ချင်လည်း အပေါ်ထပ်က ကြည့်ရအောင်ဟာ"

သိမ်းသွင်းကြည့်သော်လည်း ရုပ်ရှင်အတွက် သည်လောက် ငွေမသုံးစွဲနိုင်သေး မေခါးက လက်မခံပါ။

သည်လိုနှင့် မြသားသည် မေခါးဆိုသော တစ်ဦးတည်းသော သူငယ်ချင်းကို မလွှန်ဆန်နိုင်တာနှင့်ပင် ကိုယ့်ကိုယ်နှင့် မေခါးစိတ် ရှင်သန်နေရသော သူတစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

တကယ်ဆိုလျှင် မြသားကို ပေါင်းဖော်ချင်သည့်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမိတ်ဆွေသစ်များကတော့ ရှိသားပင်။

သို့သော်လည်း မေခါးနှင့်သာ တတွဲတွဲနေကာ မေခါး၏ နွေးထွေးမှုမရှိသည့် မျက်နှာထားကို ကြောက်ကြတာနှင့်ပင် ဘယ်သူကမှ အဖော်လာမလုပ်ရဲတာဖြစ်သည်။

မေခါးကား မိန်းကလေးများနှင့်သာ မတည့်သော်လည်း သူ့လိုပင် အတန်းနောက်ဘက်မှာထိုင်သည့် ယောကျ်ားလေးများနှင့်တော့ အတည့်သားပင်။

အတန်းထဲမှ သူ့လိုပင် ပေးလားဝါးလား စရိုက်ရှိသူ ကောင်လေးတစ်စုနှင့် မေခါး အဖွဲ့ကျလျက်ရှိသည်။

ငွေကြေးအဆင့်အတန်းကြောင့်မဟုတ်ဘဲ သူတို့၏ အလေးအနက်မရှိလှစွာသော စည်းမဲ့ကမ်းမဲ့စရိုက်ကို မကြိုက်တာမို့ မြသားကတော့ ခင်မင်၍ မရ။

တစ်ခါတစ်ရံ ရှေ့မှာ ဆရာမစာသင်နေခိုက် မေခါးနှင့် သူတို့တွေသည် စကားတွတ်ထိုးကာ အကြီးအကျယ် ထရယ်ကြသည်။ ဆရာနှင့်တကွ အတန်းသားအားလုံးမှ လှည့်ကြည့်ကြလျှင် မြသားမှာ ရှက်လွန်း၍ မျက်နှာထားစရာ



နေရာမရှိ။

တစ်ခါတလေကျပြန်တော့လည်း ဆရာတစ်ဘက်လှည့်၍ စာသင်နေခိုက် ဂုန်းဆိုအုပ်စုလိုက် အပေါ်တက်၍ ပြေးကြသည်။

ကြာတော့ သူတို့အုပ်စုကို အတန်းထဲမှ ဗရုတ်သုတ်ခအုပ်စုအဖြစ် ဆရာ၊ ဆရာမတွေနှင့်တကွ အတန်းသားများကပါ သတ်မှတ်လာကြသည်။ ထိုအုပ်စုထဲမှာ မြသားသည် ယောင်လည်လည်နှင့် ပါဝင်နေရတော့သည်။

ပြီးလျှင် မေခါးသည် ယောကျ်ားလေးမိန်းကလေး မရှောင် အစအနောက်သန်၍ ဗရုတ်ကျလှသူဖြစ်သည်။

အထက်တန်းကျောင်းသူဘဝကပင် ပေါ့ပေါ့ပျက်ပျက် နေတတ်သော စရိုက်ရှိပေမယ့် တက္ကသိုလ်ကျောင်းသူဖြစ်လာသောအခါ ထိုစရိုက်ကပို၍ ပွင့်လင်းလာခဲ့သည်။

သူ့မျက်စိထဲမှာ ကြည့်ရ၍ဖြစ်စေ၊ ကြည့်မရ၍ဖြစ်စေ ထူးထူးခြားခြားဖြစ်သော ကျောင်းသားကျောင်းသူမှန်သမျှကို မိန်းကလေးတန်မဲ့ နောက်ပြောင်ကျီစယ်တတ်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြားတကြားရှိသလို ပေါ်တင်ကြီးတွေလည်းရှိ၏။

ချောတောမောတော ကောင်လေးတွေဆိုလျှင် သူက ကြည့်ရမြင်ရတာ အမြတ်ထွက်သည်ဆိုတာ 'အမြတ်'ဟု နာမည်ပေးထား၏။

ဒီနိုင်းလေးသန့်လျှင် 'ဒီနိုင်း'ဟူ၍လည်းကောင်း၊ လူကြီးက ချောချောထွားထွားကြီးဆိုလျှင် 'ချောကြီး'၊ ငယ်လျှင် 'ချောလေး'။ စုံလို့နေသည်။

ကျောင်းမှာ လူရယ်ချင်စရာကောင်းလောက်အောင် ဝဖီးသော ခန္ဓာကိုယ်ကြီးနှင့် စူဖောင်းသော ဗိုက်ကြီးရှိသူ ကျောင်းသားတစ်ယောက်ကို 'ပိန်သေး'ဟု မေခါးက နာမည်ပေးထားသည်။

ထိုကျောင်းသားသည် အားနည်းချက်ဖြင့် လောကကြီးကို စိန်ခေါ်ထားသူဖြစ်ရာ သူ့အားနည်းချက်ကို ထိပါးရန်စလာသူမှန်သမျှကို တုံ့ပြန်တိုက်ခိုက်ဖို့ အသင့်ပြင်ထားသူ ဖြစ်သည်။

သူ့ကို 'ပိန်သေး'ဟုခေါ်လျှင် အလွန်စိတ်ဆိုးတတ်





၏။ ရောက်ရာအရပ်မှာလှည့်ပြီး သူ့ခန္ဓာကိုယ်ပေါ်မှ အဆီများ ပြုတ်ထွက်မတတ် တုန်ခါအောင် ဒေါသတကြီးနှင့် ပြေးလိုက်တတ်သည်။

မီလျှင် ဘယ်လိုတုံ့ပြန်တတ်သလဲတော့ မြသားမသိ။ မေခါးသည် ထိုကျောင်းသား ထိုသို့ပြုမူတတ်မှန်းသိလျက်နှင့် မြသား တားမြစ်သည့်ကြားမှ စဖြစ်အောင် စတတ်သည်။

တစ်ခါ ထိုကျောင်းသားစာသင်နေသော သီရေတာဝမှနေ၍ 'ပိန်သေး'ဟု အကျယ်ကြီးအော်ပစ်ခဲ့ပြီး ထွက်ပြေးသည်။ ဟိုက တဝုန်းဝုန်းနှင့် အတန်းထဲမှ ထွက်လိုက်လာသောအခါ အပြင်မှာရပ်ကျန်ခဲ့ပြီး မေခါး ဘာလုပ်လိုက်မှန်းမသိသော မြသားပါ ရောယောင်ထွက်ပြေးရတော့၏။

မပြေးလို့လည်း မဖြစ်။ မေခါးနှင့် မြသား တစ်တွဲတည်းဆိုတာ ထိုကျောင်းသား သိပြီးသားမဟုတ်လား။

ကိုယ်မလုပ်ပါဟု သူ့ရှေ့မှာငြင်းချက်ထုတ်နေ၍လည်း ရမှာမဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းသားလက်မှလွတ်ရာ အခန်းလွတ်တစ်ခုထဲ အရောက်မှာတော့ မြသားမှာ ကြောက်ရွံ့ထိတ်လန့်တာရော မောပန်းတာပါ ပေါင်းကာ မျက်ဖြူစိုက်မတတ် ဖြစ်နေရတော့သည်။

"နင် သူ့ကို နောက်မစပါနဲ့တော့ အခါးရယ်၊ ကိုယ်က ရယ်စရာလုပ်စပေမယ့် သူများစိတ်ဆိုးရတယ်ဆိုတာ မကောင်းပါဘူး၊ ပြီးတော့ သူများအားနည်းချက်ကို စတယ် နောက်တယ်ဆိုတာလည်း ငရဲကြီးတယ် အခါးရဲ့၊ တစ်ယောက်နဲ့တစ်ယောက်လည်း ရန်သူတွေဖြစ်ပါတယ်၊ အခုပဲကြည့် တစ်ကျောင်းတည်းနေပြီး မျက်နှာချင်းဆိုင်လို့မရတော့ဘူး"

မြသားက အလေးအနက် နားချကြည့်သော်လည်း မေခါးက သဘောတကျ အော်ရယ်နေပါသည်။

"ဘာဖြစ်လဲဟ၊ တက္ကသိုလ်ကျောင်းသားဘဝဆိုတာ ဒီလိုနေမှ ပျော်ဖို့ကောင်းတာ၊ သူများမခံချင်တာကိုမှ ငါက ပိုစချင်တာ၊ ဘယ်လောက်ရယ်ဖို့ကောင်းလဲ၊ ပိန်သေးဆိုတာနဲ့





မျက်လုံးကြီးတွေ ဝင်းဝင်းတောက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးက အဆီအသားတွေ တစ်လှုပ်လှုပ်နဲ့ ငါတို့နောက် ပြေးလိုက်လာတာ၊ ပြီးတော့ သူ့မှာ ဘယ်တော့မှ မိတယ်ဆိုတာမရှိဘူးလေ၊ ဟီဟိ…ရယ်ဖို့ကောင်းလိုက်တာ"

"ဟယ် တစ်နေ့ သူမိသွားရင် ဘယ်လိုလုပ်မလဲ၊ နင်မကြောက်ဘူးလား"

မေခါးက နှုတ်ခမ်းကိုမဲ့လျက် ပခုံးတွန့်ပြကာ…

"မကြောက်ပါဘူး၊ ဘာကြောက်စရာရှိလဲ၊ ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ သူငါ့ကို ဘာလုပ်နိုင်မှာလဲ၊ ပြီးတော့ သူ လုပ်တိုင်းရော ခံရမှာလား၊ ငါ့မှာလည်း ခြေလက်ရှိတာပဲ"

အာဂ မေခါးပါပင်။

"ဘယ်ပြောလို့ ရမလဲ၊ သူ့မျက်လုံးကြီးတွေ ကြည့်ရတာ ကြောက်စရာကြီး၊ မီးရင်စားပစ်ဝါးပစ်မယ့်အတိုင်းပဲ၊ ငါတော့ကြောက်တယ်၊ ဘာပဲဖြစ်ဖြစ် ကျောင်းသားအချင်းချင်း ပြဿနာတက်ရမှာကိုက ရှက်စရာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



မေခါးက ရယ်သည်။

"အသား၊ နင်ဟာလေ နေရာတကာ အသည်းကို ငယ်လွန်းတယ်၊ အမြဲတမ်း အရာရာကို ကြောက်ရွံ့ထိတ်လန့်နေတာပဲ၊ မိုးပြိုမှာကို ကြောက်နေတဲ့ ယုန်သူငယ်လေးလိုပဲ၊ စိတ်ကို လွှတ်ထားလိုက်စမ်းပါဟ၊ လောကကြီးမှာ ဒီလိုနေမှ ပျော်စရာကောင်းတာ"

မေခါးကို နားချမရသမျှ ကိုယ့်ဘာသာကိုယ်သာ ပင့်သက်ရှိုက်ရပါသည်။

တစ်ရက်တော့ မေခါးသည် စိတ်လိုလက်ရ မြသားကို စကားတစ်ခွန်း ဆိုလာပါသည်။ ခါတိုင်းနှင့်မတူဘဲ အလွန်တရာ နူးညံ့သိမ်မွေ့သောလေသံနှင့် အလွန်တရာ အလေးအနက်ရှိလှသော အမူအရာနှင့်ဖြစ်သည်။

"အသားရေ သိလား၊ ငါ အမြတ်ကလေးတစ်ယောက် တွေ့ထားတယ်၊ အရမ်းကို ကျက်သရေရှိတာပဲဟယ်၊ ငါတွေ့ဖူးသမျှထဲမှာ အမြတ်ဆုံးလေး၊ ငါတို့ Chemistry ကပဲဟဲ့၊ နင်တို့ C-I ထဲကပဲ"





မြသားက မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်မိ[illegible]ည်။ သို့သော်လည်း သူမ၏ အခန်းမှန်ဖြစ်သော C-I [illegible] ကောင်လေးတစ်ဖုံတစ်ယောက်၏ မျက်နှာကိုမှ မြင်[illegible]ဘပါ။

ဘယ်မြင်ပါ့မလဲ။ ကျောင်းစတက်ပါပြီဆိုကတည်း[illegible] ကိုယ့်ခုံနံပါတ်အလိုက် ကျလာသော C-1 မှာ သွား[illegible]ကဘဲ မေခါး၏ အခန်းဖြစ်သည့် C-2 မှာသာ လိုက်[illegible]နေခဲ့တာ။

Tutorial နှင့် Practical ချိန်လောက်ပဲ သွားလုပ်လေ့[illegible]ဘမို့ အတန်းထဲမှလူတွေကို လူစေ့လူကုန် မမှတ်မိနိုင်ပါ။[illegible]ါတ်နားနီးချင်းတွေလောက်သာ Practical မှာ တစ်စားပွဲ[illegible]ည်း လုပ်ရသည်မို့ မှတ်မိလေသည်။

"နင်သိမှာမဟုတ်ပါဘူး၊ နောက် ငါတွေ့ရင်[illegible]ယ်"

မြသားက ခေါင်းသာညိတ်ပြလိုက်ပါသည်။

သူ့အလှည့်ကျလျှင်သာ ကောင်လေးတကာကို ပွင့်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းလင်း စိတ်ဝင်စားပြတတ်ပေမယ့် မြသားကိုတော့
မေခါးသည် ချုပ်ကိုင်၍ ထားပါသည်။

အတန်းတကာ ကျောင်းတကာမှ မြသားကို
ရောက်ပိုးပမ်းကြသည့် ကျောင်းသားတွေနှင့် အရောပြန်မ
ဖို့ မေခါးက မြသားကို စည်းကမ်းထုတ်ထားသည်။

တစ်ခါကဆိုလျှင် YIT မှ ရည်မွန်သော အစ်ကိုကြီ
တစ်အုပ်စုနှင့် နှစ်ယောက်စလုံး ခင်မင်၍သွားကြသည်။
တွဲတွဲနှင့် အတူသွားအတူလာနေကြပြီး ထိုအုပ်စုထဲမှ
ယောက်ပြီးတစ်ယောက်သည် မြသားကို စိတ်ဝင်စားပုံပြ
ကြသောအခါ မေခါးက ဖြန်းဆို အဆက်အသွယ် ဖြတ်
လိုက်၏။

မရိုးသားစိတ်ရှိသူတွေနှင့် ရှေ့ဆက်အပေါင်းအသ
မလုပ်သင့်ဟု မေခါးက ဆုံးဖြတ်သည်။

အားနာတတ်သော မြသားက တစ်ဖက်လူတွေ
မျက်နှာပူသော်လည်း မေခါးကိုတော့ဖြင့် မလွန်ဆန်နိုင်
မေခါးသည် သူမ၏အားကိုးအားထားရာ ဖြစ်သလို သူ





င်း စိတ်ဝမ်းမကွဲစေချင်တာကြောင့်လည်း ဖြစ်လေသည်။

မေခါးမပါဘဲ သူမ ကျောင်းတက်ရလျှင်ဟူသော
တွေးသည် ထိုအခါက မြသားအတွက် ချောက်ချားစရာ
ကောင်းဆုံး အတွေးဖြစ်ပါသည်။

တစ်ရက်တော့ ထိုနေ့က မလွှဲမရှောင်သာဘဲ ရောက်
အောင် ရောက်လာခဲ့သည်။

မြသား၏ ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲသွားစေခဲ့
သော နေ့လည်းဖြစ်၏။

ထိုနေ့က မေခါးကျောင်းမတက်ဖြစ်ကြောင်းကို ခါ
ိုင်းလိုအိမ်တိုင်ရာရောက် သွားခေါ်သောအချိန်မှာ သိရ၏။

မေခါးတစ်ယောက် အကြီးအကျယ်ဖျားနာနေတာ
ကြောင့် အိပ်ရာထဲမှပင် မထနိုင်ချေ။

မြသားမှာ အလွန်အမင်း စိတ်ဓာတ်ကျသွားသော်
သည်း ဒီနေ့အဖို့ ကျောင်းမသွား၍ မဖြစ်တာသိနေသည်။
တန်းမှာ Tutorial ရော Practical ပါ ရှိနေသည်မဟုတ်
သား။



www.burmeseclassic.com

www.burmeseclassic.com



အားငယ်စိတ်ပျက်စွာနှင့်ပင် မြသား ကျောင်း

ရောက်လာခဲ့သည်။

မေခါးမပါသည်မို့ ကိုယ့်အခန်းမှန်ဖြစ်သည့် C

မှာသာ တစ်ယောက်တည်း တိတ်တိတ်လေး အတန်းသွ

တက်နေလိုက်သည်။

ကျူတိုရီရယ် အချိန်ရောက်သောအခါ ကျူတိုရီ

ဖြေသည်။ သူများတွေ အသီးသီးထ၍ ကင်တင်းသွာ

အပြင်ထွက်ကြပေမယ့် မြသားမှာ ဘယ်မှသွားစရာ

မသွားရဲ။

မေခါးအားကိုးဖြင့် ထမင်းဘူးတွေဘာတွေလည်း

နေမကျဖြစ်ရာ မိုက်ဆာသော်လည်း စားစရာပါမလာ

မေခါးကတော့ အိမ်မှ အလျှင်မီအောင် ထမင်းဘူးထည့်

နိုင်တာဖြစ်ပေမယ့် မြသားကတော့ မေခါးနှင့် အဖော်လု

တမင်မယူလာတာဖြစ်သည်။

ထိုနေ့ကလည်း မေခါး ကျောင်းမတက်နိုင်မှန်း

မသိခဲ့တာမို့ ထုံးစံအတိုင်း ထမင်းဘူးပါမလာ။





ဆယ့်နှစ်နာရီ အတန်းပြီးသွားလျှင်လည်း ညနေပိုင်းကို ပရယ်တီကယ်ဝင်ရဦးမှာ။ ခုနေ တစ်ခုခုစားမထားလို့ကတော့ ဆာလောင်သည့်ဒဏ်ကို မြသား လှလှကြီးခံရတော့မှာဖြစ်သည်။

ပထမဦးဆုံးအကြိမ်အဖြစ် မြသားသည် အစစအရာရာ သူတစ်ပါးအပေါ် မှီခိုအားကိုးလွန်းသော ကိုယ့်အကျင့်ကို မုန်းတီးစိတ်ပျက်မိလေသည်။

နောက်ဆုံးတော့ စိတ်ကိုတင်းကာ နေရာမှထရပ်မိသည်။ တစ်ယောက်တည်းပဲဖြစ်ဖြစ် ကင်တင်းသို့သွားရပါတော့မည်။

သိရေတာအပြင်ဘက်သို့ ထွက်မိသည်မှာပဲ ရုတ်တရက် တစ်ဖက်မှလျှောက်လာသော ပိန်သေးကြီးကို ဘွားခနဲတွေ့လိုက်ရတာမို့ ကြောက်စိတ်နှင့် မြသား မျက်လုံးများပင် ပြာဝေသွားမိသည်။

ခုချိန်မှာ ဘယ်ကိုမှ ပြေးပုန်း၍လည်း မလွတ်တော့။ လွတ်မည်ဆိုလျှင်တောင် မြသား ထွက်မပြေးရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုမမှတ်မိဘဲ ကျော်သွားပါစေဟူသော ဆုတောင်းနှင့် သီရေတာနံရံမှာကပ်ကာ ခေါင်းကိုငုံ့ချထားမိဆဲ၊ မြသား၏ ကံဆိုးသော ဆုတောင်းလေးက ပျက်ပြယ်သွားခဲ့ရသည်။

ပိန်သေး၏ ကြီးမားဖောင်းအိသော ခြေအစုံသည် မြသားရှေ့မှာ တည့်တည့်ကြီး လာရပ်လိုက်လေသည်။

"ဩ…ဟော…ဟော၊ လတ်စသတ်တော့ ဘဲဥမပါလား၊ ဟိုကျီးကန်းမရော ဘယ်ရောက်သွားလဲ၊ ဟော့ကောင်တွေ ဒီမှာကြည့်စမ်း၊ ဘဲဥမ တစ်ယောက်တည်း အဖော်မဲ့နေပုံရတယ်၊ ငါတို့ သူ့ကို ဘာလုပ်ကြရင်ကောင်းမလဲ"

ဘုရား…ကယ်တော်မူပါ။

ပိန်သေး၏ အသံကြီးကား အစွမ်းကုန် ကောက်ကျစ်ရက်စက်တော့မည့် အောင်နိုင်သူတစ်ယောက်လို လက်တုံ့ပြန်လိုခြင်းတို့ဖြင့် ဆာလောင်မွတ်သိပ်နေပါသည်။

မြသားမှာ ခေါင်းပင်မဖော်ဝံ့ဘဲ ကြောက်ရွံ့ထိတ်လန့်လွန်းတာမို့ ဒူးတွေပင် တဆတ်ဆတ် တုန်လာရသည်။





မေခါးနှင့်မြသားအတွဲကို ကျီးကန်းနှင့်ဘဲဥဟု ပိန်သေးတို့က ကင်ပွန်းတပ်ထားသည်။ မြသားက ဖြူဖြူနှင့် မေခါးက ညိုတာစွာသောကြောင့် ဖြစ်သည်။

ထွက်ပြေးလို့လည်း မလွတ်နိုင်။ သည်အတိုင်းလည်း မနေရဲဘဲ ကြောင်ကြီးလက်ထဲရောက်နေသော ကြွက်ကလေးလို မြသားချောင်ပိတ်မိနေပါတော့သည်။

မေခါးကို တမ်းတမိသလို အပြစ်လည်း တင်နေမိ၏။ စတော့သူ မိတော့ကိုယ်။ အတန်းတန်းတားခဲ့လျက်နှင့်။

ဘာလုပ်ရမှန်းမသိသဖြင့် အားငယ်စိုးရွံ့စွာ မြသားသည် မျက်ရည်များ ရစ်ဝဲလာမိပါသည်။

ထိုအချိန်မှာပါပဲ အရိပ်ဆွေးဆွေးတစ်ခုသည် အနားသို့ ချဉ်းကပ်ရောက်ရှိလာခဲ့ကာ…

"လာလေ မြသား၊ ထမင်းဘူးပါမလာဘူး မဟုတ်လား၊ ကင်တင်းသွားပြီး တစ်ခုခုစားရအောင်လေ"

မြသားသည် ပထမတော့ အသံရှင် (သို့မဟုတ်) ကယ်တင်ရှင်ကို နားမလည်ကြောင်အ,စွာ ငေးကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သေး၏။ သူ့ကို မျက်မှန်းမတန်းမိတာ သေချာသော်လည်း သည်ကျောင်းမှ (သို့မဟုတ်) အတန်းထဲမှ ကျောင်းသား တစ်ယောက်ယောက်ဖြစ်သည်ဆိုတာကိုတော့ သေချာသိနေသည်။

မြသားနှင့်အတူ ပိန်သေးတို့အုပ်စုလည်း အခြေအနေကို အင်္ကမိကာ ငေးစိုက်နေကြတုန်းမှာပဲ မြသားသည် ဝမ်းပမ်းတသာ ခေါင်းကို ဆတ်ခနဲညိတ်ကာ ထိုကျောင်းသားနှင့်အတူ နေရာမှ သုတ်သုတ်ထွက်ခွာလာခဲ့မိတော့သည်။

သီရိတာရှေ့မှနေ၍ လှမ်းကြည့်၍ မမြင်နိုင်လောက်တော့သော လမ်းတစ်ဆစ်ချိုး အကွယ်အရောက်မှာတော့ မြသားသည် အနောက်ဘက်မှ ရန်သူတော်တွေ ပါလာ၊မလာကို မရဲတရဲလှမ်းကြည့်မိရင်း ပါမလာတာကို စိတ်အေးစွာ တွေ့ရမှ နံဘေးမှာ ကိုယ်နှင့်အတူ ပါလာသော ကျောင်းသားဘက်ငဲ့ကြည့်ကာ…

"ဒါနဲ့ မြသားကို သိလို့လားဟင်"

သူက သူမကို စောင်းငဲ့မကြည့်ဘဲ ခေါင်းငုံ့လျှောက်နေရာမှ လှစ်ခနဲပြုံးကာ…

"သိလို့ပေါ့"

ဟုဖြေသည်။ ဖျတ်ခနဲ ပေါ်လာသော သွားတက်ချွန်လေးတစ်ဖက်သည် အပြုံးပိုင်ရှင်ကို နှစ်လိုဖွယ်ကောင်းသွားစေပါသည်။

"ဒါပေမယ့် မြသားကတော့ သူ့ကို မသိဘူး"

သူက ခေါင်းဆတ်ပြပါသည်။ မြသားစကားကို လက်ခံသည့် သဘောပဲဖြစ်သည်။

"သူက မြသားတို့ မေဂျာကပဲလားဟင်"

သူ ပြုံးပြန်ပါသည်။ သည်တစ်ခါတော့ နှုတ်ခမ်းတင်းတင်းများကို စေ့ပိတ်၍ပြုံးတာမို့ သွားတက်ကလေး ပေါ်မလာပါ။

"အခု သူတက်လာတဲ့ C-1 ထဲကပဲ"

"ဟုတ်တယ်"

မြသား အံ့ဩသွားရသည်။ ဒါနဲ့များ သူ့ကို ဘာကြောင့်မမြင်ဖူးရပါလိမ့်။







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့လည်း ဖြစ်နိုင်ပါသည်။ မြသားကလည်း ကျူတိုရီရယ်၊ ပရယ်တီကယ်ချိန်တွေလောက်သာ ကမန်းက တန်းလာပြီး ကိုယ့်အတန်းမဟုတ်သလို ဘာသိဘာသာ ပြန်သွားတတ်လေ့ရှိတာ။

ကိုယ့်အတန်းထဲက လူတွေဟာ ဘယ်သူတွေပါလိမ့်လို့ တစ်ခါမှ အချိန်ယူ၍ အကဲခတ်လေ့လာမကြည့်ဖူးပေ။

မြသား အတွေးနက်နေဆဲ သူက လှမ်းနေသည့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပါသည်။

"စောစောက တစ်ယောက်တည်း ဒုက္ခရောက်နေမှန်း သိလို့ တမင်ခေါ်လာခဲ့တာ၊ မြသားဘယ်သွားမလဲ၊ ကျွန်တော် ဘယ်လိုက်ပို့ပေးရမလဲ"

မြသား ဘာဖြေရမှန်းမသိ။ ယောင်လည်လည်ဖြစ်သွားမိသည်။

"ဟို…၊ မြသား ကင်တင်း သွားမလားလို့ပါ"

"ဩော်…ထမင်းဘူးပါမလာဘူးလား၊ ကျွန်တော် ရမ်းပြောလိုက်တာ မှန်သွားတာပေါ့၊ ကျွန်တော်လည်း





ကင်တင်းသွားမလို့ပဲ၊ အဖော်မရှိဘူးနဲ့တူတယ်"

"ဟုတ်"

သူက ချိန်ချိန်ဆဆဟန်ဖြင့်…

"ဒါဆို ကျွန်တော်နဲ့အတူ လိုက်ခဲ့မလား"

မြသားက သူ့မျက်နှာကို မော့ကြည့်အကဲခတ်လိုက်မိပါသည်။ မြသား အဖြေကို ငံ့လင့်စောင့်ကြည့်နေသော သူ့မျက်လုံးများ ဖြူစင်ရိုးသားမှုနှင့် နွေးထွေးလှိုက်လှဲမှုကို ချက်ချင်းပင် မြသား ထိတွေ့ခံစားနိုင်လိုက်သည်။

ဝမ်းသာကျေးဇူးတင်စွာ ဆတ်ခနဲခေါင်းညိတ်ပြလိုက်မိစဉ်မှာပင် ကိုယ့်အတွက် မိတ်ဆွေကောင်းတစ်ယောက်ရနိုင်လိုက်ပြီဆိုတာကို သိလိုက်ရလေသည်။

ကင်တင်းရောက်သောအခါ သူက အအေးမှာသောက်လျက် သူ့ထမင်းဘူးကို သူဖွင့်စားပါသည်။ မြသားကတော့ ထမင်းပေါင်းမှာစား၏။

ထမင်းပေါင်းစားပြီးလျှင် မြသားက ထောပတ်သီးဖျော်ရည် ချိုချိုအီအီ တစ်ခွက်ကို မှာသောက်သေး၏။ အခု



www.burmeseclassic.com

www.burmeseclassic.com



မှပင် ကိုယ်စားချင်တာတွေ မှာစားနေရ၍ ကျေနပ်နေမိသည်။

"သူက နေ့တိုင်း ထမင်းဘူးထည့်တယ်လား"

မြသားက အဆန်းတကြယ် လုပ်မေးမိသည်။ တက္ကသိုလ်ကျောင်းသားကြီးလုပ်ပြီး အိမ်မှ ထမင်းဘူးထည့်ယူလာတတ်သော ကျောင်းသားသည် သည်ခေတ်မှာ ခပ်ရှားရှားမဟုတ်လား။

"ဟုတ်ပါတယ်၊ အိမ်က ထည့်ပေးတာလေ၊ အပြင်စာစားရင် ရောဂါရမှာ စိုးလို့တဲ့၊ ကျွန်တော်ကလည်း အိမ်ထမင်း အိမ်ဟင်းပဲ စားကျင့်ရှိတာဆိုတော့"

လူထူးလူဆန်းလေးတစ်ယောက်ကို တွေ့ရတာပင်။ မြသားကတော့ တစ်နေ့တစ်နေ့ အိမ်ထမင်းဟင်းချည်း စားရတာမို့ အပြင်စာသာ စားချင်သည်။ ပြီးတော့ တက္ကသိုလ်ကျောင်းသူကြီးလုပ်ပြီး အထက်တန်းကျောင်းသူတစ်ယောက်လို ထမင်းဘူးကြီးတစ်ကိုင်ကိုင် လုပ်ရသည်မှာ ရှက်စရာ။

သူကတော့ ထိုသို့ ခံစားရပုံမပေါ်။ ခပ်တည်တည်ပင်။





သူ့ပုံစံဟာ ပတ်ဝန်းကျင်ကို ဥပေက္ခာပြု အရွဲ့တိုက်ထားတာမျိုးလည်းမဟုတ်ဘဲ ပင်ကိုယ်က ဂရုမစိုက်တတ်သော ပုံစံမျိုးလေးဖြစ်သည်။ ပိုပြည့်စုံအောင် ပြောရလျှင်တော့ ဂရုစိုက်ရကောင်းမှန်း မသိတတ်ပုံ။

"ခုန ကျေးဇူးပဲနော်၊ ဘာလုပ်ရမှန်းမသိဘဲ အရမ်းကြောက်နေတာ၊ သူသာ ဝင်ခေါ်မလာရင်တော့ ဘာဆက်ဖြစ်မလဲ မသိဘူး၊ ကြံရာမရတဲ့အဆုံး နေရာမှာပဲ ထိုင်ငိုဖြစ်မှာ"

သူက ကရုဏာသက်သလို မြသားကို ကြည့်သည်။

"သူ့သူငယ်ချင်း ဟိုတစ်ယောက်က အဲဒီဖက်တီးကို အမြဲလိုက်စတာကိုး၊ နှစ်ယောက်က အတွဲဆိုတော့ နှစ်ယောက်လုံး အတူတူပဲလို့ ဟိုကထင်မှာပေါ့"

မြသားက အံ့သြသွားရသည်။ မြသားတို့နှစ်ယောက်နှင့် ပိန်သေးပြဲသနာကို သူသိနှင့်နေပါလား။

"မြသားအမြဲပြောပါတယ် မေခါးကို"

"နာမည်က မေခါးတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူက မေခါးနာမည်ကို အံ့သြဟန်ပြသည်။

"ဟုတ်တယ်၊ မြသားနာမည်ရော သိလားဟင်၊ သူ့နာမည်ကရော"

သူကပြုံးသည်။ သူ့အပြုံးမှာ ရှက်ရိပ်စွန်းနေသလိုလို။

"သိတယ်၊ ငွေစင်မြသား…၊ ကျွန်တော့်နာမည်က ဖြူစင်မိုး"

"ဖြူစင်မိုး…"

မြသားက အံ့သြနှစ်ခြိုက်စွာ ရေရွတ်ကြည့်မိသည်။ နာမည်လေးက ချစ်စရာလေး။ ယောကျ်ားလေးထဲမှာ သည်နာမည်မျိုး ရှားမည်ထင်သည်။ ဒါပေမယ့် သူနှင့်သည်နာမည်လေးက လိုက်ဖက်လှသည်။

သူ့ကြည့်ရသည်မှာလည်း ဖြူစင်သော မိုးသားလေးနှင့် တူသည်မဟုတ်လား။

"မြသားက မေခါးကို အမြဲပြောပါတယ်၊ သူများမကြိုက်တာကို မစဖို့၊ သူတစ်ပါး အားနည်းချက်ကို စတာဆိုတာလည်း ငရဲကြီးတယ်လို့၊ ပြီးတော့ အဲဒီတစ်ယောက်





တကယ်လက်တုံ့ပြန်မယ့်ပုံကြီး၊ မြသားက ကြောက်တယ်၊ ဒါပေမယ့် မေခါးက ပြောလို့မရဘူး၊ သူကစပြီး ထွက်ပြေးတော့ မြသားလည်း ပြေးရတာပေါ့၊ အဲဒီတော့ အတူတူပဲလို့ ထင်ရော၊ ခုတော့ သူ မပါတော့ မြသားတစ်ယောက်တည်း ဒုက္ခရောက်ရောလေ"

သူက နားလည်စာနာဟန်ဖြင့် နားထောင်နေပါသည်။

"မြသားက အဲဒီသူငယ်ချင်းနဲ့ပဲ အမြဲတွဲတယ်နော်"

"ဟုတ်တယ်၊ မြသားတို့က ခြောက်တန်းကတည်းက ကျောင်းနေဖက်တွေလေ၊ မေခါးက ဒီနေ့နေမကောင်းလို့ ကျောင်းမတက်ဘူး၊ သူ့ကိုဝင်ခေါ်မှ သူဖျားနေမှန်းသိတာ၊ တစ်ယောက်တည်း ကျောင်းလာနေကျမှ မဟုတ်တော့ စိတ်ထိုညစ်သွားတာပဲ၊ ကင်တင်းသွားဖို့တောင် ခက်နေတာ"

"ဪ…တကယ်လို့များ ကျွန်တော်နဲ့မလာဖြစ်ရင် တစ်နေကုန် ဘာမှမစားဘဲ နေတော့မှာပေါ့"

မြသားက ဝန်ခံပြုံးလေး ပြုံးနေလိုက်မိသည်။ ဖြူစင်

www.burmeseclassic.com

www.burmeseclassic.com



မိုးက သည်နေ့အဖို့တော့ မြသားရဲ့ ကျေးဇူးရှင်နှစ်ထပ်ကွမ်း ဖြစ်သွားခဲ့ပြီ။ ပိန်သေးလက်မှ ကယ်တင်သည့်အတွက်နှင့် ကင်တင်းလာဖို့ အဖော်ရလိုက်သည့်အတွက်ဖြစ်သည်။

ငွေရှင်းဖို့လုပ်သောအခါ မြသားက ထုံးစံအတိုင်း ကိုယ့်အတွက်ကျသင့်ငွေကို အတိအကျ ထုတ်ထားပေးလိုက်ပါသည်။

ဖြူစင်မိုးက ယောကျ်ားလေးပီပီ မြသားအတွက် ကျသင့်ငွေပါရှင်းမည်ပြုရာက နားမလည်သလို လှမ်းကြည့်လာသည်မို့···

"မြသားအတွက်ကို မြသားပဲပေးမယ်၊ မေခါးနဲ့ဆိုလည်း မြသားတို့က ဒီလိုရှင်းနေကျ"

သူက သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်ကာ သူ့အတွက်အအေးဖိုးကိုသာ ရှင်းလိုက်လေ၏။

ကင်တင်းမှ ထွက်လာပြီးနောက် မြသားတို့နှစ်ယောက် ပရယ်တီကယ်ခန်းရှိရာ ရော်ဘာတောအက်သို့ အတူလျှောက်ခဲ့ကြသည်။



အထူးအဆန်းဖြစ်၍နေရာ မြသားတို့နှစ်ယောက်ကို ကျောင်းတော်မျှားမျှားက ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။

ခါတိုင်း မေခါးတစ်ယောက်နှင့်သာ တွဲလေ့ရှိရာမှ သည်နေ့တော့ ထူးထူးခြားခြား အတန်းဖော်ကောင်လေးတစ်ယောက်နှင့် တွဲလျက်တွေ့ရရာ မြသားကို လူတွေအထူးအဆန်းဖြစ်နေပုံပင်။

ပရယ်တီကယ်ခန်းထဲရောက်မှသာ မြသားတို့နှစ်ယောက် လမ်းခွဲဖြစ်ကြသည်။

သည်တော့မှပင် ဖြူစင်မိုး ဘယ်နေရာမှာရှိသည်ဆိုတာကို မြသား စူးစမ်းရှာဖွေကြည့်မိသည်။ မြသားတို့နှင့် ခွဲချင်း အနည်းငယ်ဝေးတာမို့ လုပ်ရင်းကိုင်ရင်းလည်း ဖို့အခွင့်အလမ်း မရှိရာ၊ နဂိုကတည်းက C-၁ ထဲမှာ အာရုံမရှိလှသော မြသားက သတိမထားခဲ့မိတာပဲဖြစ်သည်။

ခုတော့ဖြင့် မြသားသည် ပရယ်တီကယ်လုပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်မိုးရှိရာကို မကြာခဏ လှမ်းကြည့်မိသည်။ ကြည့်တိုင်းလည်း ဖြူစင်မိုးနှင့် အကြည့်ချင်း ဆုံဖြစ်ကြလေ၏။

ပရယ်တီကာယ်ပြီးသောအခါ အခန်းပြင်မှာ မြသားတို့နှစ်ယောက် ဆုံဖြစ်ကြသည်။

"ကား လာကြိုမှာလား၊ ဘယ်မှာကြိုမယ် ပြောထားလဲ"

သူက မေးဖော်ရသည်။

"ဒီထိပ်မှာပဲ ကြိုမှာပါ၊ သူကရော ဘာနဲ့ပြန်မှာလဲ"

ရော်ဘာတောဝင်းထိပ်သို့ ထွက်လာခဲ့ကြရင်း မြသားက ပြန်စူးစမ်းလိုက်မိသည်။

"ကျွန်တော့်ကိုလား၊ ဖေဖေ ရုံးကအပြန် ဝင်ကြိုလိမ့်မယ်၊ အေဒီလမ်းထိပ်မှာ ကျွန်တော်ထွက်စီးတယ်၊ ကျောင်းလာတော့လည်း ဖေဖေနဲ့ပဲ လိုက်လာတာ"

ကျောင်းကို ထမင်းဘူးနှင့်လာသော ကောင်လေးသည် အဖေကိုယ်တိုင် အကြိုအပို့လုပ်သော ကားနှင့်ပင် ကျောင်းအသွားအပြန် လုပ်သည်တဲ့။



ရိုးသားထူးဆန်းသော ကောင်လေးပါပင်။

မြသား ကားစောင့်ရမည့် ဂိတ်ဝရောက်သောအခါ သူက စောင့်ပေးရဦးမလားဟု မရဲတရဲ မေးဖော်ရသေးသည်။ မြသားက ငြင်းသောအခါမှ သူ ကားစောင့်စီးရမည့် လမ်းဘက်သို့ မြသားကို နှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။

မြသားသည် ဖြူစင်မိုးဆိုသော အေးဆေးငြိမ်သက်ပုံရပေမယ့် နူးညံ့သိမ်မွေ့သော နှလုံးသားရှိသည့် အတန်းဖော်မိတ်ဆွေသစ်လေးကို မျက်စိတစ်ဆုံး ငေးမောရင်း ကျန်ခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေမှာလည်း မေခါး ကျောင်းမတက်နိုင်

ပါ။ တိုက်ဖွိုက်ဆန်ဆန် အဖျားမို့ တစ်ပတ်လုံးလုံး နလံမ

နိုင်။ ထိုရက်တွေထဲမှာ မြသားသည် ကိုယ့်အတန်းမှန်

သည့် ဃ-၁ မှာသာ အတန်းသွားတက်နေဖြစ်လျက် ဖြူစင်

ကိုသာ အဖော်လုပ်နေခဲ့ရသည်။

ပထမနေ့က သိကျွမ်းခဲ့ပြီး ဒုတိယနေ့မနက် ကျော

ရောက်သွားသောအခါ သူ့ကို အခန်းပြင်မှာ တွေ့ရပါသည်

နှစ်ယောက်သား ပြုံးပြနှုတ်ဆက်ဖြစ်သော

သူက…

"သူငယ်ချင်း ကျောင်းမတက်နိုင်သေးဘူးလား





ဟု မေးသည်။ မတက်နိုင်သေးသည့်အကြောင်း မြသားက ခေါင်းခါပြလိုက်သည်။

"ဒီနေ့ ကျူတိုရီယယ် မရှိပါဘူး၊ C-2 မှာ သွား မတက်ဘူးလား"

"C-2 မှာက မေခါးရှိနေလို့ တက်ဖြစ်တာပါ၊ ဟို အတန်းမှာလည်း မေခါးအပြင် သူငယ်ချင်းမှမရှိတာ၊ အဖော် မရှိတဲ့အတူတူတော့ ကိုယ့်အတန်းကိုယ်တက်တာပဲ ကောင်း မယ်ထင်လို့"

မြသားက အမှန်အတိုင်း ပြောမိသည်။ တစ်ချို့ တစ်ဝက်ကိုတော့ ချန်လှပ်ထားလိုက်သည်။ အဲဒါကတော့ C-1 မှာ ဖြူစင်မိုးဆိုသော မိတ်ဆွေသစ်တစ်ယောက် အားကိုး ရှိနေသောကြောင့် ဆိုတာကိုပင်။

သည်မနက် မေခါးထံဝင်ပြီး သတင်းမေးရင်းက စာအုပ်တွေ တောင်းလာခဲ့သည်။ ကျောင်းမှာသင်သော စက် တွေကို ပြန်ကူးပေးဖို့ဖြစ်သည်။

မေခါးက နင်ဘယ်လို ကျောင်းတက်နေသလဲ ဟု ပွပန်စွာမေးဖော်မရသလို မြသားကလည်း ဖြူစင်မိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာချမ်းဖြစ်သည့် အကြောင်းကို ပြောမပြဖြစ်ခဲ့။

အတန်းတက်ဖို့ အခန်းထဲဝင်သောအခါ နှစ်ယောက် အတူ ဝင်ဖြစ်ခဲ့ကြသည်။

သူထိုင်နေကျ အတန်းအလယ်လောက်မှာရှိသည့် နေရာ၏ နောက်တစ်တန်းကို ဦးဆောင်ခေါ်သွားသည့် ဖြူစင်မိုးသည် သူ့နောက်မှာ မြသားပါလာမှာကို သေချာသိနေသလို မြသားကလည်း ကိုယ့်လက်ကိုဆွဲယူခေါ်ဆောင်သွားသည့်အလား သူ့နောက်မှ အလိုအလျောက် လိုက်ပါသွားခဲ့မိသည်။

ယောကျ်ားလေးတစ်ယောက်နှင့် ပထမဦးဆုံးအကြိမ် နှစ်ယောက်တည်းအတူ ယှဉ်တွဲထိုင်ရခြင်းမို့ ရှက်ရွံ့ပူနွေးစွာဖြင့် မြသား ရင်တွေခုန်နေခဲ့သည်။

တစ်စတစ်စ ပိုပြီး လေးစားခင်မင်လာရတာက ဖြူစင်မိုးသည် တစ်ဖက်သားကို ကူညီစောင့်ရှောက်ရုံအပြင် အပိုအခွင့်အရေး မယူတတ်သော ချစ်စဖွယ် ဖြူစင်ရိုးသားမှုလေး ရှိနေခဲ့တာပင်။

"ယောကောင် မိုးကြီး၊ မင်းက ငါ့အနားတောင် လာ



မထိုင်တော့ဘူးပေါ့လေ၊ အေးပေါ့လေ အသစ်တွေ့တော့ အဟောင်းမေ့တာပေါ့"

ရှေ့တန်းမှာထိုင်နေသည့် သူငယ်ချင်းဖြစ်သူက လှမ်းစသောအခါ သူက အကြီးအကျယ် အားနာမျက်နှာပူသွားဟန်ဖြင့် . . .

"မဟုတ်ပါဘူးကွာ၊ သူ တစ်ယောက်တည်း ဖြစ်နေလို့ပါ"

ဟု ကမန်းကတန်း ဖြေရှင်းသည်။

"တစ်ယောက်တည်း ဖြစ်နေရင်လည်း ဒီရှေ့မှာ ငါတို့နဲ့အတူ လာထိုင်လို့ ရပါတယ်ကွာ၊ မင်းဘာသာမင်း နှစ်ယောက်တည်း ထိုင်ချင်ရင် ထိုင်ချင်တယ်ပြောပါ မိုးကြီးရာ"

မြသားရှေ့မှာမို့ အခြေအတင်လည်း ပြန်လည်ငြင်းခုန်မနေဖြစ်ဘဲ မျက်နှာကြီးနီကာ ရှက်ရွံ့အနေခက်နေသော မိုးပုံက ကလေးငယ်တစ်ဦးလို အပြစ်ကင်း၍ ပြုံးချင်စရာ ကောင်းနေခဲ့ပါသည်။

သူမနှင့်နှစ်ယောက်ထဲ အတူတွဲရှိနေရုံနှင့် မိုးကို

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပါဆိုလျှင် C-1 မှာပဲ မြသား အတန်းတက်ချင်စိတ် ရှိနေပါတော့သည်။

သို့သော်လည်း မမျှော်လင့်ဘဲ မြသားဆန္ဒ ပြည့်ဝခဲ့ရသည်။

ထိုနေ့က ကျောင်းမတက်နိုင်သေးဟု ပြောထားတာမို့ တစ်ယောက်တည်း ကျောင်းရောက်လာပြီး ခါတိုင်းလိုပင် မိုးနှင့်အတူ နှစ်ယောက်သား အခန်းရှေ့မှာရှိနေခိုက် ရုတ်တရက်ကြီး မေခါး ရှေ့ကို ရောက်ချလာခဲ့တာဖြစ်သည်။

မြသားတို့နှစ်ယောက်ကို တွေ့လိုက်ရသောအခါ မေခါး အတော်ကြီး အံ့အားတသင့် ဖြစ်သွားပုံရသည်။ ခပ်လှမ်းလှမ်းမှ ကြောင်ငေးကြည့်နေသည်မှာ ရုတ်တရက် ကျောက်ရုပ်ဖြစ်သွား လေသလားပင်။

မေခါး စိတ်ဆိုးသွားပြီလားဟု အနားကို စိုးရိမ်တကြီးရောက်သွားကာ မြသားက အကျိုးအကြောင်းပြောပြရင်း မိုးနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

တစ်ဆက်တည်းမှာပဲ မိုးကိုများ မေခါး ခါးခါးသီးသီး ဆက်ဆံလေမလားဟု တိတ်တဆိတ် ပူပန်နေမိပြန်သည်။





ကံကောင်းထောက်မစွာပဲ မေခါးသည် မိုးကို ရင့်ရင့်သီးသီး မတုံ့ပြန်ပါ။ သို့သော်လည်း နားလည်ခန့်မှန်းရခက်သော အရိပ်အယောင်များတော့ မေခါးမျက်နှာပေါ်မှာရှိနေခဲ့သည်။

"သွားစို့လေ မြသား၊ အတန်းသွားတက်ကြရအောင်"

မေခါးက ပြောသောအခါ မြသားက မိုးကို လှမ်းကြည့်မိသည်။ နှုတ်ဆက်ခွင့်ပန်သော အကြည့်ဖြစ်ပေမယ့် တွေဝေညှိုးငယ်ရိပ်တွေ ပါဝင်နေမှာလည်း သေချာသည်။

ထိုနေရာမှာ ခံစားချက်အမှန်ကို ပြောပါဆိုလျှင် C-2 ကို မပြန်ချင်။ C-1 မှာ မိုးအားကိုးဖြင့် ဝံ့စားပျော်ဝင်နေပြီ မဟုတ်လား။ သို့သော်လည်း မေခါးနှင့်လည်း မခွဲခွာချင်ပြန်။ မေခါးကိုလည်း ထိုသို့ပြော၍မဖြစ်။ မပြောရက်။ အဖြစ်ချင်ဆုံးဆန္ဒကတော့ ဘယ်အခန်းမှာပဲဖြစ်ဖြစ် သုံးယောက်အတူ ရှိနေစေချင်တာပင်။

နောက်ဆုံးတော့ ဖြစ်သင့်တာကို ဦးစားပေးပြီး မိုးကို ကျေးဇူးတင်နှုတ်ဆက်စကားဆိုလျက် မေခါးနှင့် ပြန်လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုစနောက်ရပါသနည်းဟု ဆန်းကြယ်သလိုလို ရှိနေသော ပဟေဠိ၏အဖြေကိုလည်း များမကြာမီမှာပင် မြသား ရိပ်မိသလိုလို ရှိလာခဲ့ရတော့သည်။

မိုးသည် အစောကြီးကတည်းကပင် မြသားကို စိတ် ဝင်စား စောင့်ကြည့်နေခဲ့သော မြသားကမသိသည့် အတန်း ဖော်ကျောင်းသားတစ်ယောက် ဖြစ်ကြောင်းကို မိုးသူငယ်ချင်း များ၏ အစအနောက် စကားအသွားအလာကိုကြည့်၍ မြသား အကဲဖြတ်နားလည်လာခဲ့ရသည်။

သို့သော် မိုးကိုယ်တိုင်ကတော့ဖြင့် ထိုအချက်ကို မသိကျိုးကျွံပြုဖို့ ကြိုးစားရှာပါသည်။

မေခါ၊ ကျောင်းမတက်နိုင်သော တစ်ပတ်အတွင်း မိုးကိုသာ အဖော်ပြု၍ မြသား ကျောင်းတက်ဖြစ်ခဲ့သည်။

မနက်ဆိုလျှင် အခန်းရှေ့မှာ မိုးသည် မြသား စောင့်နေလေ့ရှိပြီး နှစ်ယောက်အတူ တစ်နေကုန်အတန်းတက် ဖြစ်ကြသည်။ ဗိုက်ဆာလျှင် ကင်တင်းသွား၍ တစ်ခုခု စား သည်။

အစကတည်းကပင် သူ့နည်းတူ အေးဆေးသည့်





သူငယ်ချင်းအနည်းငယ်နှင့် သီးသီးသန့်သန့် နေတတ်ပုံရ သော မိုးသည် မြသားနံဘေးမှာလည်း အေးဆေးငြိမ်သက် သော ချစ်စဖွယ်အိန္ဒြေနှင့် ပြည့်စုံသည့် အဖော်ကောင်းလေး တစ်လက် ဖြစ်နေရပါတော့သည်။

မြသားအတွက် မနက်ခင်းကျောင်းတက်ရက်များ သည် အရောင်တစ်မျိုး တောက်ပပြောင်းလဲလာခဲ့ရတာကို ကိုယ်တိုင်အသိ။

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်သွားသောအခါ မခံစား စဘူး စိတ်ညစ်သလို၊ ဝမ်းနည်းသလို လစ်ဟာသလိုလို ခံစား ရသည်။

တနင်္လာနေ့မနက်မှာတော့ မေခါ၊ ကျောင်းပြန်တက် နိုင်ခဲ့သည်။

မေခါ၊ နေကောင်းလာတာကို ဝမ်းသာပေမယ့် တစ်ခု ကိုတော့ မြသား ဘဝင်မကျဖြစ်နေခဲ့မိသည်။ မေခါ၊ ကျောင်း ပြန်တက်ပြီဆိုတော့ ခါတိုင်းလို မေခါနှင့်အတူ C-2 မှာ ပြန်တက်ရတော့မည် မဟုတ်လား။

ထိုအခါ မိုးနှင့်ခွဲခွာရပါတော့မည်။ ဆန္ဒရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပါဆိုလျှင် C-1 မှာပဲ မြသား အတန်းတက်ချင်စိတ် ရှိနေပါတော့သည်။

သို့သော်လည်း မမျှော်လင့်ဘဲ မြသားဆန္ဒ ပြည့်ဝခဲ့ရသည်။

ထိုနေ့က ကျောင်းမတက်နိုင်သေးဟု ပြောထားတာမို့ တစ်ယောက်တည်း ကျောင်းရောက်လာပြီး ခါတိုင်းလိုပင် မိုးနှင့်အတူ နှစ်ယောက်သား အခန်းရှေ့မှာရှိနေခိုက် ရုတ်တရက်ကြီး မေခါး ရှေ့ကို ရောက်ချလာခဲ့တာဖြစ်သည်။

မြသားတို့နှစ်ယောက်ကို တွေ့လိုက်ရသောအခါ မေခါး အတော်ကြီး အံ့အားတသင့် ဖြစ်သွားပုံရသည်။ ခပ်လှမ်းလှမ်းမှ ကြောင်ငေးကြည့်နေသည်မှာ ရုတ်တရက် ကျောက်ရုပ်ဖြစ်သွား လေသလားပင်။

မေခါး စိတ်ဆိုးသွားပြီလားဟု အနားကို စိုးရိမ်တကြီး ရောက်သွားကာ မြသားက အကျိုးအကြောင်းပြောပြရင်း မိုးနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

တစ်ဆက်တည်းမှာပဲ မိုးကိုများ မေခါး ခါးခါးသီးသီး ဆက်ဆံလေမလားဟု တိတ်တဆိတ် ပူပန်နေမိပြန်သည်။





ကံကောင်းထောက်မစွာပဲ မေခါးသည် မိုးကို ရင့်ရင့်သီးသီး မတုံ့ပြန်ပါ။ သို့သော်လည်း နားလည်ခန့်မှန်းရခက်သော အရိပ်အယောင်များတော့ မေခါးမျက်နှာပေါ်မှာရှိနေခဲ့သည်။

"သွားစို့လေ မြသား၊ အတန်းသွားတက်ကြရအောင်"

မေခါးက ပြောသောအခါ မြသားက မိုးကို လှမ်းကြည့်မိသည်။ နှုတ်ဆက်ခွင့်ပန်သော အကြည့်ဖြစ်ပေမယ့် တွေဝေညှိုးငယ်ရိပ်တွေ ပါဝင်နေမှာလည်း သေချာသည်။

ထိုနေ့ရာမှာ ခံစားချက်အမှန်ကို ပြောပါဆိုလျှင် C-2 ကို မပြန်ချင်။ C-1 မှာ မိုးအားကိုးဖြင့် ဝံ့စားပျော်ဝင်နေပြီ မဟုတ်လား။ သို့သော်လည်း မေခါးနှင့်လည်း မခွဲခွာချင်ပြန်။ မေခါးကိုလည်း ထိုသို့ပြော၍မဖြစ်။ မပြောရက်။ အဖြစ်ချင်ဆုံးဆန္ဒကတော့ ဘယ်အခန်းမှာပဲဖြစ်ဖြစ် သုံးယောက်အတူ ရှိနေစေချင်တာပင်။

နောက်ဆုံးတော့ ဖြစ်သင့်တာကို ဦးစားပေးပြီး မိုးကို ကျေးဇူးတင်နှုတ်ဆက်စကားဆိုလျက် မေခါးနှင့် ပြန်လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တော့သည်။

C-2 မှာ အရင်ကလို မေခါးနှင့် အတန်းအတူပြန်ပြီး တက်နေရပေမယ့် မြသား မပျော်ပိုက်တော့။ တစ်စုံတစ်ခု လစ်ဟာနေသလို ခံစားချက်ဖြင့် မိုးကိုသာ သတိရနေမိသည်။

သို့သော်လည်း မိုးနှင့်နေ့စဉ်လိုလို ဆုံမိရတတ်ပါသည်။ ကျောင်းသို့အလာ မေခါးနှင့်ဆုံနေကျဂိတ်ဝမှာ မိုးရောက်နှင့်နေ တတ်သည်။

တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ် တိုက်ဆိုင်ပါ များလာသောအခါ ကိုယ့်ကိုလာစောင့်နေခြင်းပဲဟု သဘောပေါက်ရသည်။

မေခါးကတော့ သည်အဖြစ်အပျက်ကို ကြိုက်ပုံမရပါ။ မိုးနှင့်မြသားတို့ကိုမြင်လျှင် မျက်နှာပျက်ပျက်သွားတတ်၏။

ကျူတိုရီရယ်၊ ပရယ်တီကယ် အချိန်တွေမှာ မိုးနှင့်ဆုံဖြစ်ကြသည်။ သို့သော် နှစ်ယောက်တည်းတော့ မဟုတ်။ မေခါးကား ကျူတိုရီရယ်ချိန်သာမက တစ်ခါတစ်ရံ ညနေပိုင်း ပရယ်တီကယ်ချိန်များပါ ပျင်းနေသည်ဟုဆိုကာ အဖော်လုပ်





စောင့်တတ်မြဲမို့ မြသားတို့သည် အမြဲ သုံးယောက်တစ်တွဲသာ ဖြစ်နေရပါသည်။

သည်လိုနှင့် စိတ်ချင်းနားလည်သော မနီးတနီးသူငယ်ချင်းဘဝမှာပင် ပထမနှစ်စာသင်ရက်များ ကုန်ဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်သို့ ရောက်လာသောအခါ ဂုဏ်ထူးတန်းဝင်ရေးဟူသော ရည်မှန်းချက်တစ်ခု ရှိလာပြီမို့ နှစ်ယောက်သား စာကို အာရုံပိုမိုစူးစိုက်ခဲ့ကြသည်။

ကျောင်းစာသင်ချိန်အပြင် အပိုကျူရှင်ယူဖြစ်ကြသည်။

သမီး၏ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးသော ဖေဖေနှင့်မေမေက ကျူရှင်ဝိုင်းကို အိမ်မှာပင် လုပ်စေသည်။ ငွေရေးကြေးရေး အခက်အခဲရှိသော မေခါးကို ကိုယ့်သားသမီးနှင့် တန်းတူတတ်စေတော်စေလိုသော စေတနာဖြင့် မေမေက ပညာဒါနလုပ်၏။



အခမဲ့ ကျူရှင်လာတက်စေသည်။

မိုးနှင့် စကားစပ်၍ ကျူရှင်ကိစ္စပြောဖြစ်ကြသောအခါ မိုးမှာပါ ကျူရှင်တက်ချင်သည့် အခက်အခဲရှိနေကြောင်း သိရသည်။ ထိုအခါ မြသားသည် သဘောရိုးနှင့်ပင် နှစ်ယောက်တည်းရှိသော ကိုယ့်အိမ်ဝိုင်းမှာ လာသင်ဖို့ခေါ်မိ၏။

မေမေတို့ကို ပြောပြသောအခါ မေမေကလည်း သဘောတူသည်။

သည်မှာ မကျေနပ်သည်က မေခါးဖြစ်သည်။ သူ့ကို မတိုင်ပင်ပဲ လုပ်ပါသည်ဟု မေခါးစိတ်ကောက်လေသည်။ သူ ကျူရှင်လာမတက်တော့ပါဟု ဆန္ဒပြသည်။

"ဘာဖြစ်လဲမေခါးရယ်၊ ကိုယ့်အတန်းသားချင်း ညာနဲ့ပတ်သက်ပြီး ကူညီရတာပဲ၊ သူ့မှာ ကျူရှင်ယူဖို့ အခက်အခဲ ဖြစ်နေတယ်၊ သူများဝိုင်းတွေကလည်း လူတွေ ပြည့်ကုန်ပြီ၊ သူ့ဘာသာ ဝိုင်းဖို့ကလည်း လူမရှိနဲ့၊ ကိုယ့်အိမ်မှာက လူလိုနေတဲ့ဟာကို"

"မဟုတ်ပါဘူး နင် သူနဲ့နီးစပ်ချင်လို့ ဓာတ်လမ်းဆွင်နေတာပါ၊ ငါမသိတာမှတ်လို့၊ ပညာကိုဗန်းပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာရှာဖို့ ကြိုးစားနေတာများ"

မျိုးစုံစွပ်စွဲ၍ စကားနာထိုးပါသည်။ သူမရွဲ့သော တစ်ခြားအဖော်ကို မြသား ရသွားမှာစိုးရိမ်စိတ်ဖြင့် အားငယ်ရန်လိုနေသော မေခါးကို သူမက ကရုဏာသက်စွာ နားလည်ခွင့်လွှတ်ထားပြီးဖြစ်သည်မို့ သူပြောသမျှ စိတ်မဆိုးရက်ပါ။

နောက်ဆုံးတော့ မေခါး စိတ်ပြောင်းလျှော့ပေးသွားပါသည်။ သို့ပေမယ့် အလျော်အစားတစ်ခုနှင့်တော့ ဖြစ်၏။

"ဒါဆို နင်ပြောပေးရမယ်၊ ကျူရှင်အသွားအပြန်ငါ့ကို ဝင်ခေါ်ဝင်ပို့ပေးဖို့"

မိုးကို ပြောရမှာ အားနာသော်လည်း မေခါးစိတ်ကျေနပ်စေရန် မြသားက သဘောတူလိုက်ပါသည်။

တကယ်တော့ မိုး အိမ်ကိုလာလျှင် မေခါးတို့ဖက်က ဖြတ်လာရမှာပဲမို့ အပမ်းတော့ မကြီးလှပါ။

မိုးကို ပြောမိသောအခါ မိုးက သဘောတူရှာပါသည်။ မေခါးက သည်အပေးအယူကို မိုးကို မပြောဖို့နှုတ်ပိတ်ထားသေး၏။

ဘာပဲဖြစ်ဖြစ် မြသားကတော့ မေခါးကို ကျေးဇူး





တင်မိသည်။ ဘာကြောင့်လဲဆိုတော့ ကျူရှင်အတူတက်ရာမှ တစ်ဆင့် ကျောင်းမှာပါ သူမတို့သုံးယောက် ဆက်လက်တွဲဖြစ်ခဲ့ကြသောကြောင့်ပင်။

သူ့ကို ကျူရှင်အကြိုအပို့လုပ်ပေးနေသော မိုးကိုသည်း မေခါး မခါးသီးနိုင်တော့ပါ။

ပြီးတော့ ဒုတိယနှစ်မှာ စာသင်ချိန်ပြည့်ဖို့ဆိုတာတွေအခ ဂရုစိုက်လာရရာ ကိုယ့်အတန်းမှန်ကို ကိုယ်ပြန်တက်ရသောကြောင့် မိုးနှင့်မြသား ပိုမိုနီးစပ်လာရပါသည်။

မေခါးနှင့်အတူ ရှိနေချိန်တွေမှာ သူငယ်ချင်းကို ဂရုစိုက်တတ်လွန်းသော မြသားကို ငဲ့ညှာသည့်အနေဖြင့် သိုသိုသိပ်သိပ် နေပေးသော်လည်း နှစ်ယောက်ထဲ အတန်းထဲအတူရှိချိန်တွေမှာတော့ သူ့ခံစားချက်ကို မိုး လှစ်ဟတတ်လာသည်။

လူမမြင်အောင် မြသား လက်ကလေးကို ခုံအောက်မှာ ဖွဖွဆုပ်ကိုင်လာတတ်၏။ မြသားကလည်း မရုန်းမိ။ နှစ်ယောက်အတူရှိနေသော စာသင်ချိန်များသည် သာယာကြည်နူးဖွယ် အငွေ့အသက်တို့ဖြင့် ထုံမွှမ်းလှပနေလာခဲ့သော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

သည်လိုနှင့် စာမေးပွဲရက်တွေ နီးကပ်လာသည်။ မိုးကား စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်သော ကျောင်းသားလေးဖြစ်သည်။ စာမေးပွဲနီးလာလေ မိုးစိတ်တွေ ဖိအားများကား ကစ္ဆေ-ကလျားဖြစ်လေပင်။

မြသားတို့နှစ်ယောက်ကိုပင် မသိသောစာတွေကို ပြပေးနေကျမိုးသည် သူအပိုင်ရကျက်မှတ်ထားသော စာတွေကိုပင် မေ့ကုန်သည်အထိ ဖြစ်တော့သည်။

ပထမတစ်ရက်မှာပင် မိုး မဖြေနိုင်ပါ။ မြသားနှင့်မိုးက စာမေးပွဲတစ်ခန်းတည်း ကျသည်။ မေခါးက သတ်သတ် တစ်ခန်းမို့ မြသားမှာ မိုးမဖြေနိုင်ဖြစ်နေသည်ကို အစအဆုံး မြင်တွေ့ကာ စိတ်မဖြောင့်နိုင်ဖြစ်နေရသည်။

စာမေးပွဲခန်းထဲက မိုး အစောကြီးထွက်သွားသည်ကို မြင်သောအခါ ကိုယ်ရနေသည့်စာတွေကိုပင် ကမန်းကတန်း ဖြေပစ်ခဲ့ပြီး မိုးနောက် ထွက်လိုက်လာခဲ့မိသည်။

အတန်းပြင်ရောက်သောအခါ အကြီးအကျယ် စိတ်ပျက်ချောက်ချားနေသည့် မိုးကို တွေ့ရသည်။ မိုးလက်ကို ဆုပ်ကိုင်ရင်း ပွယ်ပွယ်တကြီး အားပေးစကားများ ပြောနေခဲ့စဉ်မှာပင် မေခါးက အနားသို့ရောက်လာခဲ့လေသည်။





မိုးကို စိတ်ပူနေတာမို့ မိုးလက်ကို ဆုပ်ကိုင်ထားမိပါလားဆိုတာလည်း သတိမရ။ အတန်ကြာ၍ မေခါးမျက်နှာတစ်မျိုးဖြစ်နေသည်ကို တွေ့ရမှ မေခါးရှေ့မှာ မှားယွင်းနေသည့် အခြေအနေကို သတိရသည်။

မိုးလက်ကို အလန့်တကြား လွှတ်ချလိုက်မိသော်လည်း မေခါးကား မြသားတို့နှစ်ယောက်ကြားမှ ပြောင်းလဲတိုးတက်နေသော အခြေအနေသစ်တစ်ရပ်ကို နားလည်သိရှိသွားခဲ့ပြီဖြစ်သည်။

မိုးက ငြင်းဆိုဖို့ ကန့်ကွက်ခဲ့သလို မြသားကလည်း အမှန်အတိုင်းပင် ဝန်ခံအသိပေးလိုက်မိတော့သည်။

မိုးနှင့်မြသား ချစ်သူတွေ ဖြစ်နေကြပါပြီဟု။

ထိုနေ့က မြသားတို့အနားမှ ပျောက်ကွယ်သွားခဲ့သော မေခါးသည် အပြီးအပိုင် နှုတ်ဆက်ထွက်သွားခြင်းဖြစ်သည်ဆိုတာကိုတော့ မြသားရော မိုးပါ မသိတတ်နိုင်ခဲ့။

အောင်စာရင်းတွေ ထွက်သောအခါ မြသားရောမိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးတန်း ဝင်ကြသည်။ မေခါးကတော့ ရိုးရိုးသာအောင်၏။

သို့သော်လည်း မေခါးကား ပေါ်မလာတော့ပါ။ သူချစ်သော တက္ကသိုလ်ကျောင်းသူဘဝကို အပြီးတိုင်နှုတ်ဆက်စွန့်ခွာသွားခဲ့လေ၏။ ကျောင်းပြီးသောအခါ မိုးနှင့်မြသား လက်ထပ်လိုက်ကြသည်။

မေခါးကိုတော့ဖြင့် အချစ်ဆုံးသူငယ်ချင်းတစ်ယောက်အဖြစ် မြသားက သတိရနေဆဲ။



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



'ဖြူစင်မိုး+ငွေစင်မြသား' ဟူသည့် နာမည်နှစ်ခု အောက်မှ ရိုက်နှိပ်ထားသော လိပ်စာအတိုင်း ဗစ်စစ်တင်း ကဒ်လေးကို လက်တစ်ဖက်မှကိုင်ကာ ကားမောင်းလာသော မေခါးသည် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုအတွင်းမှ သန့်ရှင်းလှပ သော ခြံတစ်ခြံရှေ့မှာ ကားကိုရပ်မိသွားပါသည်။

ခြံစည်းရိုး အုတ်တိုင်ပေါ်မှာ '-----'ဟူသော ဆိုင်းဘုတ်ပြားလေးကို တွေ့ရသောအခါ အမြဲတင်းတင်းစေ့ ထားမိသော သူမနှုတ်ခမ်းပါးနှစ်ချပ်က အနည်းငယ်မဲ့ကွေးစွာ ပြုံးသွားကြသည်။

ဒါ မြသားငယ်စဉ်က နေထိုင်ခဲ့သော မိဘပိုင်အိမ်ခြံ





ဝင်းကြီးပါပဲ။ ခြံစည်းရိုးအကာအရံများနှင့် ခြံတံခါးတို့ကို ခေတ်မီဆန်းသစ်အောင် ပြန်ပြုပြင်ထားသည်။

ခြံထဲမှာ ယခင်နှစ်ထပ်တိုက်ဟောင်း အပြင် နောက်ထပ် ခေတ်မီသော နှစ်ထပ်တိုက်သစ်လေးတစ်လုံးကို တွေ့ရသည်။

မိုးနှင့် မြသားတို့အိမ် ဖြစ်လိမ့်မပေါ့။

ခြံတွင်းမှ ပျော်ရွှင်စွာ ရယ်မောဆော့ကစားနေသံများ ကို ကြားရသည်။ သေချာကြည့်မိသောအခါ မိသားစုတစ်စု မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဆော့ကစားနေကြခြင်းဖြစ်သည်။ မိုး၊ မြသားနှင့် သူတို့၏ ကလေးနှစ်ယောက်ဖြစ်သည်။ ခွေးကြီးတစ်ကောင်လည်း ပါသေး၏။

ရောင်စုံဘောလုံးကြီးတစ်လုံးကို မိသားစုလေး ယောက် ပတ်လည်လှည့်ကာ တစ်ယောက်တစ်လှည့်စီ ခပ်ပေးနေသည်။ သန်စွမ်းထွားကျိုင်းသော အမျိုးကောင်းခွေး ကြီးက ကြားထဲမှ ဘောလုံးကို လိုက်လုနေသည်။

အားလုံး ပျော်ရွှင်ရယ်မော အော်ဟစ်နေကြသည်။ ခြံဝမှ သူမ၏ကားကို လုံးဝ သတိမထားမိကြချေ။



www.burmeseclassic.com

www.burmeseclassic.com



မေခါးသည် မြင်ကွင်းကို ခါးသီးမုန်းတီးစိတ်ဖြင့် ဟွန်းကို ကျယ်ကျယ်လောင်လောင် နှစ်ချက်ဆင့်တီးပစ်လိုက်သည်။

သည်တော့မှ လေးယောက်သား ခြံဝသို့ လှမ်းကြည့်လာကြကာ အဆော့ရပ်သွားကြသည်။

မိုးက တစ်ခုခုပြောလိုက်ပြီးနောက် မြသားက ခြံဝသို့ ရှင်ပြုံးမှာ ပြေးလာသည်။

မြသားသည် ဂျင်းဘောင်းဘီရှည်လေး ဝတ်ထားလျက် ကိုယ်ပေါ်မှာ ဆွယ်တာကိုယ်ကပ်လေးဝတ်ထားကာ ဖြောင့်စင်းသောဆံပင်များကို အနောက်ဘက်မှာ ခပ်မြင့်မြင့် စုချည်ထားရာ ငယ်ငယ်က သူမ လာလည်တိုင်း ပြေးထွက်ကြိုသော ကျောင်းသူမလေးဘဝကို ပြန်မြင်ယောင်သွားစေပါသည်။

ကြည့်စမ်း…။ မြသားဟာ ဟိုးနှစ်ကအတိုင်း မပြောင်းမလဲ လှဆဲတဲ့။

ခြံရှေ့ကားထဲမှ လူကို မှန်းဆကြည့်ရင်း ခြံတံခါးကို ချင့်ချင့်ချိန်ချိန် ဖွင့်ပေးဖို့ပြင်နေသော မြသားကိုကြည့်ရင်း





မေခါး မလိုတမာ တွေးမိလေသည်။

သူ မျှော်လင့်ထားမိတာက ကလေးနှစ်ယောက်အမေ မြသားသည် မေးနှစ်ထပ်ဖြစ်လျက် ခါးတုတ်တုတ်၊ ဗိုက်ပူပူ ပုံပျက်လျက်ပင်။

သူ လှမ်းအကဲခတ်ဆဲမှာပင် မြသားကလည်း ခြံတံခါးနောက်မှနေ၍ မေခါးကို မှတ်မိတွေ့မြင်သွားတော့လေသည်။

"မေခါး…"

ဝမ်းသာအားရ ရေရွတ်ရင်း ခြံတံခါးကို အကျယ်ဆုံးဖြစ်အောင် ကမန်းကတန်း ဖွင့်ပေးသည်။ မေခါးက မြသားဖွင့်ပေးသော ခြံတံခါးမှတစ်ဆင့် ခြံထဲသို့ကားကို လျောခနဲမောင်းဝင်သွားလိုက်သည်။

"မေခါး၊ ကြည့်စမ်း၊ ရှင်လှလာလိုက်တာ၊ ကျုပ်အပြင်မှာတွေ့ရင်တောင် မှတ်မိမှာ မဟုတ်ဘူး"

ကားပေါ်မှ ကြွရွစွာ ဆင်းမိလျှင် အနားသို့ အပြေးအလွှားရောက်လာသော မြသားက သူမကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း တအံ့တသြဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို တွေ့ရ၍ ပျော်ရွှင်ဝမ်းမြောက်နေဟန်က လည်း မြသား၏ ကလေးဆန်မြဲ မျက်နှာပေါ်မှာအထင်းသား။

"ရှင်လည်း အရင်အတိုင်း လှမြဲပါပဲကွယ်"

စိတ်ထဲကတော့ မပါလှစွာ ဆိုမိသည်။

"မျှော်သာမျှော်ရတယ်၊ ရှင်လာမှ လာပါ့မလားလို့"

"လာမှာပေါ့၊ လာမယ်လို့ ပြောထားပြီးသားပဲ"

သူငယ်ချင်းနှစ်ယောက်၏ ဆုံစည်းခန်းကို ခပ်လှမ်းလှမ်းမှကြည့်နေသော မိုးက သားကိုလက်ဆွဲလျက် သမီးကို ပခုံးပေါ်တင်လျက် အနားသို့ ရောက်လာပါသည်။

"အိမ်ထဲဝင်ကြလေ၊ သားက သူငယ်ချင်းကို အိမ်ထဲခေါ်ဦးလေ၊ ပြီးမှ ဆက်ပြောပေါ့၊ မောင် ဒီကောင်တွေနဲ့ ခဏဆော့လိုက်ဦးမယ်"

မောင်..တဲ့။ သား..တဲ့။ အခေါ်အဝေါ်တွေ တောင် ပြောင်းလို့။ အေးလေ...။

"လာ မေခါး၊ အိမ်ထဲဝင်ကြရအောင်"

မြသားဆွဲခေါ်ရာနောက်သို့ မေခါး သတိကြီးစွာဖြင့် လိုက်ပါသွားပါသည်။ လမ်းတစ်လျှောက် မြင်မြင်ရသမျှကို





အကဲခတ်ရှုစမ်းသွားသည်။ မကြာခင်မှာပင် နွေးထွေးလှပ သန့်ရှင်းဆန်းသစ်သော ဧည့်ခန်းလေးတစ်ခုထဲသို့ သူတို့နှစ်ဦး ရောက်သွားကြသည်။

ဒါ မြသားရဲ့ လက်ရာများလား။ ငယ်ငယ်က အတူ စာကျက်ရင်း အားကျမက်မောခဲ့ရသည့် မြသား၏ ကိုယ်ပိုင် အိပ်ခန်းလေးကို အမှတ်ရလာသည်။

အဖိုးတန်ပစ္စည်းများနှင့် ပြည့်စုံသည့် သန့်ရှင်းလှပ သော နေ့ချင်းစဖွယ်အခန်းလေး။ ထိုအခန်းလေးမှာ မေခါး ပျော်ခဲ့သည်။ ငါ့အိပ်ခန်းများဖြစ်လျှင် ဟူသောအတွေးဖြင့် လိုချင်တပ်မက်ခဲ့ဖူးသည်။

ထိုအခန်းတင်မက မြသားဘဝ တစ်ခုလုံးကိုပါ အား ကျခဲ့မင်ခဲ့ဖူးတာပဲ။ မေခါးကနေ မြသားဖြစ်ရရင် ဘယ် လောက်ကောင်းမလဲဟု အကြိမ်ကြိမ် ဆုတောင်းခဲ့ဖူးသည် လေ။

"ထိုင် သူငယ်ချင်း"

သူတို့နှစ်ယောက် နို့နှစ်ရောင်နှစ်ယောက်ထိုင် ဆိုဖာ အိအိကြီးမှာ ထိုင်ဖြစ်ကြသည်။ ဧည့်ခန်းတစ်ခုလုံးမှာ နို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင့် ကျွန်းရောင်များက ရောယှက်စိုးမိုးထားကြသည်။

ခန်းလုံးပြည့် ခန်းဆီးရှည်ကြီးများကလည်း နို့နှစ်ရောင်လှလှ။ ဖန်စားပွဲဖြူပေါ် တင်ထားသော အလှထိုးပန်းအိုးမှာပင် နို့နှစ်ရောင်သမ်းသည့် နှင်းဆီဖြူများက နေရာယူထားကြလို့။

"ဒါတွေအားလုံး ရှင့်လက်ရာလား"

ဧည့်ခန်းတစ်ခုလုံး သိမ်းကျုံးကြည့်ရင်း မေးလိုက်မိသည်။ မြသားက သွက်လက်ချက်ချာစွာပင် ခေါင်းညိတ်ကာ…

"ဟုတ်တယ်၊ ကျုပ်က အိမ်အလှဆင်တာ ဝါသနာပါတယ်လေ၊ ဒါကြောင့် ကိုယ့်စိတ်ကူးနဲ့ကိုယ်လုပ်တာ"

မေခါးက မေးလေးဆတ်ကာ…

"သြော်…သြော်၊ ရှင်နဲ့ကျုပ်နဲ့ကတော့ အမြဲ Opposite ပဲ၊ ကျုပ်က အိမ်တွင်းမှုကရိကထတွေ ဝါသနာမပါဘူး၊ ကျုပ်အခန်းကိုတော့ Home Decoration ကိုပဲ အပ်လိုက်တယ်၊ အချိန်လည်း မရှိဘူးလေ၊ ဒါနဲ့ ရှင့်အဖေနဲ့ အမေတို့ရော၊ ဟိုဘက် အရင်တိုက်မှာနေတာလား"



"ဟုတ်တယ်၊ ဖေဖေနဲ့ မေမေက ဟိုဘက်မှာနေတယ်၊ ဒီနေ့တော့မရှိဘူးဟဲ့၊ ရိပ်သာသွားကြတယ်၊ ကျုပ်က ရှင်နဲ့ ပြန်တွေ့တယ်ပြောလို့တောင် မေမေက ရှင့်ကို တွေ့ချင်နေတာ"

"ဟုတ်လား၊ ပြောလိုက်ပါကွယ်၊ ကျုပ်က နှုတ်ဆက်ပါတယ်လို့"

မြသား၏ အမေဆို၍ ပြေးမြင်ယောင်သတိရမိသည့် [illegible]က အိမ်ရှေ့ဧည့်ခန်း ဖယောင်းပုဆိုးခင်းပေါ်မှာ လက်သည်းဆိုးဆေးတွေ ဖိတ်ကျသွားတုန်းက အဖြစ်ဖြစ်သည်။

ထိုစဉ်က ကြောက်ရွံ့ထိတ်လန့်မှုကို ခုချိန်ထိ မမေ့နိုင်သေး။ အိမ်ကြီးရှင်၏ အငြိုအငြင်ကို ခေါင်းမဖော်ရဲစွာ ဆောင့်စားနေမိသည့် မည်းကြုတ်ကြုတ် စုတ်ဖတ်ဖတ် ကောင်မလေး။

ခါးသီးစရာ ကောင်းလိုက်တာ။

ခုနေများ လက်သည်းဆိုးဆေး ဆယ်ပုလင်းလောက် မှောက်ချကာ တစ်အိမ်လုံးမှ ကော်ဇောတွေကို အချပ်လိုက် [illegible]လျှော်ပေးလိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က ကျုပ်တို့မင်္ဂလာဆောင်တော့ ဖေဖေနဲ့ မေမေက လက်ဖွဲ့ခဲ့တာလေ၊ မိုးတို့ဖက်ကတော့ ကားတစ်စီး လက်ဖွဲ့တယ်၊ ကျုပ်က တစ်ဦးတည်းသောသမီးဆိုတော့ အိမ်ခွဲသွားလို့လည်း မဖြစ်ဘူးလေ၊ ဖေဖေ မေမေတို့ရှိလို့လည်း ကျုပ် ရည်ရွယ်တဲ့အလုပ်ကို ဆက်လုပ်နိုင်တာ၊ ကျုပ်ကျောင်းသွားရင် မေမေရယ် ထမင်းချက်ဒေါ်ကြီးစိမ်းရယ် ညိုမြရယ်က အိမ်ကကိစ္စတွေ အကုန်တာဝန်ယူပေးတယ်လေ၊ ဖေဖေက မြေးထိန်းပေါ့၊ ကျုပ်အဖေနဲ့အမေက အရမ်းအားကိုးရတာဟဲ့၊ သိပ်ချစ်ဖို့ကောင်းတာ"

မေခါးက 'ပိုရန်ကော' ဟူသောအတွေးဖြင့် မသိမသာ ပင့်သက်ရှိုက်လိုက်မိသည်။

"ရှင်ကော အခု ဘယ်မှာနေလဲ၊ ရှင့် အမေတို့ရော ပြီးတော့ ရှင် အကြာကြီးပျောက်ဆုံးနေရခြင်း အကြောင်းရင်း ပြောပါဦးဟယ်၊ ရှင့်အကြောင်းတွေ ကျုပ်အရမ်းသိချင်နေတာ"

မေခါးက အသာအယာ ပြုံးလိုက်ကာ...

"ကျုပ်အခု ကွန်ဒိုတစ်ခုမှာ နေတယ်၊ အမေတို့ကို





ကျောက်မြောင်းဘက်မှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးထားတယ်၊ သူတို့က အဲဒီမှာ သီးသန့်နေတယ်"

"အန်တီတို့ကို နင် ခေါ်မထားဘူးလား"

မေခါးက ခေါင်းယမ်းလိုက်ကာ...

"အမေ့မှာက အိမ်ထောင်မကျသေးတဲ့ မောင်နှမတွေ ရှိသေးတယ်၊ ကျုပ်က တစ်ယောက်တည်းပဲ သီးသန့်နေချင်တယ်၊ အဲဒီ ဘုစုခရုတွေကြားမှာ နေခဲ့ရတဲ့ဘဝကြီးကို မုန်းလွန်းလို့"

မြသားက တစ်ခုခုပြောမည်ပြင်ပြီးမှ မပြောတော့ဘဲ နေသည်။

"ဒါပေမယ့် သူတို့ကို ငွေရေးကြေးရေးတော့ တာဝန်ယူပါတယ်"

"နင့်အမျိုးသားရော"

လာပြီ သည်မေးခွန်းကြီး။ ကမ္ဘာပေါ်မှာ မဖြေချင်ဆုံး မေးခွန်းပါပဲ။ ဒါပေမယ့် လူတွေတွေ့တိုင်း သည်မေးခွန်းကို သာ မေးကြသည်။ ဒါကြောင့် လူတွေနှင့် မတွေ့ချင်တာ။

"ငါ အိမ်ထောင်ကျသွားတယ်လို့တော့ နင်သိတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အင်း၊ ကြားလိုက်တာလေ၊ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ သူကပြောတာ၊ နာမည်တောင် မမှတ်မိတော့ဘူး"

မေခါးက မေးခွန်းကို မဖြေမိ မြသားမျက်နှာကို အကဲခတ်ကြည့်မိသည်။ သူ့ကို သဘောရိုးနှင့် မေးတာဟုတ် မဟုတ်။ သိလျက်နှင့် တမင်အစ်အောက်နေတာဖြစ်နိုင် မဖြစ်နိုင်။

မြသားမျက်နှာကတော့ ကြည်ကြည်စင်စင်။ မျက်ဝန်းပြာကြီးများက နူးညံ့နွေးထွေးလျက်။

ထိုမျက်ဝန်းများအောက်မှာပဲ သူအကြိမ်ကြိမ် ရှုံးနိမ့်အရည်ပျော်ခဲ့ရဖူးသည်။ သူတစ်ပါး၏ လျှို့ဝှက်မှုသိပ်မှုကို ဖွင့်ဖောက်ညှို့ငင် ဖျားယောင်းနိုင်စွမ်းသော အကြင်နာမျက်ဝန်းတွေ။

ထိုမျက်ဝန်းတွေကို တပ်မက်သည်နှင့်အမျှ မေခါးမုန်းတီးလှပါသည်။

"သူက အခု ဂျပန်မှာလေ"





"ဪ...အလုပ်သွားလုပ်နေတာပေါ့၊ ကြာပြီလား"

"အင်း သုံးနှစ်လောက်ရှိပြီ"

"ကြာလိုက်တာဟယ်၊ သင်္ဘောသားတွေလို တစ်နှစ်တစ်ခါပြန်လာရရင် တော်သေးတယ်၊ နင်မလွမ်းဘူးလား"

မေခါးက ခပ်ကြောင်ကြောင်ဖြစ်သွားရာမှ ကမန်းကတန်း ခေါင်းခါပြလိုက်ရင်း...

"မလွမ်းပါဘူးဟာ၊ ဒီလိုပဲပေါ့"

"ဟင်...ငါတော့ မိုးကို အဝေးကြီးမလွှတ်နိုင်ပါဘူး၊ အကြာကြီးလည်း မခွဲနိုင်ဘူး၊ မိုးချုပ်မှောင်လို့ အိမ်ပြန်မရောက်သေးရင်တောင် မနေတတ်တာ၊ ပိုက်ဆံတွေအများကြီးမရရင်နေဟာ မိသားစုစုံစုံညီညီနေရရင်ပြီးရော၊ လူ့ဘဝဆိုတာ တိုတိုလေးပါ၊ တစ်ယောက်နဲ့တစ်ယောက် အတူနေရမယ့်အချိန်တွေက နှမြောစရာ"

မြသား၏ မရည်ရွယ်သော စကားက မေခါးကို နာကျင်ထိခိုက်သွားစေပါသည်။ မြသားရယ် ဘယ်သူကတော့ သောယာတဲ့ဘဝကို ပိုင်ဆိုင်ချင်ပါ့မလဲ။ နင့်လိုပဲ ငါကလည်း



www.burmeseclassic.com

www.burmeseclassic.com



အိုးနဲ့အိမ်နဲ့ သားသမီးတွေ စုံစုံညီညီနဲ့ နွေးထွေးသာယာတဲ့ မိသားစုဘဝကို ပိုင်ဆိုင်ချင်ခဲ့ဘူးတာပေါ့။

ငါလည်း မိန်းမသားတစ်ယောက်ပဲလေ။ ဒါပေမယ့်...

"နင့်အမျိုးသား နာမည်က ဘယ်သူလဲ၊ ဘယ်ကလဲဟင်"

မြသားသည် စပ်စုတတ်သောသူ တစ်ယောက်တော့ မဟုတ်ပါ။ သို့သော်လည်း ခုချိန်မှာတော့ မြသား မေးခွန်းတွေအတွက် သူ စိတ်အနှောင့်အယှက် ဖြစ်လှသည်။

"အင်း...အောင်ကျော်ဇော တဲ့၊ နင်သိမှာမဟုတ်ပါဘူး၊ ကျောင်းက မဟုတ်ဘူး၊ ငါ စက္ကင်းရီးယားမှာ ကျောင်းထွက်ပြီး အလုပ်လုပ်တော့ တွေ့ကြတာ၊ သူ့အဖေက တို့ရုံးက အထက်အရာရှိ၊ အစိုးရရုံးမှာ အလုပ်လုပ်ရင်း ငါ တစ်ဖက်က အဝေးသင်တက်ပြီး စာမေးပွဲဖြေတယ်၊ အလုပ်တစ်ဖက်နဲ့ဆိုတော့ ကွာလီဖိုင်းလည်း မဝင်လိုက်ပါဘူး၊ စိတ်ဓာတ်ကျကျနဲ့ ငါ သူ့ကို လက်ထပ်လိုက်တာ"

မြသားက စိုးရိမ်မကင်းသလို မေးသည်။ မေခါးက





စိတ်ထဲမှ နှုတ်ခမ်းမဲ့ကာ ပြုံးလိုက်မိသည်။

ငါ့မှာ အချစ်မရှိတော့ဘူးဆိုတာ နင်မသိဘူးလား။ ငါ့အချစ်တွေ ဆုံးရှုံးသွားခဲ့ရတာ ဒုတိယနှစ် စာမေးပွဲရဲ့ ပထမဆုံးရက်မှာလေ။

နင်တို့နှစ်ယောက်ရဲ့ ဆုပ်ကိုင်ထားတဲ့ လက်နှစ်ဖက်ကပဲ ငါ့အသည်းတွေကို တစ်စစီဖွဲ့ခြေပစ်ခဲ့ကြတာ။

အသည်းနှလုံးမရှိတဲ့ ငါဟာ နောက်ထပ်ဘယ်ယောက်ျားတစ်ယောက်ကိုများ ချစ်နိုင်ဦးတော့မှာတဲ့လဲ။ ဒါကြောင့်ပဲ ငါဟာ ချမ်းသာတဲ့ အောင်ကျော်ဇောကို ချမ်းသာလိုစိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့မိတာ။

ဒါကြောင့်မို့လည်း နောက်ဆုံးမှာ ငါဟာငွေမက်တဲ့ မိန်းမတစ်ယောက်လို့ အစွပ်စွဲခံရပြီး ငါ့အိမ်ထောင်ရေး ပြိုကွဲပျက်စီးခဲ့ရတာ။

ဒါတွေအားလုံးရဲ့ တရားခံဟာ နင်ပဲ မြသား။ ငွေစင်မြသားဆိုတဲ့နင်သာ လောကမှာ ရှိမလာခဲ့ရင် မိုးဟာလည်း ငါ့အတွက်ပဲ ဖြစ်ရမှာ။

ငါလည်း မချစ်မနှစ်သက်တဲ့ယောက်ျားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ငွေကြေးနဲ့ဘဝလုံခြုံမှုအတွက် သက်သက်လက်ထပ်စရာ မလိုသလို ခုချိန်မှာ အမေနဲ့ယှဉ်ပြီး ငါသိပ်မုန်းတဲ့ အိမ်ထောင်ကွဲ မိန်းမတစ်ယောက်လည်း ဖြစ်နေမှာမဟုတ်ဘူး သိလား။

နင်ကတော့ ငါလိုချင်ခဲ့တဲ့ဘဝမျိုးမှာ ငါချစ်တဲ့သူနဲ့ ပြည့်စုံသာယာလို့။ အမြဲတမ်း နင်ဟာ ငါလိုချင်တဲ့ဘဝမျိုးတွေကိုချည်း ရနှင့်နေတော့တာပဲ။ ဘာကြောင့်များ ငါ တောင့်တသမျှတွေဟာ နင့်ဆီပဲရောက်ရောက်နေရပါလိမ့်။

နင့်ကိုငါ သိပ်မုန်းတယ် မြသား။ အဲဒါ ကမ္ဘာတည် သရွေ့ရှိနေမယ့် ငါ့သစ္စာတရားပဲ။

"ဟင်…မေခါး"

သူ့ထံမှ အဖြေမရသေးသည်မို့ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိသော မေခါးကို မြသားက ထပ်မေးလာသည်။

"အင်း ဒါပေါ့၊ ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ လက်ထပ်ပစ်ရလောက်အောင်တော့ ငါ မမိုက်သေးပါဘူး မြသားရယ်၊ ပြီးတော့ သူက ငါလက်ထပ်ချင်တဲ့အချင်း အလက်တွေနဲ့ ပြည့်စုံတယ်၊ ရုပ်ချောတယ်၊ ချမ်းသာတယ် လေ"





"ဒါဆိုလည်း ကောင်းတာပေါ့ဟာ၊ နင်စိတ်ချမ်းသာ တယ် မဟုတ်လား"

"သာတာပေါ့၊ ဘာ စိတ်မချမ်းသာစရာရှိလဲ၊ ကိုယ် လုပ်ချင်တာကိုယ် လုပ်ခဲ့ရတာပဲလေ"

မြသားက တကယ်ပင်ယုံကြည်လက်ခံသွားဟန် ရှိပါ သည်။

"ဒါနဲ့ ဘာဖြစ်လို့ ရှင်ဒီလောက်တောင် ပျောက်ဆုံး နေရတာလဲဟင်၊ ကျုပ်တို့ကို ဘာလို့အဆက်အသွယ် မလုပ် တာလဲ၊ ကျုပ်မဆက်သွယ်တာက ရှင့်လိပ်စာမသိလို့လေ၊ ရှင်က သိရဲ့နဲ့ ဘာလို့မဆက်သွယ်တော့တာလဲ၊ အဲဒီနေ့က တည်းက ပျောက်သွားတာ ဒီနေ့ထိအောင်ပဲနော်၊ ရှင် အတော် နေနိုင်တယ်သိလား၊ ကျုပ်ကတောင် တစ်သက်လုံး စိတ်ဆိုး သွားပါပြီဆိုပြီး စိတ်မကောင်းဖြစ်နေခဲ့ရတာ"

မေခါးက စေ့ထားသော နှုတ်ခမ်းများလှုပ်ရှားသွား ရုံ ပြုံးလိုက်မိပါသည်။

"အဲဒီတုန်းက အဖြစ်အပျက်တွေ တိုက်ဆိုင်သွားတာ ပါ၊ ရှင်တို့နဲ့လည်း စိတ်ဂမ်းကွဲတယ်၊ နောက် အတော



www.burmeseclassic.com

www.burmeseclassic.com



ပထွေးနဲ့ကွဲတယ်၊ ကျုပ် ကျောင်းဆက်မတက်နိုင်တော့ဘူး၊ ကျောင်းထွက်ပြီး အလုပ်လုပ်ရတယ်၊ အဝေးသင်တက်ပြီး ဘွဲ့လေးတစ်ခုတော့ ရအောင်ယူလိုက်နိုင်ပါရဲ့၊ ဆင်းရဲနုံချာတဲ့ ဘဝကြီးကို စက်ဆုပ်လွန်းလို့၊ ဒီဘဝကြီးက လွတ်မြောက်ချင်စောနဲ့ ကျုပ် အသည်းအသန် ကြိုးစားရုန်းကန်ခဲ့ရတယ်၊ မအောင်မြင်မချင်း ဘယ်သူနဲ့မှပြန်မတွေ့ဘူးလို့လည်း ကျုပ်ဆုံးဖြတ်ထားခဲ့တယ်။ အတိတ်ကို ကျုပ်မေ့ထားခဲ့တာ၊ ဒါကြောင့်ပါ..''

''အင်းလေ...ဘာပဲဖြစ်ဖြစ် ရှင့်ကို အခုပုံစံနဲ့ပြန်တွေ့ရတာ ကျုပ် တကယ်ဝမ်းသာတယ်၊ ကျုပ်ပြောခဲ့သားပဲ လူဆိုတာ အမြဲတမ်းတော့ ကံဆိုးမနေပါဘူးလို့''

မေခါးက နှုတ်ခမ်းများလှုပ်ရှားရုံ ပြုံးလိုက်ကာ...

''အဲဒီလိုပဲ အမြဲတမ်းလည်း ကံကောင်းမနေနိုင်ဘူးမဟုတ်လား၊ ဒါပေမဲ့ နင်ကတော့ အမြဲတမ်း ကံကောင်းတယ်နော်''

''ဒီလိုလည်း မဟုတ်ပါဘူး မေခါးရယ်၊ ဘဝဆိုတာ ပုံသေပြောလို့တော့ မရပါဘူး''





သေချာတာပေါ့..။ အဲဒီအတွက် မင်း ကြိုတင်ပြင်ဆင်သာ ထားပေတော့။ ကံဆိုးခြင်းဆိုတာ မကြာခင်ပဲ မင်းဆီ ရောက်လာတော့မှာလေ။

''ဒါနဲ့ ရှင်တို့မင်္ဂလာဆောင်တုန်းက ပျော်စရာကောင်းလား၊ ဘာတွေလုပ်ဖြစ်လဲ ပြောပါဦး''

''ပျော်စရာကောင်းပါတယ်၊ စေ့စပ်ပွဲက အိမ်မှာပဲလုပ်တယ်၊ လက်မှတ်ထိုးတာလည်းအိမ်မှာပဲ၊ မင်္ဂလာဦးဆွမ်းကျွေးကို မဟာစည်မှာလုပ်တယ်၊ ညခံပွဲက အင်းလျားလိပ်မှာ၊ ဒင်နာကတော့ ရှမ်းကန်မှာလေ၊ ဖေဖေနဲ့မေမေက ငါတို့မင်္ဂလာဆောင်အမှီ ဒီအိမ်လေးကိုဆောက်ပေးတာဆိုတော့ မင်္ဂလာဆောင်ပြီးပြီးချင်း ဒီအိမ်မှာနေကြတာ၊ ပေလီကို ဟန်နီးမွန်း ထွက်လိုက်သေးတယ်ဟာ၊ ပျော်စရာကြီး၊ ရှင့်ကို သတိရနေတာ၊ ရှင့်ကိုမဖိတ်ရတာ စိတ်မကောင်းဘူး''

ကြိုးစားပြုံးထားရသော်လည်း အမုန်းတွေက မျက်လုံးထဲမှာပေါ်နေမှာကို မြသားကတော့ မသိ၊ ကိုယ့်ဘာသာတော့ သိသည်။

အသည်းနာလိုက်တာ။ အဲသည်အချိန်မှာ သတင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ မင်္ဂလာဆောင်သတင်းကိုဖတ်ပြီး သူမကတော့ အသည်းအူပြတ်အောင် ငိုကြွေးနေရချိန်ဖြစ်သည်။

ဘယ်လိုလုပ်ပြုံးနိုင်မလဲနော်။

"သြော်...ပြောရဦးမယ် သိလား၊ ငါတို့ ရေစပ်ကြောင်းလမ်းခြင်း သတင်းပါတော့လေ၊ မိုးအိမ်ကို ပစ်စာတစ်စောင် လာတယ်သိလား၊ ငါ မသိပါဘူး၊ မိုးအမေက ငါ့ကိုခေါ်ပြောမှသိတာ"

မေခါး လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"အင်း...ဆိုပါဦး"

"ဘယ်သူက ပို့မှန်းတော့ မသိဘူး၊ လက်နှိပ်စက်နဲ့ ရိုက်ထားတာပဲ၊ ရေးထားတာက အရမ်းရက်စက်တာပဲဟယ်၊ မဟုတ်မဟတ်တွေ၊ ငါက ဆယ်တန်းတုန်းက ဇေဇေဆိုတဲ့ ကောင်လေးတစ်ကောင်နဲ့ လိုက်ပြေးဖူးတယ်တဲ့၊ မယုံရင် စုံစမ်းကြည့်ပါတဲ့၊ မိုးအမေက အရမ်းပြည့်တဲ့ အန်တီမို့ပေါ့၊ အဲဒီစာရကြောင်းကို ခုထိ မိုးနဲ့ကျုပ်ကလွဲရင် ဘယ်သူကိုမှ မပြောခဲ့ဘူး၊ စုံလည်း မစုံစမ်းဘူး၊ မိုးရော သူရော ဒါဟာ အဓိပ္ပာယ်မရှိတဲ့ လုပ်ကြံစာသက်သက်ဆိုတာ သိကြတယ်၊



ဝမ်းနည်းပက်လက်ဖြစ်နေတဲ့ ကျုပ်ကိုတောင် သူတို့က ပြန်ပြီး နှစ်သိမ့်လိုက်ကြသေးတယ်၊ ကျုပ်မိဘတွေကိုတောင် အလကား စိတ်ဆင်းရဲရမှာစိုးလို့ မိုးအမေက မပြောပြဘူး၊ ကျုပ်က မိုးကိုပြောသေးတယ်၊ မယုံရင်လည်း မယူပါနဲ့ဆိုတာ မိုးက အရူးမတဲ့.."

"ရှင်က ဘယ်သူလုပ်တယ်လို့ထင်လဲ"

"မထင်တတ်ပါဘူးဟာ၊ ငါ့မှာ ရန်သူလည်းမရှိပါဘူး၊ ဘယ်သူကများ ဘယ်လိုစိတ်ကူးပေါက်ပြီး လုပ်လိုက်လဲ မသိပါဘူး၊ ငါကတော့ အဲဒီလူကို မေတ္တာပဲပြန်ပို့ပေးလိုက်တယ်"

မေခါးက မလုံလဲစွာဖြင့် မျက်လွှာချကာ မျက်နှာလွှဲပစ်လိုက်မိသည်။ ခြံထဲမှာ မိုးနှင့် ကလေးနှစ်ယောက်သည် ဆော့ကောင်းဆဲ။

"ဒါနဲ့ မိုးကရော ရှင့်အပေါ် အရင်အတိုင်းပဲလား"

"လုံးဝ အရင်အတိုင်းပဲ၊ ကျုပ် ယောကျ်ားရက်ကောင်းတယ် သိလား၊ မိုးကလေ တကယ့် အဖော်ကောင်းတစ်ယောက်ပါပဲ၊ ကျုပ်အပေါ် မိဘလိုလည်းစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



သလို၊ ခင်ပွန်းကောင်းတစ်ယောက် နေရာကလည်း တာ့ဝန်ကျေတယ်၊ ကျုပ်ကိုချစ်တဲ့နေရာမှာတော့ ရည်းစားတစ်ယောက်အတိုင်း မပြောင်းမလဲရှိပြီး တစ်ခါတလေတော့ သူငယ်ချင်းတစ်ယောက်လို အဖော်ရသေးတယ်ဟ''

မေခါးက နှာခေါင်းကို ရှုံ့ပစ်လိုက်မိသည်။

''သူ့ယောက်ျားကို ညွှန်းနေလိုက်တာ၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြနေပြန်ပြီ''

မြသားက ကလေးတစ်ယောက်လို တဟက်ဟက်ရယ်မောနေလေသည်။

မုန်းလိုက်သည့်ဖြစ်ခြင်း။ ဘာကြောင့်များ ကံကောင်းခြင်းတွေဟာ မြသားဆိုသည့် မိန်းကလေးဆီမှာချည်း စုပြုံကျရောက်နေရတော့တာလဲ။ သည်တစ်သက် သူမဟာ ကံဆိုးပဲ မဆိုးနိုင်တော့ဘူးလား။

''ချဉ်တာ မဟုတ်ပါဘူးဟာ၊ အမှန်အတိုင်းပြောပြတာပါ၊ မိုးအကြောင်း ရှင်လည်းသိသားပဲကို''

မေခါး မျက်နှာပျက်သွားရတာ မြသား သိမသိတော့ မသိ၊ ကိုယ်တိုင်တော့သိနေသည်။ ကိုယ့်ကိုများ တမင်





စောင်းပြောခြင်းလားဟု မလုံမလဲ အကဲခတ်မိတော့လည်း မြသားမျက်နှာက ကြည်ကြည်စင်စင်။

အတိတ်က နာကျင်ခြင်းတွေ အရိုးတွန်လာကြပြန်သည်။ မိန်းကလေးတန်မဲ့ အရှက်သိက္ခာမဲ့စွာ မိုးအချစ်တွေကို ရေလာမြောင်းပေး လုပ်ခဲ့ရသော နေ့ရက်တွေကိုမြင်ယောင်လာသည်။

မိုး ဒါတွေကို မြသားကိုများ ပြောပြလိုက်ပြီလား။

''စကားကောင်းနေလိုက်တာ ဆယ့်တစ်နာရီတောင်ခွဲသွားပြီ၊ ကျုပ်တို့ နေ့လယ်စာစားဖို့ စီစဉ်ကြရအောင်၊ အိမ်မှာက တစ်ပတ်ကိုတစ်မျိုး လုပ်စားနေကျလေ၊ ဒီနေ့တော့ ရှင်လည်း လာမယ်ဆိုတာနဲ့ ဟော့ပေါ့လုပ်ထားတယ်၊ ရှင်ကြိုက်ရဲ့လား''

မေခါးက ပခုံးနှစ်ဖက် တွန့်လိုက်မိကာ...

''ကိုယ်မကြိုက်ဆုံး အစားအစာပဲ''

''ဟယ်...ဟုတ်တယ်''

''ဒါပေမယ့် စားပါမယ်၊ ကိုယ်တို့သုံးယောက် ပြန်ဆုံကြတဲ့အထိမ်းအမှတ် အမှတ်တရလေ''



www.burmeseclassic.com

www.burmeseclassic.com



“ဆောရီးပဲ မေခါးရယ်၊ ကျုပ် ကြိုမမေးမိဘူး”

“အစ်ထိစ် အိုကေ၊ နဲဗားမိုင်း”

မြသား ခေါ်ဆောင်ရာ ထမင်းစားခန်းဆီသို့ ရောက်ခဲ့ကြသည်။ ထမင်းချက်ကြီးဒေါ်စိမ်းနှင့် အိမ်ဖော်ကောင်မလေးကား နေ့လယ်စာကို အဆင့်သင့်နီးပါး ပြင်ဆင်ကြပြီးဖြစ်သည်။

ဒေါ်စိမ်းကား မြသားတို့ငယ်စဉ်ကတည်းက အိမ်မှာနေထိုင်ခဲ့သူဖြစ်သည်။ သူမကို မှတ်မိပုံမရ။

“ဒေါ်ကြီးစိမ်း…ဒါ ဘယ်သူလဲ၊ မှတ်မိလား”

မြသားက မေးသောအခါ သူမကို ဇဝေဇဝါမျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

သနားစရာကောင်းလေစွ။

သူ့ရှေ့မှာ ခပ်ကြွားကြွားရပ်နေသော သားနှ ုးတောက်ပြောင်နေသည့် ခေတ်ဆန်ဆန်မိန်းကလေးကို မီးဖိုချောင်ထဲ သူကိုယ်တိုင် စိမ်းစိမ်းစိုက်ကြည့်ခဲ့ဖူးသည့် မဲကြုတ်ကြုတ်ကောင်မလေးနှင့် ဘယ်လိုမှ ဆက်စပ်မိပုံမရချေ။

“မေခါးလေ၊ သား သူငယ်ချင်း မေခါး၊ ငယ်ငယ်



က အိမ်မှာ လာနေနေကျလေ”

“သြော်”

သည်တော့မှ တအံ့တသြသံကြီး ထွက်ပေါ်လာကာ မယုံနိုင်သော မျက်ဝန်းတွေဖြင့် မေခါးကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

သူမက သူ့ကို ကြည့်မဝဖြစ်နေဆဲ ဒေါ်ကြီးစိမ်းကို နှုတ်ခမ်းတွန့်ရုံ လှောင်ပြုံးလေးတစ်ချက်ပြုံးပြပြီးနောက် ခပ်တည်တည်ပင် ကျောခိုင်းပစ်လိုက်မိသည်။

စကားနည်းကာ ထမင်းဟင်းချက်ကောင်းလှပေမယ့် မျက်လုံးစိမ်းကြီးတွေနှင့် ဖော်ရွေဟန် တစ်စက်မှမရှိသော ထိုအဒေါ်ကြီးကို ငယ်စဉ်ကပင် မေခါး ကြည့်မရခဲ့ပါ။

အိမ်က အစေအပါးပေမယ့် သူကလည်း သူ့နေရာတနေ့ အဆင့်အတန်း ခွဲခြားတတ်ခဲ့သည်။

နှစ်ယောက်အတူ ထမင်းစားလျှင် မြသားထဲသို့သာ ဟင်းတွေပိုထည့်ပေးတတ်၏။ သူမ ပန်းကန်ဆိုလျှင် ဆေးမေးနှုင်။ အိမ်မှာ အလကားလာစားနေတတ်သူလို ကွယ်ရာမှာ ပွစိပွစိ လုပ်တတ်သေး၏။

သူမကလည်း ညစ်ကျယ်ကျယ်ဉာဉ်ရှိသူမို့ ကိုယ့်ကို မလိုလားမှန်းသိလျှင် ပိုအရွဲ့တိုက်လေသည်။

"ဒေါ်ကြီးရေ…ဟင်းကုန်သွားလို့ ဟင်းထည့်ပေးပါဦး"

"ဒေါ်ကြီးရေ…မေခါး ပန်းကန်လေးပါ ဆေးပေးလိုက်ပါဦးနော်"

"ဒေါ်ကြီးရေ…မနက်ဖြန် ဟင်းကောင်းကောင်း ချက်ထားနော်၊ လာစားဦးမယ် သိလား"

ဆိုတာမျိုးတွေနှင့် မျက်နှာပြောင်တိုက်ကာ မခံချင်အောင် ကလိပစ်ခဲ့တတ်သည်။

"Hot Pot ကရော ဒေါ်ကြီးစိမ်းလက်ရာလား၊ ဒါဆိုရင်တော့ စားကောင်းဦးမယ်ထင်တယ်"

"မဟုတ်ပါဘူးကွယ်၊ မြသားလေး လက်ရာပါ၊ ဒေါ်ကြီးတို့က သူစီမံထားတဲ့အတိုင်း လိုက်ချက်ပေးရုံပါပဲ"

ဆံပင်တွေဖြူကာ မျက်လုံးစိမ်းကြီးတွေ အရောင်မှိန်နေပြီဖြစ်သော အသွားကြီးသည် လေသံလည်း အတော်ပင် ပျော့ပျောင်းသွား၏။ အရင်လို ညစ်ကျယ်ကျယ်ကောင်မလေး



…ဖြင့်ရှုရန်မဖြစ်နိုင်တော့ [illegible]

[illegible] ညီမြားစားပွဲရှေ့လေးကို ဒေါ်ကြီး [illegible] ပေါ်ထိုး [illegible] သယ်ခဲ့ပေးပါနော်၊ မေခါးရှေ့ ကျုပ်တို့ ဒီပန်းကန်လေးတွေ [illegible] သဲ့ [illegible] အကြာရအောင် [illegible]

လှပစွာလိုးဖြတ်ထား [illegible] ဝါနှင့် [illegible] ကာ [illegible] ကို နှစ်ဖယ်ကာ [illegible] သို့ သယ်ယူ [illegible]

[illegible]

[illegible] ပိုင်ကိုဖြင့်သုံးသည် [illegible]

မိန်းမတွေ စားသောက်ဝိုင်းမှာ အလုပ်ရှုပ်နေစဉ်မှာ [illegible] နှစ်ယောက်တို့ [illegible] ကြော [illegible] သန့်စင် [illegible]

[illegible] မြန်မာ [illegible] ရှေ့ [illegible]

[illegible] မှာ ငါးယောက်စုံညီစွာ ဝိုင်းဖွဲ့ဖြစ်ကြတော့သည်။ [illegible]

[illegible] အဆောနှစ်ယောက်နှင့် မေခါး [illegible]

"ကျုပ်သားကြီးလေ မေခါး၊ မချောဘူးလား၊ မီးမှို [illegible]




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တူတယ်နော်၊ ဒါက သမီးငယ် ကျုပ်နဲ့တူတယ်နော်၊ ငွေကြယ် စင်တဲ့၊ သားနဲ့သမီး ဒီအန်တီက မေမေ့ရဲ့ အချစ်ဆုံးသူငယ် ချင်း အန်တီမေခါးတဲ့ မှတ်ထားရမယ်နော်"

ကလေးနှစ်ယောက်က သူမကို စူးစမ်းသလို စိုက် ကြည့်ပြီး ခေါင်းညိတ်ပြကြသည်။

သားကြီးက တကယ်ပဲ မိုးနှင့်တူလှ၏။ လှိုင်းတွန့် လေးတွေပါချင်သော ဆံပင်၊ လေးနက်ငြိမ်သက်သော မျက်ဝန်းများ၊ ချွန်မြင့်သောနှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်း နိုင်ခုံလုံးဝန်းသော မျက်နှာကျတို့နှင့် တကယ့် မိုးအသေးစား လေးလိုပင်။

သမီးငယ်ကား မြသားနှင့်တစ်ပုံတည်း။ စင်းပျောင်း နွဲ့အိသော ဆံပင်ရှည်လေးနှင့်။ တောက်ပဝိုင်းစက်သော မျက်လုံးကြီးများ တဝင့်ဝင့်နှင့် အိုက်တင်များတတ်ပုံသည် အမေ ငယ်ငယ်ကအတိုင်း။

အခုလည်း ကလေးမလေးသည် သူ့မျက်လုံးကြီးများ ကို ဝင့်ကာဝင့်ကာ သူမကို အကဲခတ်စူးစမ်းသလို လှမ်းလှမ်း ကြည့်နေသည်။



သားကြီးကတော့ အဖေလိုပင် ဣန္ဒြေသိက္ခာတစ်ခွဲ သားနှင့် တူကို ကျွမ်းကျင်စွာကိုင်ကာ ပုစွန်တွေကို အိုးထဲ ထည့်လိုက်၊ ဆယ်ယူကာ အချဉ်ရည်ဖြင့် တို့စားလိုက်နှင့် သူ့အာရုံနှင့်သူရှိနေ၏။

"မေခါး…စားလေ၊ သား…မေခါးကိုကျွေးပါဦး"

မိုးက သမီးဖြစ်သူကို ဂရုတစိုက်ကျွေးမွေးနေရာမှ သူ့ကိုစိုက်ကြည့်နေသော မေခါးမျက်လုံးများနှင့် ဆုံစည်းမိ သွားတာမို့ ရှက်ကိုးရှက်ကန်း လှမ်းပြောလာသည်။

"စားလေ…မေခါး၊ ကြိုက်တာကိုထည့်နော်၊ စိတ် ကောင်းစရာပဲ မိုးရယ်၊ မေခါးက ဟော့ပေါ့မကြိုက်ဘူးတဲ့ လေ၊ သားက မသိဘဲ စီစဉ်ထားမိတယ်"

"ဟုတ်လား၊ အားနာစရာ"

"ရပါတယ်၊ ကိုယ်စားပါ့မယ်၊ စားဖူးတယ်ရှိသွား တာပေါ့"

"စားပါဟယ်၊ ဒီအစားအစာက ကျန်းမာရေးနဲ့ ညီ ညွတ်ပါတယ်၊ မိုးတို့သားအဖဆို သိပ်ကြိုက်တာလေ၊ ကျုပ် ခဏခဏလုပ်ပေးရတယ်"

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်တော့ မေခါးလည်း ဟော့ပေါ့ကို မကြိုက်လှတာလည်းမဟုတ်ဘဲ မြသားကို တမင်တကာ ပြောမိခြင်းဖြစ်သည်။ တကယ်တမ်းမှာလည်း စားမဝင်နိုင်ပြန်။

သာယာချမ်းမြေ့ကာ စည်းလုံးချစ်ခင်ပျော်ရွှင်နေသောသူ့ရှေ့မှ မိသားစုဘဝလေးကိုကြည့်ရင်းမနာလို့မှု အမုန်းအမျက်မီးတွေ တရိပ်ရိပ်နှင့် ရင်မှာ တောက်လောင်နေရသောကြောင့်ဖြစ်သည်။

ဟော့ပေါ့ဝိုင်း ပြီးသွားသောအခါ မြသားက ကိုယ်တိုင် ဖျော်နှပ်ထားသော ကော်ဖီနှင့် သစ်သီးအချိုပွဲများဖြင့် ဧည့်ခံပြန်သည်။

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ တကယ်မှန်တာပဲနော် မေခါး၊ အခု ကျုပ်တို့သုံးယောက် မမျှော်လင့်ဘဲ ပြန်ဆုံကြရပြီ၊ ဆုံတာမှ တကယ့်ကို နီးနီးလေးရယ်၊ မိုးရှိတဲ့နေရာကိုမှ ရှင်က တည့်တည့်မတ်မတ် ရောက်လာရတယ်လို့၊ မိုး…မေခါးကို အလုပ်ထဲမှာ လိုတဲ့အကူအညီပေးဦးနော်"

မိုးက သမီးဖြစ်သူပါးစပ်ထဲ ခက်ရင်းခွဖြင့် ဖရဲသီးစိတ်ကို ခွံကျွေးနေရာမှ ခေါင်းညိတ်ပြကာ…



"စိတ်ချပါ ပေးမှာပေါ့၊ မေခါး လိုတဲ့အကူအညီပြောနော်"

သူမက မိုးကိုပြုံးကြည့်ရင်းမှ…

"စိတ်ချ မိုး၊ ပြောမှာ၊ နောက်မှ ပြောလွန်းလို့ မကူညီဘဲ မနေနဲ့နော်"

"မနေပါဘူးဗျာ၊ ကူညီပါ့မယ်"

မြသားက ကျေနပ်သွားဟန်ဖြင့် ယောကျ်ားဖြစ်သူကို ပြုံးကြည့်နေပါသည်။

အခုနေတော့ ပြုံးထားဦးပေါ့ မြသားရယ်။ မင်းမှာ ပြုံးနေနိုင်ဖို့အခွင့်အလမ်း နောက်ထပ်များများ မကျန်နိုင်တော့ပါဘူး။

"ကိုယ် ပြန်ဦးမှနဲ့တူတယ်၊ စားလို့သောက်လို့လည်း ပြီးပြီလေ"

"ဟင်…ပြန်တော့မလို့လား၊ ညနေထိအောင် မနေဘူးလား၊ ညနေစာစားပြီးမှ အေးအေးဆေးဆေး ပြန်ပါလားဟယ်၊ ညကျတော့ ကျုပ်တို့နဲ့ ဘုရားအတူတူတက်ရအောင်လေ၊ နော်…မိုး"

www.burmeseclassic.com

www.burmeseclassic.com



မြ◌ားက ငယ်စဉ်ကအတိုင်း သူ့ကို ကျယ်တာစွာ ဆွဲဆောင်ရင်း မိုးကိုပါ အကူအညီလှမ်းတောင်းသည်။ မိုးက ရောယောင်ခေါင်းညိတ်ရင်း…

"ဟုတ်သားပဲ၊ မြသားက သူငယ်ချင်းကို ခုမှပြန် တွေ့ရလို့ အလွမ်းမပြေသေးဘူးထင်တယ်"

"ကိုယ် နောက်တော့လာလည်ပါ့မယ်၊ အခုက ဗိုယ်မှာ ကိစ္စလေး နည်းနည်းရှိသေးလို့"

မြသားက မကျေမနပ် သဘောတူလိုက်ပါသည်။

"ဒါဆိုလည်း ပြီးရော၊ ရှင်က ကျုပ်ကို အရင်ကလို မခင်တော့ပါဘူး"

သူမက မြသားပါးကို ခပ်နာနာလေး လိမ်ဆွဲလို ကာ…

"မိန်းမ…အိမ်ထောင်သည်လည်းဖြစ်နေပြီ၊ ခု အပျော်မင်နေတုန်းပဲ"

မြသားက ပါးကို လက်ဝါးနှင့်ပွတ်ရင်းက မိုး နဲ့မိုကာ ရယ်မောနေပါသည်။ သူမက မုန်းတီးရိပ် ရင်တွင်းမှနေ၍ မျက်ဝန်းများဆီ ခုန်ထွက်မလာခင် မြင်ကွ



ကို ကျောခိုင်းပစ်လိုက်မိသည်။

တကယ်တော့ သူမမှာ ဒီနေ့အဖို့ ဘာကိစ္စမှရှိမနေ ပါ။ မိုးနှင့်မြသားတို့၏ အရယ်အပြုံးများကြားမှာ ခါးသီး နာကြည်းစွာ မွန်းကြပ်ပိတ်လှောင်လာရသောကြောင့် ဖြစ် သည်။

နောက်ဆုံးမှာတော့ မေခါးသည် အေးစက်တောင့် တင်းသော သူမ၏ဖဲမွေ့ယာကြီးထဲပြေးဝင်ကာ နာကြည်းခါး သီးသော မျက်ရည်ပူများ သွန်ထုတ်လျက် တရှိုက်မက်မက် ငိုကြွေးနေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)



သူမ တစ်သက်မမှတ်မိချင်တော့သည်က သူမ၏ သတိရချင်စဖွယ်မကောင်းသော ငယ်ဘဝကိုဖြစ်သည်။

သူမ မှတ်မိသလောက် အဖေက သာမန်လခစား အလုပ်သမားတစ်ယောက်သာဖြစ်သည်။ အမေက ပညာ မတတ်။ အမေတတ်သည်က အဖေအပ်သော လစာနှင့် မိသားစုခြောက်ယောက်၏ တစ်လစာကို ပြေလည်အောင်ဖြေ ရှင်းဖို့ပင်။

မှတ်မိသမျှ သူမ၏ငယ်ဘဝသည် ဘာတစ်ခုမှ ပျော် စရာမကောင်း။ ကလေးငယ်တွေနှင့် ရှုပ်ပွညစ်ပတ်ကာ ကြပ် တည်းကျဉ်းမြောင်းသော အိမ်ခန်းလေးနှင့် အမေ့ ညည်းညူ



www.burmeseclassic.com

www.burmeseclassic.com



ရှေးရှုတ်သံများသည်သာ သူမဘဝ၏ အမှတ်တံဆိပ်ဖြစ်ခဲ့သည်။

ဘဝကို ရောင့်ရဲတင်းတိမ်နိုင်လွန်းသော အဖေ့ကို အားမလိုအားမရဖြစ်မိသလို တစ်ဖက်တစ်လမ်းမှ စီးပွားမရှာတတ်သော အမေ့ကိုလည်း မကျေနပ်။

ဘဝ၏မကျေနပ်ချက်များသည် သူမ၏မျက်ခုံးများကို အစဉ်သဖြင့် တွန့်ချိုးနေစေခဲ့ပါသည်။ ကျောင်းမှာနှင့် ကလေးတွေကြားထဲမှာ သူမသည် အလိုလိုနေရင်း ကြွပ်ဆတ်ရန်လိုနေသော ကလေးဆိုးတစ်ယောက်ဖြစ်ခဲ့မှန်းမသိ ဖြစ်ခဲ့ရသည်။

ကိုယ့်ထက်အဆင်ပြေ ပြည့်စုံနေသော ရွယ်တူအပေါင်းအဖော်တွေကို တွေ့လျှင် မနာလိုမှန်းတီးမိသည်။

သို့သော်လည်း အဖေနှင့်အမေ၏ ဆင်းရဲခြင်း၏ တရားခံကိုတော့ သူမ အသိဉာဏ်ဖြင့် ဆင်ခြင်သိမြင်ရှာဖွေနိုင်ခဲ့သည်။ ထိုအရာက ပညာမတတ်ခြင်းပင်ဖြစ်သည်။

ပညာတတ်အောင် သင်ရမည်ဟူသောအသိကို သိခဲ့ခြင်းကတော့ သူမအတွက် အဆိုးထဲမှအကောင်းဖြစ်သည်။

ကျောင်းမှာ မေခါးသည် စာကြိုးစားသော၊ ရန်လို





သော ကလေးတစ်ယောက်အဖြစ် ထင်ရှားလာသည်။

သူမအတွက် နောက်ထပ်တစ်ဆစ်ချိုးဘဝဆင်းရဲကတော့ အဖေနှင့်အမေ အိမ်ထောင်ရေးပြိုကွဲသွားကြခြင်းပဲဖြစ်သည်။

အဖေကား အမေ့ထက် ပညာတတ်ပြီး ပိုက်ဆံလည်း ပိုရှိသော မိန်းမတစ်ယောက်နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။ ကလေးလေးယောက်နှင့် အမေ့မှာ မျက်ရည်နှင့်မျက်ခွက် ကျန်ခဲ့သည်။

ထိုမှာ မေခါးသည် ယောကျ်ားဆိုတာတွေကို အလွန်အမင်း ခါးသီးမုန်းတီးသွားခဲ့မိသည်။ ယောကျ်ားဆိုသည်မှာ ငွေမက်ပြီး တစ်ကိုယ်ကောင်းဆန်လှသူတွေမဟုတ်လား။

အမေက အိမ်ကိုရောင်း၍ ဆွေမျိုးနီးစပ်တွေရှိရာဖက်သို့ ပြောင်းသည်။ သည်မှာ မြသားနှင့် ဆုံရတော့တာဖြစ်၏။

အမေ့စိတ်လေလွင့်ရာနောက်သို့ ပြောင်းရွှေ့လိုက်ပါရသော မေခါးသည် ကျောင်းအသစ်တစ်ခါ ပြောင်းရပြန်၏။ ထိုကျောင်းသည် မေခါးတက်ခဲ့သော ကျောင်းထက်ပိုကောင်းသည်။ လူကုံထံသားသမီးများနေသော ကျောင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေခါး အိမ်နှင့် အလွန်နီးသည်။

ကျောင်းသူသစ် မေခါးကို ဘယ်သူကမှ အဖက် မလုပ်ကြပါ။ မေခါးကလည်း ထုံးစံအတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်။ ကိုယ့်ကိုယ်ကို အားပေးမြှင့်တင်ထားသော မှန်ကုပ် ကုပ်မျက်နှာပေးနှင့်သာ တစ်ကိုယ်တည်းနေဖြစ်သည်။

သည်မှာ ကျောင်းသူတစ်ယောက်ကို မေခါး မျက်စိ စပါးမွေးစူးတော့၏။

ပထမဆုံး အလိုမကျမိသည်က 'ငွေစင်မြသား' ဟူ သော ကြီးကျယ်ခမ်းနားသည့် သူမနာမည်ကိုဖြစ်သည်။ တစ်ကယ်တမ်းတော့ အားကျနှစ်လိုမိတာလည်းဖြစ်မည်။

အမေများ သူမကိုပေးထားလိုက်တာ မေခါးတဲ့။ တစ်ဘ၀လုံး ခါးသက်စေတော့ရယ်လို့များ ရည်ရွယ်သလား မသိ။ ဒါမှမဟုတ် ခါးသီးမည့်ဘ၀ဇာတ်ကို ကြိုတင်သိမြင်၍ ကြံ့ကြံ့ခံနိုင်အောင်လို့များ ပေးခဲ့လေသလားမသိပါ။

ထိုကျောင်းသူ၏နာမည်ကို မေခါး သဘောကျမိ သည်နှင့်အမျှ သူ့ဘ၀ကိုလည်း အားကျမနာလိုမိလာသည်။

လှကုံ့ထံသားသမီးတစ်ယောက်ဖြစ်မှန်း မြင်သည်နှင့်





သိနိုင်၏။ ငွေစင်မြသားဆိုတာနှင့် လိုက်ဖက်အောင် နုနုထွတ် ထွတ် ဖူးဖူးကြွကြွလေးဖြစ်သည်။

အသားက ဖြူဝင်းမွတ်နေသည်။ ဆံပင်ဖြောင့်ဖြောင့် များက ပိတုန်းရောင်ဖိတ်လက်လျက်။ ဖြူစင်ပြာလဲ့သော မျက်ဝန်းရွဲကြီးများက ဖော်ရွေခင်မင်တတ်မည့်ပုံ။ နှုတ်ခမ်း လေးကပါ နှင်းဆီဖူးလိုကြွကြွရွရွလေးဖြစ်သည်။

သူမကိုယ်ပေါ်မှ အဝတ်အစားများသည် အမြဲတစေ ကော့ပြောင်ရှင်းသန့်နေ၏။ သူမယူဆောင်လာသော ထမင်း ဘူး၊ ရေဘူး၊ လွယ်အိတ်နှင့် စာရေးကိရိယာများသည် အဖိုး တန်အဆန်းအပြားတွေချည်းသာ ဖြစ်သည်။

ပြီးတော့ သူမသည် အတန်းထဲမှာရော ကျောင်းမှာ ပါ လူချစ်လူခင်ပေါ်များလှသည်။ ဆရာ၊ ဆရာမတွေရော ကျောင်းသူကျောင်းသားတွေထဲမှာပါ ငွေစင်မြသားဟူသော နာမည်က ပေါ်ပြူလာဖြစ်လျက်ရှိလေသည်။

မေခါးသည် မြသားကို သတိထားအကဲခတ်မိလေ ကိုယ့်ဘ၀နှင့် နှိုင်းယှဉ်ကာ မနာလိုဝန်တိုမိလေဖြစ်သည်။

လောကကြီးဟာ ဘာကြောင့် ဒီလောက်မတရားရ



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ လူသားတစ်ယောက်နဲ့တစ်ယောက်မှာတောင် ဘာလို့ ဒီလောက်ကွာဟမှုတွေရှိရတာလဲ။

အသားညိုသော မှုန်ကုတ်ကုတ်နိုင်သော အသွေးအရောင်မတောက်ပသော လူအပယ်ခံဖြစ်သော မေခါးနှင့် ဖြူသော၊ ချောသော၊ အရောင်အဝါတောက်ပသော၊ လူချစ်လူခင်များလှသော ငွေစင်မြသားတို့၏ ကွာဟမှုသည် တစ်နေ့တစ်ခြား မေခါး၏ မျက်လုံးထဲမှာ ထင်ရှားစူးရှလာနေခဲ့ပါသည်။

ပို့ပြီး မုန်းတီးစရာကောင်းတာက မြသားသည် အတန်းထဲမှာ မေခါးထက် အဆင့်သာလွန်နေခြင်းပင်။

ဘယ်လိုပင် ကြိုးစားပမ်းစားကျက်မှတ်ဖြေဆိုပါသော်လည်း မြသား၏အောက်မှာသာ ရောက်နေရမြဲဖြစ်သည်။

အရင်ကျောင်းဟောင်းမှာ အတန်းထဲမှာ အမြဲပထမချိတ်ခဲ့သော မေခါးအတွက် အကြီးအကျယ် မခံမရပ်နိုင်စရာကြီးပဲဖြစ်သည်။

သူမ၏အားကိုးရာမှာ စာတော်ခြင်းတစ်ခုသာရှိသည်။ ထိုအရာကိုမှ အနိုင်ယူဗိုလ်ကျသူ ရှိလာသောအခါ ထိုသူသည်





မေခါး၏ အကြီးမားဆုံး ရန်သူဖြစ်ရတော့သည်။

နေ့စဉ်နှင့်အမျှ မျက်စိရှေ့မှာ မြင်တွေ့နေရသော မြသားကို တစ်ယောက်တည်းကြိတ်ပြီး မုန်းတီးနေမိသည်။ မြသားကတော့ သိဟန်မတူ။

ထိုမုန်းတီးမှုများက တစ်ရက်မှာတော့ ပေါက်ကွဲဖို့ အခွင့်အလမ်း ကြုံသွားတော့သည်။

မိုက်ဆာဆာနှင့် နေ့လည်ကျောင်းလွှတ်ချိန် ထမင်းအစားမှာ သူမအတွက် ထမင်းမကျန်တော့သည်မို့ စိတ်ဆိုးဆိုးနှင့် ကျောင်းသို့ပြန်လာခဲ့သည်။ ထိုအချိန်မှာ လောကကြီးအပေါ် မကျေနပ်ချက်များသည် ပို၍ ပြင်းထန်ဆူပွက်နေခဲ့သည်။

အတန်းသို့ ပြန်ရောက်သောအခါ စာသင်ခုံအောက်မှာ သူမ၏ ဘောလ်ပင်လေးပြုတ်ကျကာ ပျက်ဆီးနေသည်။ ရှေ့ခုံမှာ လှပစွာ ထိုင်နေသော မြသားထံသို့ ရှိသမျှ ဒေါသများ စုပုံကျရောက်သွားတော့သည်။

သူ့ပဲ တိုက်ချသွားတာ နေမှာပေါ့။ အားအားနဲ့ လပ်လျားလပ်လျားနှင့် ဝင်လိုက်ထွက်လိုက် လုပ်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိနှင့် တပ်အပ်မမြင်သော်လည်း … အမုန်းခံစိတ်နှင့် မြသားဟုသာ ယိုးစွပ်လိုက်မိသည်။

သူ့နောက်မှ တဖျစ်တောက်တောက် ရန်တွေ့ရေရွတ်နေမိသည်ကို မြသားက တော်တော်နှင့် မရိပ်မိပေ။ နောက်မှ ဘေးမှသူငယ်ချင်းတစ်ယောက်ပြောတာကြောင့် သိသွားပြီး တအံ့တသြဖြစ်သွားခဲ့သည်။

မြသားက သူနှင့်တုပြိုင်၍ ရန်မဖြစ်တာမို့ သူ့ရန်ပွဲက အလွယ်တကူပင် ပြီးဆုံးသွားခဲ့သည်။ နောက်တစ်နေ့ မနက်မှာ မြသားက သူဖျက်ဆီးသွားသော ဘောပင်ထက် ကောင်းမွန်သော ဘောပင်တစ်ချောင်း အစားပြန်ပေးခဲ့တာမို့ သူကျေနပ်၍လည်း သွားမိသည်။

သည့်ထက်ပိုကျေနပ်စရာကောင်းတာက မြသားက အရင်ကလို သူ့ကို ဥပေက္ခာပြုမထားတော့ဘဲ ဂရုတစိုက်ရှိလာတာပင်။ ထိုအခါကျမှပင် မေခါးသည် သူလိုချင်နေသည်မှာ မြသားထံမှ အမုန်းမဟုတ်ဘဲ မြသားနှင့် ရင်းနှီးပတ်သက်လိုမှုဆိုတာ သိရလေသည်။

သည့်နောက်မှာတော့ သူမတို့နှစ်ယောက် အလွန်နီး





ကပ်ပတ်သက်သော သူငယ်ချင်းများ ဖြစ်သွားကြပါသည်။ သူမ၏မကျေနပ်မှုများ အနည်းငယ်တော့ ပပျောက်သွားတာကို ခံရမည်ဖြစ်သည်။

မြသားက မေခါးအိမ်သို့ လိုက်ထမင်းစားသည်။ သူမ ၏နုံချာသော အိမ်ကလေးသည် အရောင်အဝါ ပို၍ တောက်ပသွားသလိုပင်။ မြသားကား ဆက်ဆံရေးလည်း ပြေပြစ်လှ၏။

အမေ၏အဖိုးမတန်သော ဖြစ်ကတတ်ဆန်းဟင်းလျာလေးတွေကို မက်မက်မောမောစားတတ်သည်။ အမေကပင် မြသားကို နှစ်လိုချစ်ခင်လာလေ၏။

နောက်တော့ မြသားက သူ့ကို အိမ်အလည်ခေါ်သဖြင့် ကျောင်းပိတ်ရက်တွေမှာ မြသား အိမ်သို့ သူလိုက်လည်ဖြစ်သည်။

ထိုအခါမှစ၍ မြသားဘဝထဲ ဝင်ရောက်ပူးရောက်ရှိသိုစိတ်ဖြင့် မြသားအပေါ် မနာလိုဝန်တိုမှုများသည် သူ့သွေးသားထဲ ပို၍ပြင်းထန်စွဲမြဲလာခဲ့ရတော့တာပဲဖြစ်သည်။

မြသားကိုသူ မချစ်ပါ။ မုန်းသည်ဟုပင်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြသားနှင့်ပတ်သက်နေရတာကို သူ ကျေနပ်သည်။ မြသားကို မနာလိုဝန်တိုမိသည်နှင့်အမျှ အားကျနစ်သက်မိသည်။

မြသားနေရာမှာ သူဖြစ်ရလျှင် ဘယ်လောက်ကောင်းမလဲဟု အချိန်ပြည့်တောင့်တမွတ်သိပ်မိသည်။ တစ်ခါတစ်ရံ မြသားမရှိလျှင် မြသားနေရာရလိမ့်နိုးဖြင့် မြသားအိပ်ပျော်ရာ စဉ် သတ်ပစ်ရကောင်းသားဟု ကလေးစိတ်ဖြင့် အတွေး ပေါက်မိဖူးသည်။

သည်လိုနှင့် ဆယ်တန်းကျောင်းသူဘဝကို ရောက် လာသည်။ သူမ၏ကံကြမ္မာကား ဆက်လက်ဆိုးရွားလျက်သာ ရှိသည်။

အမေက သူ့ထက်ငယ်ရွယ်သော အလုပ်အကိုင် လည်း မယ်မယ်ရရမရှိသည့် အရက်သမားတစ်ယောက်နှင့် နောက်အိမ်ထောင်ပြုလိုက်သည်။

သားသမီးလေးယောက်ကို ဥပေက္ခာပြုစွန့်ပစ်ရက် သည့် အဖေနှင့် ကိုယ့်အတ္တကိုယ် ဦးစားပေးသော အမေတို့ စိတ်အနာကြီးနာခဲ့သော မေခါးသည် ကိုယ့်ဘဝအတွက် ကိုယ်



ကြိုးစားရမည်ဆိုတာ သေသေချာချာနားလည်ခဲ့သည်။

စာကို အပတ်တကုတ်ကြိုးစားသည်။ မြသားလို ဝိုင်း ကျူရှင်နှင့် မယှဉ်နိုင်သည်မို့ အများနှင့်ရောနှောကာ တက်ရ သော ကျူရှင်များဆီ အပင်ပန်းခံ၍ ဘတ်စ်ကားတိုးစီးကာ တက်ခဲ့သည်။

ကိုယ့်စိတ်ကိုယ် စာထဲမှာသာ အာရုံစိုက်ကာ နှိုးနှိမ် ထားသည့်ကြားမှ ငယ်ရွယ်သူတို့သဘာဝ ကောင်လေးတစ် ယောက်ကို မေခါး စိတ်ဝင်စားမိပါသည်။

သူသည် မေခါးတို့ကျောင်းမှာ အချောဆုံးနှင့် ပေါ်ပြူ လာအဖြစ်ဆုံး ကျောင်းသားတစ်ယောက်ဖြစ်သည်။

ဆံပင်ရှိန်းဆံပင်လေးဝဲဝဲနှင့် မျက်လုံးစူးစူး၊ နှာတံပေါ် ပေါ်၊ နှုတ်ခမ်းပါးပါးနှင့် ထိုကျောင်းသားသည် မေခါး၏ စိတ်ကူးယဉ်အိပ်မက်ထဲမှ မင်းသားလေးတစ်ပါးဖြစ်ခဲ့ရသည်။

မေခါး စိတ်ကူးယဉ်ချစ်ခင်လို့မှ မဆုံးသေးခင် ထို ကျောင်းသားက မြသားကို စိတ်ဝင်စားချဉ်းကပ်ပါတော့ သည်။

မခံချင်စိတ်၊ သိမ်ငယ်စိတ်တို့ဖြင့် အူနုကျွဲခတ်ရတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြသားကို ထိုကျောင်းသား မချဉ်းကပ်နိုင်အောင် နည်း အမျိုးမျိုးဖြင့် မေခါး အနှောင့်အယှက်ပေးမိသည်။

ကြာလာတော့ ထိုကျောင်းသားက ရိပ်မိလာကာ မေခါးကို ရင့်ရင့်သီးသီး စွပ်စွဲပါတော့သည်။ ကိုယ်ချစ်နေရသူ၏ ရက်စက်စိမ်းကားသောစကားကို ကြားရသောအခါ မေခါး အလွန်အမင်း ဝမ်းနည်းနာကြည်းသွားမိသည်။

ချစ်သူမှ မုန်းသူဖြစ်သွားသည်။ သူ့ကို လက်တုံ့ပြန်ဖို့ ဆုံးဖြတ်မိသည်။ မေခါးရဲ့မေတ္တာကို ဒီလိုလွယ်လွယ်နဲ့တော့ စော်ကားသွားလို့မရစေရပါ။

နောက်တစ်နေ့မှာ ဖြိုင်ဘီးလေးစတိုင်ကျကျနှင်း၍ ပြန်သောကျောင်းသား၏စက်ဘီးရှေ့မှောက်သို့ သူမ တိုးဝင်ပစ်လိုက်တော့သည်။

မြသားကို စာပေးနှောင့်ယှက်မှု၊ သူငယ်ချင်းဖြစ်သူ သူမကို စက်ဘီးနှင့်ဓိုက်မှုတို့ဖြင့် ထိုကျောင်းသား ကျောင်းထွက်သွားရပါသည်။

သူမ အကြီးအကျယ် ကျေနပ်သွားမိ၏။ ထိုလူငယ်လေးသည် မေခါးကို ဘယ်တော့မှ မေ့တော့မည်မဟုတ်





ယယ်ယယ်ကတည်းက သူမသည် ကိုယ်ဝယ်မစားနိုင်သော မုန့်ပဲသွားရေစာများကို သူတစ်ပါးလက်ထဲမှာ မြင်ရလျှင် ပုတ်ချကာ ထွက်ပြေးတတ်ခဲ့သူတစ်ယောက် ဖြစ်သည်လေ။

ထိုကျောင်းသား (သို့မဟုတ်) သူမဘဝ၏ ပထမဦးဆုံးချစ်သူအတွက် မြသားသည် သူမ၏ပြိုင်ဘက်တစ်ယောက်အဖြစ် ပို၍ထင်ရှားလာခဲ့ရကာ မြသားကတော့ မသိနိုင်။

စာမေးပွဲရက်များမှာ မြသား အိမ်မှာအိပ်၍ သူမစာသွားကျက်ဖြစ်ခဲ့သည်။ မြသားကား သူတို့ဝိုင်းကျူရှင်မှ အရေးကြီးသောစာများကို မထိန်မချန်စတမ်း သူမကို ပြကာ ကျက်စေခဲ့ပါသည်။

ညသန်းခေါင်လောက်မှာ ရောက်လာမြဲဖြစ်သော တယ်လီဖုန်းထဲမှ စပေါ်များကိုလည်း သူမတို့နှစ်ယောက် အတူတူကျက်ကြရသည်။

ကျူရှင်ကောင်းကောင်း၊ အလေ့အကျင့်ကောင်းကောင်းနှင့်မို့ မြသားသည် သူမထက်ပို၍ စာတွေပိုင်နေတာ အမှန်ပဲဖြစ်သည်။ သည်အတိုင်းဆိုလျှင် ဘယ်လိုမဆို မြသား



www.burmeseclassic.com

www.burmeseclassic.com



သည် သူမထက် ပိုသာလိမ့်မှာသေချာလှသည်။

မြသားအောက်ကို သူမ မရောက်ချင်ပါ။ တစ်နေရာမှာတော့ မြသားကို နိုင်စားချင်လှပါသည်။

ကြိုးရာမရသည့်အဆုံးမှာ နှစ်ယောက်သောက်ဖို့ကော်ဖီကို၊ ညစဉ်ဖျော်သည့် တာဝန်ယူပြီး မြသား၏ကော်ဖီပန်းကန်ထဲသို့ အိပ်ဆေးတစ်လုံးစီ ပုံမှန်ထည့်တိုက်ဖြစ်ခဲ့သည်။

အိပ်ဆေးအရှိန်ဖြင့် မြသားအိပ်ပျော်နေချိန်မှာ သူမက စာတွေကို မနားမနေကုန်းရုန်းကျက်သည်။ စာမေးပွဲဖြေမည့်နေ့ရောက်သောအခါ သူမမှာ စာတွေအတော်ပိုင်နေပါသည်။

သို့သော်လည်း သူမအပေါ် ဘယ်တုန်းကမှ မျက်နှာသာမပေးခဲ့သော ကံတရားသည် သူမ၏ ကြိုးစားအားထုတ်မှုတို့ကို လစ်လျူရှုပစ်ခဲ့သည်။

မအိပ်မနေကြိုးစားခဲ့သော ဒဏ်ကြောင့် စာမေးပွဲခန်းထဲမှာ သူမ မူးလဲတော့သည်။ ထိုဘာသာတွင် အောင်မှတ်ရရုံဖြေပြီးနေ၍သာ တော်တော့သည်။

နောက်ဘာသာများမှာလည်း ကောင်းကောင်းမဖြေဆိုနိုင်တော့။ ခေါင်းထဲ ကြောင်စီစီဖြစ်နေပြီး ကျက်မှတ်ပြီး





သားတွေပင် မေ့လျော့ကုန်တော့သည်။

အောင်စာရင်းထွက်သောအခါ မြသားက တစ်ဘာသာဂုဏ်ထူးဖြင့် သူ့ထက်အမှတ်အနည်းငယ်သာသည်။ အဲဒီကိုဝင်သော်လည်း သူ့ဆွဲဆောင်ဖြားယောင်းတာကြောင့် သူနှင့်မေဂျာအတူတူလိုက်ယူသည်။

တက္ကသိုလ်မှာတော့ မြသားထက်သာအောင်ကြိုးစားပြလိုက်မည်ဟု သူ ထပ်ဆင့်အားခဲမိပြန်သည်။ ဒုတိယနှစ်မှာ ကွာလဖိုင်းဝင်အောင်လုပ်၍ တက္ကသိုလ်ဆရာမလေးဖြစ်အောင် ကြိုးစားမည်။

သူ့အိပ်မက်က တက္ကသိုလ်ဆရာမလေးဘဝသို့ ပြောင်းရွှေ့လာပြန်သည်။

သည်မှာတင် သူ့ဘဝမှာ အရေးအကြီးဆုံးလူသားဖြစ်လာမည့် မိုးကို သူစတွေ့ခဲ့တာပင်။

တကယ်တော့ သူကသာ မိုးကို စတွေ့ခဲ့သူဖြစ်သည်။ မြသား ကျောင်းအရောက်ကို အမြဲလိုကြိုရောက်နှင့်သူက ကျောင်းဘေးဂိတ်ဝမှ ထိုင်စောင့်ရင်း ထိုနေရာမှ ကျောင်းထဲ အမြဲဝင်တတ်သည့် မိုးကို စတွေ့ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မြသားသည် အမှတ်တမဲ့။ နောက် တဖြည်းဖြည်းကြာလာတော့ အစိုးရရုံးကားကြီးထိုးဆိုက်လာ ပြီး ထိုပေါ်မှ လွယ်အိတ်လွယ်၍ ထမင်းဘူးကိုင်ကာ ဆင်း လာတတ်သော မိုးကို သတိထားမိလာသည်။

မိုးအသားသည် ညိုစိမ့်စိမ့်။ သို့ပေမယ့် စိုပြေညက် ညောသည်။ ဘေးခွဲဆံပင်တိုကို ဆီထည့်၍ သပ်သပ်ရပ်ရပ် ဖြီးထားတတ်သည်။ အရပ်မနိမ့်မမြင့်နှင့် ကိုယ်နေဟန်တောင့် တောင့်တင်းတင်းမှာ ရှပ်အင်္ကျီလက်ရှည်နှင့် ပုဆိုးကိုသာ သေသပ်စွာ ဝတ်ဆင်တတ်သောမိုးသည် အေးဆေးတိတ် ဆိတ်စွာဖြင့် သူ့လမ်းကိုသာ သူသွားလေ့ရှိသည်။

ဘေးဘီဝဲယာကို မကြည့်။ မစူးစမ်း။ ထိုအမူအကျင့် လေးကို တနှစ်သက်သက်သတိထားမိရာမှ တစ်ရက် မိုး မျက်နှာကို အနီးကပ်မြင်တွေ့ရသောအခါ မေခါး အသည်း နှလုံးများ လျှင်ပြင်းပြင်း လှုပ်ခါသွားခဲ့ရပါတော့သည်။

မိုးမျက်နှာကို မြင်မြင်ချင်းမှာပင် ထိုသူသည် ကိုယ့် တစ်ဘဝလုံး ချစ်ရမည့်လူပဲဟု သေချာသွားတာ ဘာကြောင့် မှန်းမသိ။





နူးညံ့သိမ်မွေ့၍ သန်စွမ်းနက်မှောင်သော ပုံပန်းကျန သည့် မျက်ခုံးမည်းမည်းများအောက်မှ မျက်လုံးအစုံသည် ကိုယ့် ချစ်သူ၏မျက်ဝန်းဆိုတာ ဘယ်ဝါမှ မလွဲမှားနိုင်ပါ။

ဖြောင့်မတ်တည်ကြည်မည့်ဟန် နှာတံချွန်မြင့်မြင့်၊ အကြင်နာတရားကြီးမားမည့် ပြယုဂ်နှုတ်ခမ်းပြည့်တင်းတင်း နှင့် လုံးဝန်းခိုင်ခံ့သည့် မျက်နှာကျတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်း အပ်သော မိုး၏မျက်နှာသည် သူမအတွက် ကမ္ဘာပေါ်မှာ ကြည့်အကောင်းဆုံးမျက်နှာတစ်ခုဖြစ်ခဲ့သည်။

မနက်တိုင်း ကျောင်းဝေါက်ဝမှနေ၍ မိုးအလာကို စောင့်ကိုစောင့်ကြည့်မိသည်။ မိုးမျက်နှာကို မြင်ရပြီးလျှင် သူမ၏ နေ့ရက်များသည် ပို၍သာယာနာပျော်ဖွယ်ရာ ကောင်း သွားလေ့ရှိသည်။

မြသားကိုပင် ထိုအကြောင်းကို ရင်ဖွင့်မိ၏။ သို့သော် အသေးစိတ်တော့မဟုတ်။ အင်အတန်စွဲလမ်းစရာကောင်း သော အမြတ်ကလေးတစ်ယောက်ကို တွေ့ထားသည်ဟုသာ။

ကံကြမ္မာသည် သူမကို အမြဲဖျက်လိုဖျက်ဆီးလုပ် တတ်မြဲဖြစ်၏။ ကျောင်းမှန်ချင်ပါသည်ဆိုမှ တိုက်ဖို့ကြံဆန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်အဖျားမျိုးဖြင့် သူမကို ကျောင်းတစ်ပတ်တိတိ ပျက်စေတော့သည်။

ကျောင်းမတက်ရသောရက်များတွင် မနက်တိုင်းမြင်နေကျ မိုးမျက်နှာလေးကို လွမ်းဆွတ်တမ်းတနေခဲ့မိသည်။ မတွေ့ရမှ မိုးမျက်နှာကို ဘယ်လောက်စွဲလမ်းနေမိမှန်း ကိုယ့်ကိုယ်ကို သိရသည်။

ကျောင်းပြန်တက်နိုင်လျှင်တော့ မိုးနှင့် ရင်းနှီးပတ်သက်ခွင့်ရအောင် မိန်းကလေးတန်မဲ့ ကြိုးစားတော့မည်ဟု ဆုံးဖြတ်ထားခဲ့မိသည်။

နာရီ၊ နေ့ရက်တွေကို ခဲယဉ်းစွာဖြတ်သန်းရင်း ကျောင်းပြန်တက်နိုင်သည့် တနင်္လာနေ့မနက်သို့ ရောက်လာပါသည်။

ထိုင်နေကျနေရာမှာထိုင်၍ အစောင့်ကြီးစောင့်ပါသော်လည်း မိုးက ပေါ်မလာချေ။ မလာနိုင်တော့သည့်အဆုံး အခန်းရှိရာကိုလာခဲ့သည်။

အခန်းထဲမှာ မြသားမရှိပါ။ မြသား အခန်းရှိရာသို့ လိုက်လာမိခဲ့သောသူမကိုတော့ အခန်းရှေ့မှာ အုံ့ဩတုန်လှုပ်



ချောက်ချားဖွယ်ရာ မြင်ကွင်းက ဆီးကြိုနေခဲ့ပါသည်။

မြသားနှင့်မိုးကို တရင်းတနှီး ရယ်ပြုံးစကားလက်ဆုံကျလျက်သား တွေ့လိုက်ရတာပင်။

သူ့ကိုတွေ့သောအခါ မြသားက အနားသို့အပြေးအလွှားရောက်လာပြီး မိုးနှင့်ပတ်သက်သော ဖြောင့်ချက်တွေ တသီကြီးပေးသည်။

ပိန်သေးကိုစွမှာ မိုးကူညီရာမှစပြီး မိုးနှင့်ခင်မင်သိကျွမ်းသွားဖြစ်သည့်အကြောင်း။ သူမ မရှိသောကျောင်းတက်ရက်များမှာ C l မှာ မိုးနှင့်အဖော်လုပ်၍ လာတက်နေဖြစ်သည့် အကြောင်း။

မြသားပြောတာတွေ သူ ကြားတစ်ချက် မကြားတစ်ချက်။ သူ့အာရုံထဲ ဗလောင်ဆူနေရသည်က သူ့အဆုံးကြီးဆုံးရှုံးသွားရပြန်ပြီဆိုသောအသိ။

သည်တစ်ခါလည်း သူ့မျှော်လင့်အိပ်မက်ကလေးကို မြသားက ဦးယူသိမ်းပိုက်သွားခဲ့ပြန်ပြီဖြစ်သည်။

မေ့ခါးသည် ကြမ်းပြင်ပေါ်ဒူးထောက်ညွှတ်ခွေကျမသွားအောင် အတော်အားတင်းခဲ့ရ၏။ သည်တစ်ခါ ဆုံးရှုံးမှု

www.burmeseclassic.com

www.burmeseclassic.com



သည် ဘာနှင့်မှမတူ။ သူကြုံဖူးသမျှ သူ့အပေါ်အပြင်းဆုံး ရိုက်ချက်ပင်ဖြစ်သည်။

သည့်နောက်တော့ မြသားက သူ့ကို မိုးနှင့် မိတ်ဆက်ပေးသည်။

"ဖြူစင်မိုး ...တဲ့၊ သူ့ကိုတော့ သိပါတယ်နော်"

မိုးက ခေါင်းညိတ်ပြပါသည်။ မိုးမျက်ဝန်းများသည် တကယ့်ကို ဖြူဖြူကြည်ကြည်။ သူမကို မြသား သူငယ်ချင်းတစ်ယောက်ဆိုတာထက် ပိုသိပုံမရ။

မြသားကိုကြည့်သော မိုးမျက်ဝန်းများကိုတော့ ယောကျ်ားလေးတစ်ယောက်၏ မျက်လုံးများကို အလိုလိုဘာသာပြန်နိုင်သည့် မိန်းကလေးတစ်ယောက်ပဲမို့ ခွယ်ငြိသည့် အရိပ်အယောင်တွေပါဝင်နေမှန်း ထိုကတည်းကပင် မေခါး သိခဲ့နိုင်ပါသည်။

အံ့သြစရာကောင်းလှပါလား။ မြသားနှင့်သူမ၏ ကံကြမ္မာအဆက်အစပ်ဟာ။ ဘယ်ဘဝကဝဋ်ကြွေးတွေပင် မသိ။ သူမ မျှော်လင့်တောင့်တအပ်သောအရာတိုင်းဟာ မြသားဆီမှာ အလိုအလျောက်သက် ဆင်းခစားကုန်ကြတော့





တာ။

သူမက မြသားကို တူးတူးခါးခါးမုန်းတီးနာကြည်းသွားမိပါသည်။

ထိုနာကြည်းချက်ကြောင့်ပင် မိုးကို မြသားထံမှ အရယူမည်ဟု သံမိဋ္ဌာန်ချမှတ် စိတ်ပိုင်းဖြတ်လိုက်မိသည်။

ထိုအရာသည် သူမကိုပေးရမည့် မြသား၏ ရာဇဝင်ကြွေးပင်ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



မြသားကို တစ်သက်လုံးက လွမ်းမိုးချုပ်ကိုင်ထားခဲ့မြဲဖြစ်သော အရှိန်အဝါနှင့် မိုးအနားမှ ပြန်ခေါ်လာခဲ့သည်။

တတ်နိုင်သမျှ မိုးနှင့်မြသားကို မနီးစပ်စေရပါ။ မြသား ကျူတိုရီရယ်သွားဖြေသော အချိန်များမှာ သူက ဘေးမှအမြဲပါသည်။ မြသား ကျူတိုရီရယ်ချိန်နှင့် သူ့အခန်းမှ ကျူတိုရီရယ်အချိန်ချင်း ကံဆိုးစွာတိုက်ဆိုင်သောအခါမျိုးမှာလည်း မြန်မြန်ဆန်ဆန်ဖြေဆိုပြီးသည်နှင့် မြသားကို ခေါ်မြဲဖြစ်၏။

ထိုအခါမှာ မြသား မိုးနံဘေးမှာ ထိုင်၍ဖြေလျက်သား တွေ့ရပါသည်။





"ဘာဖြစ်လို့ ... ဖြူစင်မိုးဘေးမှာ ထိုင်ရတာလဲ၊ နင်တို့ကို တစ်မျိုးထင်ကြမှာပေါ့၊ မိန်းကလေးတွေအများကြီးရှိတာကို"

သူ မကျေမနပ် အပြစ်တင်မိသည်။

"မိန်းကလေးတွေနဲ့မှ မသိဘဲ၊ မိုးနဲ့ပဲသိတာကို ..."

"အားလုံးက သူ့ကို ဒီလိုမဲခေါ်တာလေ၊ ငါတစ်ယောက် မဟုတ်ပါဘူး"

သူ စိတ်ပျက်လက်ပျက် သက်ပြင်းချမိသည်။

ပရက်တီကယ်လုပ်ရသော ညနေပိုင်းတွေမှာလည်း ... ပျင်း၍ စောင့်နေပေးမည်ဟု အကြောင်းပြကာ ... မြသားတို့ ပရယ်တီကယ်ခန်းရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေသည်။

ပရယ်တီကယ်ခန်းထဲမှ မိုးနှင့်မြသား အခြေအနေကို အကဲခတ်စောင့်ကြည့်ရ၏။ ပင်ပန်းလှသည့်ဖြစ်ခြင်း။ မြသားရှိရာကို တစ်ချက်တစ်ချက် ဝေ့ဝဲကျရောက်လာသော မိုး၏မျက်ဝန်းများကို တံခါးကွယ်မှ ခိုးကြောင်ခိုးဝှက်ကြည့်ရင်းရင်မောနာကျင်ရသောအဖြစ်ကို မေခါးတစ်သက် မမေ့ပေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည် မထင်ပေ။

ထိုခံစားချက်မျိုး ... မြသားလည်း တစ်သက်ကိုယ် ချင်းစာနိုင်မည် မထင်ပါ။

နောက်တစ်ခု ဆိုးဝါးသောအချက်က ခါတိုင်း မိုးကို စောင့်ကြည့်မျှော်မောရသော သူမ၏ လှပရင်ခုန်ဖွယ် မနက် ခင်းများက ... မိုးနှင့်မြသားတို့စုံတွဲကိုသာ မြင်တွေ့ရသော အကျည်းတန်သည့် မနက်ခင်းများအဖြစ်သို့ ပြောင်းလဲသွား ခဲ့ရခြင်းပင်။

မိုးသည် ကျောင်းသို့စောလာကာ မြသားအလာကို စောင့်တော့၏။ မြသားကလည်း ကျောင်းသို့စောထွက်ကာ မိုးနှင့်ဆုံစည်းကြပါသည်။ သူမကတော့ အများသုံးဖယ်ရီ ဘတ်စ်ကြီးနှင့် ကျောင်းလာရသူဖြစ်ရာ ... ကျောင်းရောက် ချိန်က စိတ်သွားတိုင်း ကိုယ်မပါနိုင်ချေ။

အမြဲတမ်း ပုံမှန်ချိန်ဖြစ်ရာ ... မိုးနှင့်မြသားမှာ သူမထက် ကြိုစောရောက်ပြီး ... တူနှစ်ကိုယ် မနက်ခင်းများ ဖန်တီးနေသည်ကို မတတ်သာစွာပဲ ရင်ဆိုင်နေခဲ့ရပါသည်။

တစ်ခါတလေတော့လည်း မေခါးသည် မိုးနှင့် မြသားကြားမှာ လူကြမ်းဗီလိန်ကြီးတစ်ယောက် ဖြစ်နေရသည့် ဘဝကို နာကြည်းစက်ဆုပ်ကာ အားလုံးနှင့်ဝေးရာကို ထွက် ပြေးသွားလိုက်ချင်သည်။

သို့သော်လည်း ... တကယ်တမ်းမှာတော့ ... မိုး၏ ချည်တိုင်မှာသာ တရစ်ဝဲဝဲ မြဲမြဲနေမိမြဲဖြစ်လေသည်။

သည်လိုနှင့်ပဲ ပထမနှစ်က ပြီးဆုံးသွားခဲ့သည်။

ဒုတိယနှစ်ရောက်သောအခါ ပထမနှစ်ကလို ပေါ့ပေါ့ပါးပါး မနေအားတော့ပဲ စာကို ပိုမိုအာရုံစူးစိုက်ရတော့ သည်။ ဒုတိယနှစ်မှာ ဂုဏ်ထူးတန်းဝင်ဖို့အရေး သူမ ရည်မှန်း ချက်ထားထားသည် မဟုတ်လား။

သို့သော်လည်း ... သူမ၏အိမ်တွင်းရေးကတော့ ပို၍ အခြေအနေ ဆိုးဝါးလာနေခဲ့သည်။ ပထွေးနှင့်အမေ၏ ဆဲဆို ရန်ဖြစ်သံများကြားမှ အိမ်သည် နေချင်စရာ တစ်ကွက် မရှိ။ ဘဝသည်လည်း သာယာနာပျော်ဖွယ်ရာမရှိ။

သို့သော်လည်း ... ဘဝ၏ အပူအမောအပေါင်း သည် ကျောင်းရောက်၍ မိုးမျက်နှာမြင်လိုက်ရလျှင် ကင်းအောင် လွင့်ပျောက်သွားကြမြဲဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



မင်းသာ ကိုယ့်ဘဝရဲ့ကယ်တင်ရှင်ပါ မိုးရယ်။ အမြဲတမ်း မှောင်မိုက်နေရတဲ့ ကိုယ့်ဘဝညတွေထဲမှာ မင်းဟာ ... လမင်းလေးတစ်စင်းပါပဲ။ ကိုယ့်ကို အလင်းပေးပါ။ ညာတာပါမိုးရယ် ... ။

အသံမဲ့စကားများစွာကို မိုးမျက်နှာကို ကြည့်ရင်း ဆိုခဲ့မိသည်မှာ အကြိမ်ကြိမ်။

ဒုတိယနှစ်မှာ ကျောင်းခေါ်ချိန်များပါ ဂရုစိုက်လာရပြီမို့ ... ထိုအကြောင်းပြချက်ဖြင့် မိုးအားကိုးရှိပြီဖြစ်သော မြသားသည် သူ့အခန်းမှန်ဖြစ်သော C I မှာ ပြန်တက်သည်။

C I ရောက်သွားတိုင်း သိရေတာအပေါက်ဝမှ မြင်ရသည့် ခေါင်းချင်းဆိုင်စကားတွတ်ထိုးနေတတ်သော သူတို့နှစ်ယောက်၏မြင်ကွင်းသည် မေခါးရင်ကို နာကျင်မှုဖြင့် လှိုင်းထန်စေခဲ့မြဲဖြစ်သည်။

ပွဲမပြီးသေးပါဘူး မြသားရယ် ...။ အချိန်တန်ရင် မိုးဟာ ငါ့အတွက်ပဲဖြစ်စေရမယ်။

သူ ကျိတ်၍ကြိမ်းဝါးမိမြဲပင်။

မြသား၏အိမ်မှ ဝိုင်းကျူရှင်မှာ မိုးကိုပါ တက်ခွင့်ပြု



ဖို့ မြသားက သူ့ကိုခွင့်ပန်လာသောအခါ ရုတ်တရက်တော့ သူ ခါးသီးထိတ်လန့်သွားမိသည်။

တတ်နိုင်သမျှ မိုးနှင့်မြသား မနီးစပ်စေချင်ပါ။ မြသားတို့အိမ်နှင့်ပါ မိုး ရင်းနှီးကျွမ်းဝင်သွားမည့်အရေးမို့ပို၍ စိုးရိမ်စရာလည်းဖြစ်သည်။

သို့သော်လည်း လက်မခံလျှင် မိုးက သူ့ကို မုန်းမျက်တော့မည်။ သူ့အဆုံးအဖြတ်ကြောင့် သူကျူရှင်တက်ခွင့်မရဆိုတာကို မိုးမသိဘဲနေမှာမဟုတ်။

မိုး အမုန်းကို သူခံယူရ၍မဖြစ်။ မိုး၏သနားကရုဏာအကြင်နာများကိုသာ သူ ဖွဲ့ခြွေသိမ်းပိုက်ရမည်မဟုတ်လား။ မိုးသည် အကြင်နာတရား ကြီးမားသော စိတ်နှလုံး နူးညံ့သိမ်မွေ့သည့် လူငယ်လေးတစ်ယောက်ဖြစ်သည်ဆိုတာ သူမသိထားပြီးဖြစ်သည်လေ။

နောက်ဆုံးတော့ မြသားထံမှ အပေးအယူတစ်ခုဖြင့် မိုးကိစ္စကို သူမ သဘောတူလိုက်ဖြစ်သည်။ မိုးကို ကျူရှင်တက်ခွင့်ပြုရသည့်အတွက် မြသားက အကူအညီတောင်းသည့်အနေနှင့် သူမကို ကျူရှင်အသွားအပြန် မိုး အကြိုအပို့လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်။

မြသားၡ၏ကွယ်ရာမှာ မိုးနှင့် နီးစပ်ဖို့ သူမကြိုးဆောင်နိုင်မည်။ မိုးနှင့် သူမနှစ်ယောက်တည်း သီးသန့်အချိန်ဆိုတာ ရှိလာပြီမဟုတ်လား။

သူမ၏ ချိုင့်တွေခွက်တွေဖြင့် စုတ်ပြတ်နံ့ချာလှသော လမ်းကလေးထဲသို့ မိုးကားလေးဖြင့် လာခေါ်သောနေ့ဖြစ်သည်။

"အားနာလိုက်တာမိုးရယ်၊ ရှင့်ကားလေးတော့ နစ်မှာကုန်ပါပြီ၊ နောက်နေ့ဆို ကိုယ် လမ်းထိပ်ကထွက်စီးပါ့မယ်၊ အိမ်ထိအောင်လာမခေါ်ပါနဲ့"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

လမ်းတစ်လျှောက်မှာ မိုးကို သူမ၏ဘဝဇာတ်ကြောင်းကို ပြောပြလာခဲ့မိသည်။

"ကိုယ်ကဆင်းရဲတယ် မိုးရဲ့၊ အဖေနဲ့အမေက ကိုယ်ခပ်ငယ်ငယ်ကပဲ ကွဲသွားကြတာလေ၊ အဖေက နောက်မိန်းမယူသွားတယ်၊ အမေကတော့ နောက်ယောကျာ်းယူတယ်၊ ကိုယ့်မှာ မောင်လေး ညီမလေး သုံးယောက်ရှိသေးတယ်၊





သူတို့တွေရဲ့တာဝန်က ကိုယ့်ပခုံးပေါ်မှာ၊ ကိုယ်အများကြီးရှုန်းကန်ရဦးမှာပါ"

မိုး၏ ကရုဏာသက်သောမျက်ဝန်းများကို ပထမဆုံးထိုးစစ်မှာတင် စတင်ရရှိသိမ်းပိုက်နိုင်ခဲ့သည်။

"ကိုယ့်အကြောင်းတွေ မြသားက ပြောမပြထားဘူးလားဟင်"

မိုးက ခေါင်းခါပြသည်။

"ငယ်ငယ်ကတည်းက အတန်းဖော်သူငယ်ချင်းတွေလို့ပဲပြောတယ်၊ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းတဲ့"

သူမက မျက်နှာထားကို အနူးညံ့အသိမ်မွေ့ဆုံးဖန်တီးထားလိုက်ကာ ...

"မြသားက ကိုယ့်အပေါ် သိပ်ကြင်နာတာ၊ သိပ်ပြီးတော့လည်း စိတ်သဘောထားကောင်းတာပဲ၊ ကိုယ့်ဘဝအတွက် အကောင်းဆုံးသူငယ်ချင်းပဲ၊ သူ့ကျေးဇူးတွေ ကိုယ့်အပေါ်မှာ အများကြီးရှိတယ်၊ သူနဲ့တွေ့ရတာ ကိုယ် သိပ်ကံကောင်းတာပဲ၊ သိလား"

"ဒါပေမယ့် မေခါးက သိပ်ရည်မွန်းချက်ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



စာကြိုးစားတယ်ဆို၊ တစ်နေ့ကျတော့ အောင်မြင်လာမှာပါ၊ ဘဝဆိုတာ တသမတ်တည်းတော့မနေပါဘူး၊ အောင်မြင်မှုဆိုတာ ကြိုးစားတဲ့လူတွေအတွက်တဲ့"

"ကျေးဇူးပဲ မိုး၊ ကိုယ် တကယ်အားရှိသွားပြီ"

ပထမဆုံး ညနေခင်းမှာတင် မိုးနှင့်သူမကြားမှာ အခြေခံအုတ်မြစ်လေးတစ်ခု တည်ဆောက်နိုင်ခဲ့သည်။

မိုးအမြင်မှာ မေခါးသည် သနားကရုဏာသက်စရာကောင်းသော၊ ဖြူစင်ရိုးသားပွင့်လင်းသည့်၊ အားမာန်ရှိသည့် မိန်းကလေးတစ်ယောက်အဖြစ် အခြေခံရုပ်လုံးပေါ်သွားခဲ့ပြီ မဟုတ်လား။

တကယ်ကတော့ သူမ၏နုံချာသောဘဝဇာတ်ကြောင်းကို မိုးကို ဖွင့်မပြောနှင့်ဖို့ မြသားကို သူမကပဲ ပိတ်ပင်ထားခဲ့တာ။ ကိုယ်တိုင်ဖွင့်ချဝန်ခံလိုက်ခြင်းဖြင့် မိုး၏ တအံ့တသြနိုင်သော အထင်ကြီးလေးစားမှုတို့ကို သိမ်းပိုက်ရယူလိုက်နိုင် ပြီမဟုတ်လား။

နောက်တစ်နေ့ မိုးလာအကြိုမှာတော့ မျက်ရည်တွေ အဝဲသားနှင့် မေခါးကို တွေ့ရပါသည်။



"မေခါး ...ဘာဖြစ်ထားသလဲ"

မိုးက စိုးရိမ်တကြီး မေးဖော်ရသည်။ မိုးမေးကာမှ မေခါးသည် ရှိုက်ကြီးတငင်ငိုကြွေးလိုက်မိတော့သည်။ အားရပါးရငိုပြီးမှ ...

"ဆောရီးပဲမိုး၊ ကိုယ် စိတ်မထိန်းနိုင်ဘဲဖြစ်သွားတယ်၊ မိုး တစ်သျှူးပါလားဟင်"

မိုးက သူ့ကားထဲမှာ ဟိုဟိုဒီဒီရှာဖွေသည်။ မတွေ့။ မိုး၏တစ်သျှူးဘူး မနေ့က ကျူရှင်မှာကျန်ခဲ့တာ သူမသိထားသည်။ ပြီးတော့ မိုးမှာ လက်ကိုင်ပဝါဆောင်လေ့ရှိတာလည်း သိထား၏။

ဖြူစင်မိုးဟု အင်္ဂလိပ်လို အတိုကောက်ရေးထိုးထားသော လက်ကိုင်ပဝါလေးတွေလေ။

နောက်ဆုံးတော့ မိုးသည် သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပေးလာတော့သည်။

"ရော ...ကျွန်တော့်လက်ကိုင်ပဝါပဲသုံးလိုက်ပါ"

"အားနာစရာကြီး၊ နေပါစေ"

"မဟုတ်တာ၊ သုံးလိုက်ပါ၊ ကျူရှင်နောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ငိုထားမှန်းသိသာနေဦးမယ်''

မိုးက အဟင်းပေးပါသည်။ မိုးလက်ကိုင်ပဝါလေးသည် ရေမွှေးရနံ့လေး သင်းပျံ့နေသေးသည်။

''ကိုယ်ကလည်း မိန်းကလေးတန်မဲ့ လက်ကိုင်ပဝါမဆောင်တတ်တဲ့အကျင့်ကြီးက မကောင်းပါဘူး၊ မိုး လက်ကိုင်ပဝါကို လျှော်ပြီးမှပဲ ပြန်ပေးတော့မယ်နော်''

''ဩော် ···ရပါတယ်၊ ဒါနဲ့ မေခါး ဘာဖြစ်လို့လဲဟင်''

မေခါးမျက်နှာလေး ပြန်၍မှုန်တင်းသွားရသည်။

''အမေနဲ့ပထွေး ရန်ဖြစ်ကြတယ်လေ၊ ပထွေးက အမေ့ကိုရိုက်တယ်၊ သူတို့ ကွဲကြဦးမလားမသိပါဘူး၊ အမေ့ကို သိပ်သနားတာပဲ၊ ကိုယ်ကဝင်ပြောမိတော့ ပထွေးက ကိုယ့်ကိုမဲတယ်၊ အမေ့ဘဝကို ကိုယ်သိပ်စိတ်ပျက်တာပဲ၊ မိုး မသိဘူးနော်၊ ကိုယ် သိပ်စိတ်ဆင်းရဲရတာ၊ တစ်ခါတလေ ကိုယ် အိမ်မပြန်တော့ဘဲ တစ်နေရာရာကို ထွက်ပြေးသွားလိုက်ချင်တယ်သိလား၊ ဒီဘဝထဲက လွတ်မြောက်သွားရင်ပြီးရော''





မိုးမျက်နှာမှာ သူမအတွက် စိုးရိမ်သောကတွေကို တွေ့ ရပါသည်။

''ထင်ရာတွေလျှောက်မလုပ်ပါနဲ့ မေခါးရယ်၊ သည်းခံခြင်းဟာ အောင်မြင်ခြင်းတဲ့၊ ဒီလိုလုပ်လိုက်ရင် မေခါးဘဝကို အရှုံးပေးရာရောက်သွားမှာပေါ့၊ ဘာမှစိတ်အားမငယ်ပါနဲ့၊ မေခါးမှာ ကျွန်တော်ရော မြသားလိုပါ သူငယ်ချင်းကောင်းတွေရှိနေတာပဲ၊ အကူအညီလိုတာရှိရင် ကျွန်တော့်ကို ပြောပါ၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်''

မျက်ရည်ဝိုင်းသောမျက်ဝန်းများဖြင့် မိုးကို သူမ ငေးမောကြည့်မိပါသည်။

''ကျေးဇူးတင်ပါတယ်မိုးရယ်''

အိမ်ပြန်ရောက်သောအခါ မိုး၏လက်ကိုင်ပဝါလေးကို လျှော်ဖွပ်၍ လှမ်းထားလိုက်သည်။ သို့သော် ပြန်မပေးဖြစ်တော့။ သူမ လှမ်းထားတုန်း ပထွေးယူသွားသည်ဟု အကြောင်းပြ၍ အသစ်တစ်ထည်ပြန်ပေးလိုက်သည်။

မိုးက လက်မခံပါ။ ကိုယ်တိုင်သာဆောင်ထားပါဟုဆိုကာ သူမကိုပြန်ပေးပါသည်။ လက်ကိုင်ပဝါကို ဈောက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မိသည့်အတွက် စိတ်မကောင်းချင်ယောင်ဆောင်ရ သော်လည်း တကယ်တမ်းမှာ သူမ ကျေနပ်နေမိသည်။

မိုး လက်ကိုင်ပဝါလေးကို တိတ်တဆိတ်သိမ်းပိုက် နိုင်ခဲ့ပြီမဟုတ်လား။ ဒါ …ဖြူစင်မိုးကို ပိုင်ဆိုင်ခြင်းရဲ့အစ လေ။

"ဒီနေရာလေးကိုရောက်ရင် ငယ်ငယ်တုန်းက စက် ဘီးအတိုက်ခံရတဲ့အဖြစ်ကို သတိရတယ်သိလား"

မြသားနှင့်အတူ တက်ခဲ့သောကျောင်းရှေ့မှ ဖြတ်ရင်း မိုးကို ပြောပြမိသည်။

"အဲဒီတုန်းက ကိုယ်နဲ့မြသားနဲ့ ဆယ်တန်းလေ ဇေဇေဆိုတဲ့ကောင်လေးက မြသားကို အသည်းအသန်လိုက် တာ၊ မြသားကို လိုက်တဲ့သူတွေက အများကြီးပါပဲ တစ်ကျောင်းလုံးက အထက်တန်းကျောင်းသားတွေအားလုံး သူ့ကိုမလိုက်တဲ့သူမရှိသလောက်ပဲ၊ ကိုယ်က ဒိုင်ခံရန်တွေ ပေါ့၊ မြသားကိုပဲ ကိုယ့်မှာအဖေါ်လုပ်နေရတော့ မြသား တခြား အဖော်တစ်ယောက်တွေ့သွားမှာ ကိုယ်အရမ်းစိုးတာ ကိုယ်ကလွဲလို့ တခြားဘယ်သူ့ကိုမှ မခင်စေချင် မရင်းနှီးစေ





ချင်တာလေ၊ မြသားကို ကြိုက်တဲ့ကောင်လေးတွေဆို ကိုယ့်ရန် သူပဲ၊ ကိုယ်ရှေ့က ဂုဏ်ဆီးကာဆီးလုပ်လွန်းလို့ ဇေဇေဆိုတဲ့ ကောင်လေးရဲ့ နှစ်ပြားမတန်အပြောကို ခံခဲ့ရတယ်၊ သူက ဘယ်လောက်အထိ ကိုယ့်ကိုမုန်းမျက်သွားသလဲဆိုရင် ကျောင်းအဆင်းမှာ ကိုယ့်ကို သူ့စက်ဘီးနဲ့ ဝင်တိုက်ပစ်ခဲ့တယ် လေ၊ ဒီအမာရွတ်က ကိုယ့်သေရာပါပဲ၊ ငါးချက်ချုပ်လိုက်ရ တယ်၊ ဒါပေမယ့် ကိုယ်မငိုဘူးသိလား၊ အံကြိတ်ပြီးခံခဲ့တယ်၊ ပြီးတော့ ကျေလည်းကျေနပ်ပါတယ်၊ ကိုယ့်သူငယ်ချင်း အတွက် ရတဲ့ဒဏ်ရာမို့လေ၊ ဒါပေမယ့် စိတ်မကောင်းစရာ ကောင်းတာက အဲဒီကောင်လေး ကျောင်းထုတ်ခံလိုက်ရ တယ်"

သူမ၏လက်မောင်းမှ အမာရွတ်ကိုကြည့်ရင်း မိုးက သူမမျက်နှာကို သူ့ရဲကောင်းတစ်ဦးနှယ် အံ့သြချီးမွမ်းဟန်ဖြင့် ငေးမောကြည့်ပါသည်။ ပြီးတော့ …

"မေဓါးက မြသားကို တော်တော်ခင်တာပဲနော်"

ဟု အလေးအနက် မှတ်ချက်ချလေသည်။

မိုး၏ကားရှေ့ခန်းထဲမှာ နှစ်ယောက်အတူထိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်အသွားအပြန်လုပ်ခဲ့ရသော ညနေခင်းများသည် သူမဘဝ၏ သာယာနှာပျော်ဘွယ် အကောင်းဆုံးအချိန်များပင်ဖြစ်ပါသည်။

မိုးနှင့်အတူ ဒီလိုအမြဲတမ်းနေခွင့်ရခဲ့လျှင် ဟူသောတောင့်တမှုသည်လည်း အချိန်ကြာလာသည်နှင့်အမျှ တရိပ်ရိပ်တငြီးငြီး ပိုမိုတောက်လောင်လာခဲ့ရသည်။

တစ်ညနေတော့ ကျူရှင်မှအပြန် မိုးကို ဆေးခန်းလိုက်ပို့ပေးဖို့ သူမ အကူအညီတောင်းမိသည်။

"မိုးရေ ...အားတော့နာပါတယ်၊ ကိုယ့်ကို ဆေးခန်းခဏဝင်ပို့ပေးပါလားဟင်၊ ဟို ...ပို့ရုံပဲပို့ခဲ့ပါ၊ ကိုယ့်ဘာသာပြန်ပါ့မယ်"

"မေခါး နေမကောင်းလို့လား"

"ဟုတ်တယ်၊ ကိုယ် တစ်အားဝိမ်ဖြစ်နေတာကြာပြီ၊ ညဖက်အားလုံးအိပ်ချိန်ကြမှ စာကျက်လို့ရလို့ ထစာကျက်ဖြစ်တာ၊ လုံးဝမအိပ်သလောက်ပဲ၊ မိုက်ခနဲ ...မိုက်ခနဲဖြစ်နေတာမနည်းထိန်းထားရတယ်၊ ဒီနေ့တော့ သွားမှဖြစ်တော့မယ်"

မိုးက စိုးရိမ်မကင်းစွာ ကြည့်ပါသည်။



"ဟုတ်တယ်၊ မေခါးကြည့်ရတာ ဖြူဖျော့ဖျော့နဲ့၊ ကျန်းမာရေးကိုဂရုစိုက်မှပေါ့၊ လူကျန်းမာမှ ကျန်တာတွေဆက်လုပ်နိုင်မှာ၊ ကျွန်တော် စောင့်ပြီးအိမ်ပြန်ပို့ပေးပါ့မယ်၊ အားမနာပါနဲ့"

မိုးက ဆေးခန်းလိုက်ပို့ပေးပါသည်။ သူမဆေးခန်းထဲဝင်သွားသောအခါ အပြင်မှထိုင်စောင့်ပေးနေ၏။ ထိုနေ့က မိုးများလည်း တစိမ့်စိမ့်ရွာလျှက်ရှိပါသည်။

"ဘာတဲ့လဲ မေခါး၊ ဆရာဝန်ဘာပြောလဲ"

ကားပေါ်ရောက်သောအခါ မိုးက ဂရုတစိုက်မေးဖော်ရ၏။

"တအားသွေးအားနည်းနေတယ်တဲ့၊ ဆေးထိုးပေးလိုက်ရတယ်၊ အားဆေးတွေလည်း ပေးလိုက်ပါတယ်၊ အား ...ချမ်းလိုက်တာနော်၊ ဖျားချင်ပြီထင်တယ်"

မိုးရွာနေသည်မို့ ရေငွေ့မတင်အောင် အဲကွန်းဖွင့်ထားရသော ကားခေါင်းခန်းထဲမှာ မေခါး လက်စကအင်္ကျီလေးနှင့် ချမ်းနေမိပါသည်။

မိုးက သူမကိုငုံကြည့်ပြီး ချက်ချင်းပင် သူ့ကိုယ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ ခေါင်းဆောင်းအနွေးထည်အဖြူလေးကို သတိရသွားဟန် ဖြင့် ချွတ်ယူလိုက်ပါသည်။

"မေခါးက နေမကောင်းဘူးဆိုပြီး အနွေးထည်မှ ယူမလာဘဲကိုး၊ ရော့ …ဒီမှာ ကျွန်တော့်အင်္ကျီဝတ်ထား လိုက်"

"ရပါတယ် မိုး၊ နေပါစေ"

"ဝတ်ထားလိုက်ပါ၊ အားမနာပါနဲ့၊ နောက်နေ့မှပဲ ပြန်ပေးတော့"

"ကျေးဇူးပါပဲ"

သူမက မိုး၏အပေါ်ရုံအင်္ကျီလေးကို ထပ်ဝတ်ထား လိုက်ပါသည်။ တစ်ကိုယ်လုံးတင်မက တစ်ဘဝလုံးပါ လုံခြုံ နွေးထွေးသွားသလို ခံစားလိုက်ရသည်။

မိုးရေ …ရှင့်ကိုပိုင်ဆိုင်ချင်တာ ရူးမတတ်ပါပဲ။

မေခါးတို့လမ်းထိပ်ရောက်လာသောအခါ သည်း သည်းမဲမဲ ရွာထားသောမိုးကြောင့် ချိုင့်ခွက်ထူပြောသော လမ်း ကလေးမှာ ရေတွေ ခြေသလုံးထိအောင် နစ်မြုပ်နေလေသည်။

"မိုး …ကားမဝင်နဲ့တော့၊ ရမှာမဟုတ်ဘူး၊ ကိုယ့်



ဘာသာဆင်းလျှောက်သွားမယ်၊ မိုးအင်္ကျီလေးတော့ မိုးစို တော့မှာပဲ၊ ကိုယ် ချွတ်ခဲ့ပါ့မယ်"

"မလိုဘူး၊ ဝတ်သွားပါ၊ ကျွန်တော့်မှာ ထီးပါတယ် ယူသွား"

"ကျေးဇူးပဲ၊ ထီးရော အင်္ကျီပါ မနက်ဖြန်မှယူတော့ နော်၊ မိုးကို ကျေးဇူးတင်ရတာတွေများပြီ"

မိုးပေးသောထီးကိုယူ၍ ကားထဲမှထွက်သည်။ ထီးကို ဖွင့်ဆောင်းပြီး ကားဆီမှ လှည့်ထွက်ဖို့အပြင် မိုက်ခနဲယိုင်ထိုး သွားရတာကြောင့် ကားကို ကမန်းကတန်းမှီထားလိုက်ရသည်။

သူမ၏အဖြစ်အပျက်ကို မြင်သောမိုးက ကားထဲမှ ကမန်းကတန်းထွက်လာလေသည်။

"ဘယ်လိုဖြစ်တာလဲ မေခါး၊ ရရဲ့လား၊ ကားထဲမှာ ခဏထိုင်နေလိုက်ပါလား"

"ရတယ် …မှောင်နေပြီ၊ ပြန်မှဖြစ်မယ်၊ မိုးပြန်ပါ၊ မိုးတွေစိုကုန်ပြီ"

မိုးက တွေ၍ကြည့်နေသည်။

"မေခါး တစ်ယောက်တည်းမဖြစ်ဘူးထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



လမ်းကရေတွေနဲ့ ပြည့်နေတော့ ချိုင့်တွေမြင်ရမှာမဟုတ်ဘူး။ လမ်းမှာလဲကျနေမှ၊ ကဲပါ …လာ၊ ကျွန်တော်ပဲ လိုက်ပို့ပေး လိုက်ပါ့မယ်"

မိုးက မေခါးလက်ထဲမှထီးကို လက်ပြောင်းယူကာ သူမကို လိုက်ပို့ပေးဖို့ပြင်သည်။ အားနာဟန်ဖြင့် မော့ကြည့်သော သူမ၏မျက်ဝန်းများကို မိုးက လျစ်လျူရှုခဲ့သည်။

သူမတို့နှစ်ယောက် မိုးရေအောက်မှာ လမ်းလေးထဲသို့ ဝင်ခဲ့ကြပါသည်။ ခါတ်တိုင်မီးရောင် နီကြောင်ကြောင်နှင့် ဗွက်ရေတွေအပြည့်လွှမ်းနေသော နံ့ချာသည့်လမ်းကလေးကို သည်တစ်ခါတော့ သူမ အကောင်းမမြင်စဖူးမြင်သွားခဲ့သည်။

ရေထဲမှာ စမ်းတဝါးဝါးဖြင့် စတင်နင်းလျှောက်လာခဲ့မိသည်မှာပဲ ချိုင့်ခွက်တစ်ခုထဲ နင်းမိကာ သူမ ယိမ်းယိုင်ပြီး လဲသွားပါသည်။ မိုးက ဆက်ခနဲနေအောင်ပင် သူမလက်မောင်းကို ဖမ်းဆွဲထားလိုက်၏။

"ကျေးဇူးပဲမိုး"

ဝါကျင့်ကျင့်မီးရောင်အောက်မှ မိုးမျက်ဝန်းတွေသည်





ပကတိရိုးသားစင်ကြယ်လျက်။

"ကျွန်တော့်ကိုတွဲလိုက် မေခါး၊ အားမနာနဲ့၊ ခုမှ အစပဲရှိသေးတယ်၊ အများကြီးဝင်ရဦးမှာ၊ လဲသွားလိမ့်မယ်"

သူမ မရဲတရဲဟန်ဖြင့် မိုးလက်မောင်းကို ဖွဖွကိုင်တွဲမိသည်။ လမ်း၏အဆုံးမှာရှိသော သူမ၏အိမ်ကလေးကို ကျေးဇူးတင်မိပြန်သည်။

ထီးတစ်လက်ထဲ နှစ်ယောက်အတူဆောင်းရင်း ရေထဲမှာ တရွေ့ရွေ့စမ်းတဝါးဝါးသွားရင်း မိုးလက်မောင်းကို ဆုပ်တွဲထားရင်းမှ တစ်ချက်တစ်ချက် မေခါးသည် မိုးလက်မောင်းကို ပါးဖြင့် ထိကပ်ထားမိသေး၏။

မိုးရေ …အဲသည်တုန်းကလျှောက်ခဲ့တဲ့ လမ်းလေးဟာ မဆုံးနိုင်တဲ့လမ်းလေးဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မိုး၏အနွေးထည် အဖြူလေးကိုဝတ်ကာ သူမက အမှတ်တရ ဓါတ်ပုံတစ်ပုံရိုက်ထားလိုက်သည်။

မိုးသည် ချိုးကျူးစရာကောင်းအောင် ဖြူစင်ဖြောင့်မတ်သော လူငယ်လေးပါပင်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်အတူတွဲသွားတွဲလာ ရှိနေခိုက်မှာ မြသား နှင့်သူမအပေါ် မျှမျှတတဆက်ဆံလေ့ရှိသည်။ မုန့်ဝယ်လာ လျှင်လည်း နှစ်ယောက်စလုံးအတွက်ပါ၏။ ဘောလ်ပင်န် လေးတွေ ဝယ်လာလျှင်လည်း နှစ်ယောက်အတူ ညီတူညီမျှ သာ။

မြသားမွေးနေ့မှာ ရေမွှေးပုလင်းဝယ်၍ လက်ဆောင် ပေးသောမိုးသည် မေခါး မွေးနေ့ရောက်သောအခါလည်း ထိုရေမွှေးပုလင်းလေးကိုသာ ဆင်တူဝယ်ပေးခဲ့၏။

ကိုယ့်မျှော်လင့်ချက်တွေ ရှင်သန်ခဲ့ရတာ အပြစ်လား ဟင်။

မြသားနှင့် အတန်းအတူတက်ရသည်မှလွဲ၍ ကျောင်း နှင့်ကျူရှင်မှာလည်း သုံးယောက်အတူတူပင်ဖြစ်ကာ သူမနှင့် ကမှ ကျူရှင်အသွားအပြန် နှစ်ယောက်တည်းအတူရှိနေဖြစ် ကြသေးတာမို့ မြသားထက်ပင်လျှင် သူမက မိုးနှင့် ရင်းနှီး နီးကပ် သေးသည်ဟု မိုးနှင့်ပတ်သက်၍ မျှော်လင့်ချက်တွေ ရေလောင်းပေါင်းသင်ထားခဲ့မိရာမှ …

မမျှော်လင့်ဘဲ ဒုတိယနှစ်စာမေးပွဲသည် သူမနှင့်မိုး



၏ ကံကြမ္မာအဆုံးသတ်သာ ဖြစ်ခဲ့ရသည်။

စာမေးပွဲဖြေရတော့ မြသားနှင့်မိုးက တစ်ခန်းတည်း ၍ သူမက တစ်ခန်းသီးသန့်ဖြစ်သည်။

ပထမရက်မေးခွန်းကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့၍ သားနှင့်မိုးရှိရာသို့ ဝမ်းသာအားရ အပြေးလာခဲ့သော မေခါး သည် အခန်းရှေ့မှမြင်ကွင်းကြောင့် ကမ္ဘာကြီးချာချာလည် သွားရပါသည်။

မြသားသည် မိုး၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် ကလည်း မြသား၏လက်နှစ်ဖက်ကို ပြန်လည်ဆုပ်ကိုင် ထားလျက်ပါပဲ) မိုးမျက်နှာကို မော့ကြည့်ကာ တတွတ်တွတ် သိမ့်ချော့မော့နေသည်။

မိုးကလည်း မြသားမျက်နှာကို ငေးမောစူးစိုက်ကြည့် သည်ပုံစံဟာ ချစ်သူနှစ်ဦးရဲ့ အနေအထားမဟုတ်ဘူးလို့ ကလေးကို သွားပြောတောင်ယုံမည်မထင်ပါ။

ဘုရား …ဘုရား၊ သူတို့နှစ်ယောက် ဘယ်တုန်းက ချစ်သူတွေဖြစ်သွားကြတာပါလိမ့်။

သူမ အသက်ဝင်လှုပ်ရှားဖို့ ကြိုးစားမရနိုင်သေးမှာပင်

www.burmeseclassic.com

www.burmeseclassic.com



မြသားတို့နှစ်ယောက်က သူမကို တွေ့မြင်သွားခဲ့ကြလေသည်။

သည့်နောက်တော့ မြသားက သူ့ကို သူမကြားချင်ဆုံးစကားလုံးတွေဖြင့် ဖြောင့်ချက်ပေးခဲ့သည်။

သူနှင့်မိုး ချစ်သူတွေဖြစ်နေကြပါပြီတဲ့။

"မိုးကချစ်သူတစ်ယောက်အဖြစ် လက်ခံလောက်တဲ့ လူကောင်းတစ်ယောက်ဆိုတာ နင် တောက်ခံတယ်မဟုတ်လားဟင်၊ ဒါနဲ့မိုးကို နင် သဘောတူပါတယ်နော်"

သူမ ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်းကင်းမဲ့စွာ မြသားအပါးမှ ပြေးထွက်ခဲ့မိသည်။

အိပ်ရာပေါ်မှာ လူးလိမ့်ရင်း သူမ အသည်းကြွေမတတ် ငိုမိသည်။ သည့်တစ်ခါလည်း မြသားကို သူမ ရှုံးနိမ့်လိုက်ရပြန်သည်။

ဘယ်တုန်းကမှနှင့်မတူသည့် အရှုံး။ ရှုံးခဲ့ဖူးသော အရှုံးတွေထဲတွင် အကြီးမားဆုံးအရှုံး။ မြသားကို မုန်းလိုက်သည်မှာ ဆိုဖွယ်မရှိ။

ထိုစိတ်နှင့်ပင် မေခါ၊ စာမကျက်နိုင်။ မအိပ်နိုင်။



မစားနိုင်။ စာမေးပွဲလည်း မဖြေဆိုနိုင်တော့။ သူမ၏ရည်မှန်းချက်တွေအားလုံးသည် မိုးဟူသော မျှော်လင့်ချက်အပင်ကြီးလဲပြိုရာမှာ အားလုံးပါဝင်ကျိုးပဲ့ ပျောက်ဆုံးသွားခဲ့ရပြီဖြစ်သည်။

စာမေးပွဲပြီး နောက်တစ်နေ့မှာတော့ မိုးကို သူမ ဖုန်း ဆက်၍ ချိန်းဆိုလိုက်သည်။

မြသားကိစ္စ ပြောစရာရှိ၍ ဆက်ဆက်လာခဲ့ပါဟု။

သူမချိန်းဆိုရာသို့ ရောက်လာသောမိုးသည် တရားသူကြီးတစ်ယောက်၏ စီရင်ချက်ကို လာ၍နားထောင်သော တရားခံတစ်ဦးနှင့်တူကာ သနားကရုဏာသက်ဖွယ်ဖြစ်နေခဲ့သည်မို့ သူမက နာကျင်ဟက်တက်က ရယ်ချင်ရသေးသည်။

"မေခါး ပြောစရာရှိတယ်ဆို"

"ဟုတ်တယ်၊ မိုးနဲ့မြသား ချစ်သူတွေဖြစ်နေကြပြီဆိုတာ တကယ်လားဟင်"

မိုး ခေါင်းငုံ့ကာ မျက်လွှာချသွားပြီးမှ …

"ဟုတ်တယ်"

ဟုဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသည် ထိုအချိန်ထိတိုင်အောင် မြသားကို တွယ်တာစိတ်ဖြင့် သူမ ဝမ်းနည်းနေသည်ဟု ထင်နေတုန်းပင်။

ဆုံးရှုံးမှုဝေဒနာနှင့် နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ မျက်ရည်လွှမ်းသောမျက်လုံးများဖြင့် ငိုချပစ်ချင်စွာ မိုး မျက်နှာကို ငေးစိုက်ကြည့်နေမိဆဲမှာပဲ မိုးက သူမ မကြားချင်သောစကားတွေဖြင့် ဖြေသိမ့်ဖို့ကြိုးစားလာခဲ့ပြန်သည်။

"ဒီအတွက် မေခါး ဝမ်းနည်းမယ်ဆိုတာ သိပါတယ်၊ ဒါကြောင့်လည်း တတ်နိုင်သမျှ ကျွန်တော် ဆင်ခြင်မြိုသိပ်ခဲ့တာပါ၊ ဒါပေမယ့် တစ်နေ့သိရမယ့်ကိစ္စပဲလေ၊ မြသားကို စိတ်မဆိုးပါနဲ့လို့၊ မြသားကိုယ်စား တောင်းပန်ပါတယ်၊ သူငယ်ချင်းနှစ်ယောက် အရင်လိုပဲ ခင်ခင်မင်မင်ပြန်နေကြဖို့ ကျွန်တော် တောင်းဆိုချင်တယ်၊ မေခါးလည်း တစ်နေ့ ချစ်သူတွေ့ရဦးမှာပဲလေ၊ အဲဒီအခါကျတော့ ကိုယ်ချင်းစာနိုင်မှာပါ"

"မိုး ..."

သူမ ပေါက်ပေါက်ကွဲကွဲ အော်ပစ်လိုက်မိစဉ် မိုးအာ ဖျတ်ခနဲမော့ကြည့်လာသည်။



မျက်ရည်တွေနှင့် နာကျင်ခါးသီးနေသော မျက်နှာကို အမြင်မှာ မိုးအကြည့်တွေ ရှုပ်ထွေးသွားခဲ့သည်။

"မိုး ...တကယ်ပဲမသိဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား"

"ဘာကိုဆိုလိုတာလဲ မေခါး"

"မိုးကို ...မိုးကို ကိုယ်ချစ်နေတယ်ဆိုတာလေ၊ မိုး တကယ်ပဲမသိခဲ့ဘူးလားဟင်"

မိုး တအံ့တသြဖြစ်သွားပါသည်။ ဘယ်လိုမှ မမျှော်လင့်ထားသော စကားတစ်ခွန်းကို ကြားလိုက်ရသည့်ပုံ။ ဘယ်လိုမှ လက်ခံယုံကြည်ဖို့ ကြိုးစားမရသည့်ပုံ။

"ဟာ ...မေခါး၊ မေခါး ဘာတွေပြောနေတာလဲ"

"ဟုတ်တယ် မိုး၊ ကိုယ် မိုးကိုချစ်နေခဲ့တာ၊ မိုးဟာ ကိုယ့်အတွက်ဖြစ်ရမယ်လို့ ကိုယ် မျှော်လင့်ထားခဲ့တာ၊ ခုတော့ ကိုယ့်ဘဝမှာ ဘာမှမရှိတော့ဘူး၊ ကိုယ် သိပ်ဝမ်းနည်းတာပဲ၊ အရမ်းလည်း စိတ်ပျက်အားငယ်မိတယ်၊ ဘာကြောင့် ကိုယ့်ဘဝမှာ ကိုယ့်အတွက် ဘယ်သူမှမရှိရတာလဲ၊ ဘာလို့ မြသားအတွက်ချည်း အားလုံးဟာဖြစ်နေရတာလဲ၊ လောကကြီးက

www.burmeseclassic.com

www.burmeseclassic.com



မတရားဘူး၊ သိလား"

မေခါး ငိုပါသည်။ ခါးသီးခြင်းတွေကို မျက်ရည်တွေအဖြစ် သွန်ချပစ်ဖို့ ကြိုးစားမိသည်။

မိုး ငေးကြောင်နေပါသည်။ တိတ်ဆိတ်ဆွံ့အစွာ။ ဘာလုပ်ရမှန်းမသိတတ်စွာ။

"ပြန်စဉ်းစားပါဦး မိုးရယ်၊ ကိုယ့်အတွက် ပြန်စဉ်းစားပေးပါဦးနော်၊ မိုးကို ဆုံးရှုံးရရင် ကိုယ် သေသွားနိုင်တယ်၊ မြသားကို မေ့လိုက်ပါလားနော်၊ သူ့ဘဝမှာ ပိုင်ဆိုင်နိုင်တာတွေက အများကြီးပါ၊ ကိုယ့်ဘဝမှာ မိုးပဲရှိတာ"

မိုး အသက်ဝင်လာပါသည်။ ခေါင်းကို ဖြည်းလေးစွာ ခါယမ်း၏။

"ကျွန်တော် စိတ်မကောင်းပါဘူး မေခါး၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ မေခါးလည်း ဒီကိစ္စကို မေ့ပစ်လိုက်ပါ၊ ကျွန်တော်လည်း ဘယ်တုန်းကမှ မရှိခဲ့သလိုသဘောထားလိုက်ပါ့မယ်၊ ကျွန်တော်တို့ အရင်အတိုင်းပဲပြန်နေကြတာပေါ့"

မေခါးက ရယ်မောပစ်လိုက်မိသည်။ သို့ပေမယ့် သူ့ အသံက နာကျင်အက်ကွဲသော ရှိုက်သံနှင့်သာတူနေသည်။





"အရင်အတိုင်း ...ဟုတ်လား၊ ဒါဆိုရင် ကိုယ်ရှူးနေမှပဲဖြစ်လိမ့်မယ်၊ မိုး ကိုယ့်ကို တကယ်ပဲမချစ်နိုင်တော့ဘူးလားဟင်၊ မိုးအချစ်ကို မပြောင်းလဲနိုင်တော့ဘူးလား"

မိုး ပင့်သက်ရှိုက်ပါသည်။

"အချစ်ဆိုတာ ပြောင်းလဲလို့ရတဲ့အရာမျိုးမှ မဟုတ်တာ မေခါးရယ်၊ ကျွန်တော် ဘယ်လိုပြောပြရမလဲ၊ မေခါးကို ကျွန်တော် ခင်ပါတယ်၊ မေခါး ဘဝကိုလည်း စာနာတယ်၊ ဒါပေမယ့် အချစ်ဟာအချစ်ပဲလေ၊ မေခါးဟာ ကျွန်တော့်အတွက် ထာဝရသူငယ်ချင်းတစ်ယောက်ပါ၊ ဒီတစ်ခုကလွဲရင် မေခါးကို ကျွန်တော် ဘယ်လိုမဆို ကူညီစောင့်ရှောက်နိုင်ပါတယ်"

မေခါး ရယ်ပစ်လိုက်မိသည်။ ပြီးတော့ ...

"ဟား ...ဟား...နောက်ဆုံးတော့ မင်းကလည်း ဒီပုတ်ထဲကဒီပဲပါလား မိုးရယ်၊ မင်းကို ကိုယ် အထင်ကြီးမိတာမှားသွားပြီ၊ ယောကျ်ားဆိုတာ ငွေမက်တဲ့အမျိုးချည်းပဲ၊ အချိန်တန်ရင် ချမ်းသာတဲ့မိန်းမနောက် ကောက်ကောက်ပါတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ငိုပြန်သည်။ ငို၍အားရသွားသောအခါ အခုံ

သည် ကိုယ့်အတွက်သေချာခဲ့ပြီမှန်း သဘောပေါက်နိုင်လိုက်

သည်။

မျက်ရည်ကို ဖြောင်စင်အောင်သုတ်ပြီး မိုးကိုတောင်း

ပန်သည်။

"ဆောရီးပဲ မိုး၊ ကိုယ် စိတ်တွေတအားလွတ်သွား

တယ်၊ ကိုယ် ဘာတွေပြောမိသလဲ မသိဘူး၊ မိုး ကိုယ့်ကိုနား

လည်ပါတယ်နော်၊ တကယ်တော့ မြသားရော မိုးပါ ကိုယ့်ရဲ့

အချစ်ဆုံးသူငယ်ချင်းတွေပါပဲ၊ မိုးတို့အတွက် ကိုယ် ဝမ်းသာ

ရမှာပေါ့၊ မိုးပြောသလိုပဲ ဒီနေ့ဒီအဖြစ်အပျက်ဟာ ဘယ်တုန်း

ကမှ မရှိခဲ့ဘူးလို့ သဘောထားလိုက်ကြရအောင်၊ မြသားသိ

ရင်တော့ သိပ်စိတ်မကောင်းဖြစ်တော့မှာပဲ၊ ကိုယ်ဟာ သူငယ်

ချင်းကောင်းမပီသတဲ့သူ ဖြစ်သွားပြီ၊ ကိုယ့်ကို ကတိပေးပါ

လား မိုး"

မိုး လှမ်းကြည့်ပါသည်။

"ဒီကိစ္စကို မြသားကို ဘယ်တော့မှ ပြန်မပြောပါ

ဘူးလို့ ပေးနိုင်မလားဟင် မိုး"



မိုး အသာအယာခေါင်းညိတ်ပြသည်။

"ကျေးဇူးပဲ မိုး"

မိုးမျက်နှာကို နောက်ဆုံးမြင်ခဲ့ရသောနေ့ဖြစ်သည်။

စာမေးပွဲအောင်စာရင်းထွက်သောအခါ မိုးနှင့်မြသား

ကား ဂုဏ်ထူးတန်းဝင်လျက် မေခါးကတော့ ရိုးရိုးသာအောင်

မြင်လေသည်။

အောင်စာရင်းစာရွက်ကိုကြည့်ပြီး မေခါး နာကြည်း

စွာ ကြုံးဝါးမိသည်။

တစ်နေ့ကျရင် ငါ နင့်ကို သေချာပေါက်ပြန်အနိုင်ရ

စေရမယ် မြသား၊ အဲဒါဟာ ဘဝနဲ့ရင်းတဲ့ ငါ့သစ္စာတရားပဲ။

ထိုနှစ်မှာပင် အမေ ပတွေးနှင့်ကွဲသည်။ ကျောင်း

ဆက်တက်နိုင်ဖို့ အခွင့်အလမ်းမရှိသော မေခါးသည် အလုပ်

ဝင်လုပ်ရင်း အဝေးသင်တက်ခဲ့ရသည်။

အိမ်ကိုလည်း ပြောင်းရွှေ့ပစ်ခဲ့သည်။ မြသားနှင့်

မိုးကိုလည်း လုံးဝအဆက်အသွယ်မလုပ်တော့။ ဘဝမှာ ပြန်မ

ဆုံချင်ဆုံး လူသားနှစ်ဦးဖြစ်သည်။

သူတို့နှစ်ဦးကို ပြန်ဆုံဖို့အချိန်ကာလတော့ သတ်မှတ်

www.burmeseclassic.com



ထားပါသည်။

ထိုအချိန်က အားလုံး၏ထိပ်ဆုံးကို မေခါး ရောက်နိုင်သောနေ့ပင်။

ခုတော့ ...ထိုနှစ်ယောက်နှင့် မေခါး ပြန်ဆုံနိုင်ခဲ့လေပြီ။

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးဖွင့်ဖွင့်ခေါက်သံကြောင့် မော့ကြည့်မိသော အခါ ပွင့်ဟလာသောတံခါးချပ် နောက်ကွယ်မှာ မေခါးကို ဖြူစင်မိုး တွေ့လိုက်ရပါသည်။

"ဪ …မေခါး၊ လာလေ"

မေခါးက အပြုံးနှင့်အတူ ခပ်ဖွဖွ လျှောက်ဝင်လာပါ သည်။

"အနှောင့်အယှက်ဖြစ်သွားလား မိုး"

မိုး စားပွဲရှေ့မှထိုင်ခုံမှာ ဝင်ထိုင်ရင်း မေခါးက မေး သည်။

"မဖြစ်ပါဘူး၊ ရပါတယ်၊ ဆို …ကျွန်တော် ဘာ



အကူအညီပေးရမလဲ"

မေခါးက စားပွဲပေါ် မေးထောက်လျက် မျက်တောင် စင်းများကြားမှ မိုးကို ညို့ရီရီကြည့်ရင်း …

"မေးပြီးရင်တော့ တကယ်ကူညီရမှာနော်"

"ကူညီမှာပေါ့ …ပြောပါ"

"ကိုယ် ထမင်းဘူးပါမလာဘူး မိုးရဲ့၊ အဲဒါ တစ်ခုခု သွားစားရအောင် အဖော်လိုက်ခဲ့ပေးပါလားဟင်၊ ဒီနားမှာပဲ အစားအသောက်ကောင်းတဲ့ဆိုင်လေးတစ်ဆိုင် ရှိတယ်ဆို၊ ကိုယ်တစ်ယောက်တည်းဆို ကြောင်နေမှာ၊ တစ်ခါမှလည်း မသွားဖူးတော့လေ"

မိုးက တွေဝေနေပါသည်။ ရုတ်တရက် အဖြေမပေး နိုင်သေးဘဲရှိသည်။

"ဒီလိုလုပ်ပါလား၊ ကျွန်တော့်မှာ ထမင်းချိုင့်ပါလာ တယ် မေခါး၊ မေခါး ယူစားလိုက်ပါ"

မေခါးက မျက်နှာကို လှပစွာ ရှုံ့မဲ့ပစ်လိုက်မိသည်။

"ဟင့်အင်း …ကိုယ်မှ ထမင်းမကြိုက်တာ၊ မစား ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်ကတော့ မိုးအတွက် မြသား ရည်ရွယ်ချက်ပြတ်သော ထမင်းဟင်းတွေကို အမုန်းဆုံးဖြစ်သည်။

"ထမင်းမကြိုက်ဘူး"

"ဟုတ်တယ်၊ ကိုယ်က ထမင်းဟင်းကိုအမုန်းဆုံး၊ အပြင်စာပဲကြိုက်တယ်"

"ကျွန်တော်နဲ့တော့ ဆန့်ကျင်ဖက်ပဲ၊ ကျွန်တော်က ထမင်းဟင်းပဲကြိုက်တယ်၊ ဒါကြောင့် မြသားကို နေ့တိုင်း ထမင်းချိုင့်ထည့်နိုင်းရတာ"

"ဟုတ်ပါပြီ၊ ထမင်းဟင်းကြိုက်ကြောင်းမကြိုက်ကြောင်း ဆွေးနွေးငြင်းခုန်နေတာ မဟုတ်ပါဘူးနော်၊ မိုး … ကိုယ့်ကိုအဖော်လိုက်ပေးမှာလား၊ မပေးဘူးလား၊ ကိုယ်တကယ်ဗိုက်ဆာနေပြီ"

မိုးက သူ့မျက်လုံးတွေကို ဟိုဟိုဒီဒီရွေ့လျားလိုက်ကာ

"ဒီလိုလုပ်လေ၊ မေခါး ဘာစားချင်လဲပြော ကျွန်တော် ဒီက ချာတိတ်လေးကို ဝယ်ခိုင်းလိုက်ပါ့မယ်"

"မိုးရယ် …ဒီလောက်တောင် အခက်အခဲဖြစ်နေလဲ နေပါ၊ ကိုယ် ညနေအလုပ်ဆင်းတော့မှပဲ နေ့လယ်စာနဲ့ညစာ





ပေါင်းစားလိုက်တော့မယ်၊ ကိုယ်ကတော့ ဒီကုမ္ပဏီမှာ အသိအကျွမ်းဆိုလို့ မိုးပဲရှိလို့ အားကိုးပြီး လာအကူအညီတောင်းမိတာပါ၊ ဆောရီးပဲ၊ ကိုယ်သွားတော့မယ်"

မေခါးက လက်ကိုင်အိတ်အနက်လေးကို ကောက်ကိုင်ပြီး ထိုင်ရာမှထရပ်ကာ နေရာမှလှည့်ထွက်ဖို့ပြင်လိုက်သည်။

"နေဦး …မေခါး"

နောက်ကျောမှ ခပ်လောလောထွက်ပေါ်လာသော မိုးအသံကြောင့် ကျောပေးလျက်မှ မေခါး လှို့ဝှက်စွာပြုံးလိုက်မိပါသည်။

သည့်နောက်မှာတော့ မိုးနှင့်မေခါး နှစ်ယောက်သား အပေါ်ထပ်မှဆင်းလာခဲ့ကြသည်။ ရုံးအတွင်းမှ ထွက်လာခဲ့ကြသောအခါ စူးစမ်းစပ်စုသောမျက်လုံးအစုံသည် သူတို့နှစ်ဦးနောက်မှ ကပ်ပါလာကြသည်။

မေခါးသည် တမင်တကာပင် ရှေ့မှခပ်သုတ်သုတ်သွားနှင့်သော မိုးနောက်မှ အမှီကပ်ကာလိုက်ခဲ့၏။

"ကိုယ့်ကားနဲ့သွားမယ်လေ မိုး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ၊ ကျွန်တော့်ကားနဲ့ပဲ သွားလိုက်မယ်"

မိုးက သူ့ကားအဖြူလေးထဲ ခပ်ရောလောဝင်ထိုင်သည်။ မေခါးက ရှေ့ခန်းတံခါးချပ်ဖွင့်ကာ ရှေ့ခနဲဝင်ထိုင်လိုက်၏။

ပြီးလျှင်တော့ မိုးသည် သူ့ကားထဲ သွေးမတော်သားမစပ်သော သူစိမ်းမိန်းမတစ်ဦးပါလာသည်ကို နည်းနည်းမှသတိမမူမိသောပုံစံဖြင့် ကားကို အလျှင်စလို မောင်းထွက်လာပါတော့သည်။

မေခါးကတော့ မိုး၏ကိုယ်သင်းရနံ့လေးပင် စွဲကျန်ငြိနေသည်ဟုထင်ရသော မိုးကားလေးကို ရင်ခုန်စွာဖြင့် လှည့်ပတ်ရှုစမ်းကြည့်မိပါသည်။

မိုး၏ကားလေးကား မိုးကဲ့သို့ပင် ရှင်းသန့်ရိုးစင်းလှသည်။ သန့်ရှင်းနေသည်မှလွဲ၍ ဘာအဆောင်အယောင်အကြွင်းအဆင်မှမရှိ။ စက္ကူတစ်သျှူးဘူးတစ်ဘူးနှင့် ဖုန်းထည့်သောအိတ်ကလေးတစ်အိတ်သာ မရှိမဖြစ်ထည့်ထားတာ တွေ့ရသည်။

မိုးသည် စိတ်ရှင်းလူရှင်းနေတတ်သော လူငယ်လေး



ပါပင်။

"ဒီဆိုင်နော် ...မေခါး"

"ဟုတ်တယ် ...မိုး၊ မိုး ရောက်ဖူးတယ်မဟုတ်လား"

"ဒါပထမဆုံးပဲ"

"တကယ်၊ ဒီလောက်နီးတာကိုလေ"

"ကျွန်တော်က နေ့လယ်စာကို ရုံးမှာပဲစားဖြစ်တာ၊ တမင်သက်သက်လာထိုင်ဖို့လည်း အချိန်မရှိပါဘူး၊ ရုံးခန်းကိုတော့ မှာစားဖူးတယ်၊ မဆိုးပါဘူး၊ အစားအသောက်ကောင်းပါတယ်"

မိုးက ပြောရင်းဆိုရင်း ကားထဲမှထွက်သည်။ မေခါးတား သက်ပြင်းကို မသိမသာရှိုက်မိရင်း ပခုံးနှစ်ဘက်မသိမသာ တွန့်မိလေသည်။

မိုးသည် မြသား၏ လိမ္မာကျိုးနွံသော အရုပ်လေးတစ်ရုပ် ဖြစ်နေပါပေါ့လား။

ဆိတ်ငြိမ်အေးချမ်းသော ချစ်စဖွယ်စားသောက်ဆိုင်လေးထဲသို့ ဝင်ခဲ့ကြသည်။ မိုးက အပြင်ဘက်အကျအုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးစားပွဲနေရာမှာ အလွယ်တကူပင် နေရာယူလိုက်ကြ

"မေခါး ဘာစားမလဲ၊ စားချင်တာမှာလေ"

"မိုးရော"

"ကျွန်တော် မစားတော့ဘူး၊ ရုံးခန်းပြန်ရောက်မှ ထမင်းစားတော့မယ်"

"ဟင် ...မိုးကလည်း အဲလိုကြီးတော့မလုပ်ပါနဲ့ ကိုယ့်ကို သက်သက်လိုက်ပို့သလိုကြီး"

"ဟုတ်တယ်လေ၊ မေခါးကို လိုက်အဖော်လုပ်ပေး တာပဲ"

"အဖော်လုပ်ပေးတာဆိုရင် အဖော်နဲ့တူရတယ်လေ မိုးက ဘာမှမစားဘဲထိုင်နေတော့ ကိုယ်ဘယ်လိုလုပ်စားဝင် ပါ့မလဲ၊ တစ်ခုခုတော့စား၊ ဟုတ်ပြီလား၊ ဘာလဲ၊ မြသားထ ထည့်ပေးလိုက်တဲ့ထမင်းဘူးကုန်ရမယ် ပြောထားလို့လား"

"ဩော် ...မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က ထမင်းပဲကြိုက်လို့ပါ"

"ဟင် ...ဒါဆိုလည်း ဒီနေ့တော့ ကိုယ်နဲ့အတူ တစ်ခုခုစားကွာ၊ မိုးမစားရင် ကိုယ်လည်းမစားတော့ဘူး၊ [illegible]





ကြမယ်"

မေခါးက တကယ်ပဲထပြန်တော့မည့်ဟန်ဖြင့် စားပွဲပေါ်တင်ထားသော လက်ကိုင်အိတ်လေးကိုကောက်ယူလိုက်ပါသည်။ မိုးက အနားမှာရပ်နေသော ဆိုင်အမှုထမ်းလေးကို အားနာစွာဖြင့် မော့ကြည့်၏။

"ကဲ ... ကဲ၊ မေခါး ကြိုက်တာမှာပါ၊ ကျွန်တော်လည်းစားပါ့မယ်"

မေခါး မျက်နှာလေးဝင်းပသွားရကာ ...

"အိုခေ ... ဒီလိုမှပေါ့မိုးရယ်၊ ကိုယ့်သူငယ်ချင်းကို ခုမှပြန်တွေ့ရတာ၊ ဒီလိုလိုက်လိုက်လျောလျော ဆက်ဆံမှပေါ့၊ ကိုယ် နှစ်ပွဲမှာလိုက်မယ်နော်"

မိုးက လက်ဖဝါးနှစ်ဘက်ထဲ မျက်နှာထည့်ထား လျက်မှ ခေါင်းညိတ်ပြသည်။

မီးရောင်မှိန်မှိန်ဆိုင်လေးအတွင်းမှာ သာယာငြိမ့် ညောင်းသော ဂီတသံလေးက ခပ်တိုးတိုးမျောလွင့်လျက်ရှိ သည်။ ဆိုင်ကလေးသည် အေးအေးလူလူစကားပြော၍ ဆုံတွေ့ချင်သောစုံတွဲလေးများအတွက် ဖန်တီးထားသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲတော်တော်များများမှာ ခေါင်းချင်းဆိုင်နေသော စုံတွဲလေးတွေသာ ရှိနေကြသည်။

မိုးက ဆိုင်ထဲဟိုဟိုဒီဒီအကဲခတ်ပြီးနောက် …

“မေခါး ထိုင်ဦးနော်၊ ကျွန်တော် ဆေးလိပ်သောက်ချင်လို့ အပြင်ခဏထွက်ဦးမယ်”

ဟုဆိုကာ နေရာမှထဖို့ပြင်သည်။

“ဪ …မိုး၊ ဖုန်းပါရင်ခဏလောက်၊ ကိုယ်ကိုစွတစ်ခု အပို့င်မန့်ထိလုပ်ထားတာမေ့နေလို့၊ ကိုယ့်ဖုန်းက ရုံးခန်းမှာကျန်ခဲ့တယ်”

“ရတယ် … ယူလေ”

မိုးက ခါးကြားမှ သူ့ဖုန်းကိုကမ်းပေးသည်။

“သင့်ခ်ယူ”

မိုး ဆိုင်ထဲမှထွက်သောအခါ မေခါးက ဖုန်းနံပါတ်တစ်ခုကို နှိပ်ခေါ်လိုက်ပါသည်။ မြသား၏ ဟန်းဖုန်းနံပါတ်ဖြစ်သည်။

“မောင်ရေ …ပြော”

မိုးထံမှဖုန်းမို့ မိုးပဲဟု တပ်အပ်သေချာစွာထူးလာသော





မြသား၏အသံသည် အကြားအာရုံတစ်ခုလုံးကို ခါးသက်အေးခဲသွားစေပါသည်။

သို့သော် …မေခါးက ပြုံးပြုံးလေးလုပ်ယူလိုက်ကာ ရှင်ပျတက်ကြွနေသောအသံဖြင့် …

“ကိုယ်ပါ …မြသား၊ မေခါး”

မြသား ရုတ်တရက်ကြောင်သွားပုံရသည်။ ပြီးမှ…

“ဪ …မေခါးလား၊ မောင့်ဖုန်းနဲ့ဆက်နေတာလား”

“ဟုတ်တယ်၊ ကိုယ့်ဖုန်းက ရုံးခန်းထဲမှာကျန်နေခဲ့လို့လေ၊ ကိုယ်နဲ့မိုးအပြင်မှာ Lunch လာစားကြတာ၊ မိုးကတော့ အပြင်ခဏထွက်သွားလေရဲ၊ ၁၀။ ရော ထမင်းစားပြီးပြီလား”

မြသားက သူ့ပြောစကားတွေကို လိုက်ဆက်စပ်တွေးတောနေဟန်ဖြင့် …

“ပြီးပြီ …ကိုယ်က”

“ဒါဆိုရင်တော့ နေပါစေတော့၊ မစားရသေးရင် အတူလာစားပါလားလို့ ခေါ်မလို့ပါ၊ ဒီနေ့တော့ မြသားထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်လေး ဒီအတိုင်းပြန်ပါသွားရတော့မှာပဲ၊ မိုးကို ဆူမနေနဲ့ ဦးနော်၊ မြသား"

"သြော် …မဆူပါဘူး မေခါးရယ်"

"ဘိုင့်"

မြသားထံမှ တုံ့ပြန်သံမကြားခင်ဝင် ဖုန်းကိုပြန်ပိတ်ပစ်လိုက်သည်။ ပြီးလျှင် ဂုဏ်ယူကျေနပ်စွာ ပြုံးလိုက်မိပြီးနောက် မိုး၏ဖုန်းလေးကို စားပွဲပေါ်ပြန်တင်ပေးထားလိုက်တော့သည်။





သူကား ခြံရှေ့မှာရပ်မိသည်နှင့် သားနှင့်သမီးသည် ကစားနေရာမှ ခြံတံခါးဆီသို့ အပြေးအလွှားရောက်လာကြသည်။ သူတို့နောက်မှာတော့ တဝုတ်ဝုတ်တဝုဝု နှုတ်ဆက်သံပေးလျက် ညီပု က ခုန်ပေါက်မြူးတူးလျက်။

သားနှင့်သမီးက ခြံတံခါးကို တစ်ယောက်တစ်ဖက်စေ့ခွဲ၍ဖွင့်ပေးကြသည်။ ခြံထဲသို့ ကားမောင်းဝင်သွားသောအခါ Body က ကားပြူတင်းမှ ပုတပ်ရပ်လိုက်ပါလာကာ သူကားရပ်၍ ကားပေါ်မှဆင်းလိုက်သည်နှင့် သူကိုယ်ပေါ်ခုန်တက်ကာ သူမျက်နှာကို နှုတ်သီးဖြင့်ထိကာ ထိကာ နမ်းရှုံ့နှုတ်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အိုခေ … အိုခေ၊ ဟော့ကောင် Body တော်ပါပြီကွာ၊ ရပါပြီ”

သူက ပြန်လည်ပွေ့ဖက်နှုတ်ဆက် အသိအမှတ်ပြုကာမှ Body က ကျေနပ်ကာ သူ့ကိုယ်မှခွာသွားသည်။

ဒုတိယမြောက်ပြေးလာသည်က သူချစ်ဇနီးမြသားနှင့် တူလှစွာသော သူ၏အသည်းကျော်လေး သမီးငယ်တွေးဖြစ်သည်။

အမေနှင့်တူသော ဆံပင်ရှည်ပျော့စင်းလေးတွေ ဘယ်ညာလှုပ်ယမ်းအောင်ပြေးလာသော သမီးကိုမြင်တိုင်း သူ့မှာ တစ်နေ့တာအမောတွေ ပြေပျောက်သွားရမြဲ။

သူနှင့်တစ်ထေရာတည်းဖြစ်၍ အမေ၏အချစ်တော်ဖြစ်သော သားကတော့ သူ့အမေသင်ထားသည့်အတိုင်း သူ့လက်ဆွဲသေတ္တာငယ်နှင့် ခြင်းတောင်းတို့ကို ကားထဲမှထုတ်ယူပြီး အိမ်ထဲသို့သယ်သွားသည်။

အဖေနှင့်ဖက်လဲတကင်း မနေလှသော်လည်း သားသည် သူ့အမေကိုတော့ ချွဲနွဲ့တွယ်ကပ်သူဖြစ်သည်။ အမေကို အိပ်ရာဝင်၊ အိပ်ရာထနမ်းမွှေးရမှ ကျောင်းသွားကျောင်းပြန်





အမေ့မျက်နှာကိုမြင်ရမှ အမေ့ကိုမျက်စေ့အောက်မှ အပျောက်မခံသူဖြစ်သည်။

ဒါကိုက သူနှင့်တူသောအချက်တွေလေ။

“ဖေကြီး ရေသွားချိုးလိုက်ဦးမယ်နော်၊ ပြီးရင် ပြန်လာခဲ့မယ်သိလား၊ ကိုကြီးနဲ့ဆော့နေနှင့်နော်”

သမီးလေးကို ချော့မြှူနမ်းရှိုက်ကာ ခြံထဲမှာထားခဲ့ပြီး နောက်ထုံးစံအတိုင်း သူ မီးဖိုခန်းထဲသို့ဝင်ခဲ့ပါသည်။

သည်အချိန်ဆို ညနေထမင်းဝိုင်းအတွက် မီးဖိုထဲမှာ အလုပ်ရှုပ်နေမည့် မြသားကို နှုတ်ဆက်ရဦးမည်လေ။

မြသားကို မီးဖိုထဲမှာမတွေ့ရပါ။ သူအိမ်ပေါ်တက်လာခဲ့တော့လည်း အိမ်ပေါ်မှာမတွေ့။ ရေမိုးချိုးပြီး ပြန်ထွက်လာသောအခါမှ အခန်းထဲမှာ မြသားကိုတွေ့ရသည်။

ဘီဒိုထဲမှ သူ့အတွက် အဝတ်အစားထုတ်ယူနေသော မြသားအနားသို့ ရောက်သွားကာ အနောက်မှနေ၍ ဖွဖွသိုင်းဖက်မိသည်။ ပြီးလျှင် ထမင်းစားခန်းထဲမှာ လူလစ်လျှင်ပြုမူနေကြအတိုင်း ပါးတစ်ဖက်ကို မွှေးကြူလိုက်မိသည်။

ဒီလိုမှ တစ်နေ့တာအလွမ်းတွေ သူ့ရင်ထဲပြေလျော့



www.burmeseclassic.com

www.burmeseclassic.com



သွားသလို ခံစားရသည်။

"မောင် ဒီနေ့ထမင်းမစားဖြစ်ဘူးဆို၊ ချိုင့်ထဲမှာ ထမင်းတွေကုန်လို့ပါလား"

အဝတ်အစားတစ်စုံကို သူ့လက်ထဲထည့်ရင်း သူ့ကို မော့ကြည့်မျက်နှာချင်းဆိုင်ကာ ပြောလာသော မြသားစကားကြောင့် သူ ရုတ်တရက်ကြောင်အသွားရသည်။

"ထမင်းမစားဖြစ်ဘူးလို့ ဘယ်သူပြောလဲ"

သူ့မေးခွန်းက စမ်းတဝါးဝါးဖြစ်နေသည်။ ကိုယ့်မေးခွန်းကို ကိုယ်တိုင်ပြန်အဖြေရှာနေဖြစ်သောကြောင့် ဖြစ်သည်။

"ဟင် ... ရှမေခါးပဲ ဖုန်းဆက်တယ်လေ၊ မောင့်ဖုန်းနဲ့ပဲဆက်တာ၊ မောင်နဲ့ နေ့လယ်စာထွက်စားတာတဲ့၊ ထမင်းမစားရသေးရင် လာစားပါလားလို့ဆက်တာ၊ ထမင်းချိုင့်မစားဖြစ်လို့ မိုးကိုမဆူနဲ့နော်လို့တောင် ပြောသေးတယ်၊ မောင်မသိဘူးလား၊ မောင်က အပြင်ထွက်နေတယ်တဲ့"

သူ တကယ်ပင်မသိလိုက်ပါ။ သူ ဖုန်းနဲ့ဆက်တာဆိုတော့ သူအပြင်ထွက်ဆေးလိပ်သောက်နေတုန်းပါ။ သူပြန်လာတော့လည်း မေခါးကမပြောချေ။

သူ ခေါင်းကိုသာ အသာအယာခါယမ်းပြမိသည်။ မေခါး သူ့ကိုဘာလို့မပြောပါလိမ့်။ မေ့တာလည်း မဖြစ်နိုင်ပါ။

"မသိဘူး၊ မေခါးက ဘာမှမပြောဘူး၊ သူဖုန်းဆက်ချင်တယ်ဆိုလို့ ဖုန်းပေးခဲ့တာပဲ၊ နေ့လယ်စာစားဖို့ အဖော်လိုက်ခဲ့ပေးပါဆိုလို့ မောင် လိုက်သွားပေးလိုက်တာပါ၊ မောင့်တို့နားကဆိုင်မှာပါပဲ"

ပြောရင်း မြသားမျက်နှာကို အကဲခတ်မိသည်။ သူ့စကားကို နားထောင်နေသော မြသားမျက်နှာက ကြည်ကြည်စင်စင်ပဲမို့ သူက ရှေ့ဆက်ပြောပြလိုက်သည်။

"မောင်က ထမင်းပဲရုံးခန်းရောက်မှ ပြန်စားမယ်လို့ မေခါးက ဖွတ်စားခိုင်းနေတာနဲ့"

"အင်းပေါ့ မောင်ရဲ့၊ မောင်ကထိုင်နေပြီး သူ တစ်ယောက်တည်းစားနေရတော့ သူ အားနာမှာပေါ့၊ ထမင်းက အမြဲစားနေရတာပဲ"

"ဒါပေမယ့် မောင်က ထမင်းပဲစားချင်တာ၊ ကိုယ့်

www.burmeseclassic.com



မိန်းမချက်တဲ့ထမင်းဟင်းလောက် ဘာမှအရသာမတွေ့ဘူး''

သူက အမှန်အတိုင်း ရိုးသားစွာပြောမိသည်။ ဟင်းချက်ကောင်းလို့ အရသာထူးတာထက် ဟင်းထဲပါဝင်နေသည့် မြသား၏ စေတနာ မေတ္တာတရားတွေက သူ့ကို ပိုချိုမြိန်စေတာဖြစ်သည်။

မြသားက ပိုရန်ကောဟူသောအကြည့်ဖြင့် သူ့ကို ကြည့်သည်။

''ဒါနဲ့ ထမင်းဟင်းတွေကို ဘယ်သူ့ကျွေးလိုက်လဲ''

''ဘယ်သူ့ကျွေးရမှာလဲ၊ မောင် စားပစ်လိုက်တာပေါ့''

''တကယ်…နေ့လယ်စာ စားခဲ့ပြီးသားကိုလေ၊ ထပ်စားနိုင်သေးတယ်''

''နှစ်နာရီလောက်ကျ ဗိုက်ဆာလာတာနဲ့ စားလိုက်တာ''

ဗိုက်ဆာလို့ထက် မပါလာစဖူး တကူးတက ချက်ပေးလိုက်ရသော ထမင်းဟင်းတွေ သည်အတိုင်းပြန်ပါလာတာတွေ့ရင် မြသား စိတ်မကောင်းဖြစ်မှာစိုး၍ဖြစ်သည်။



မေခါးနှင့် နေ့လယ်စာတွက်စားဖြစ်သည့်အကြောင်းကို ထိန်ချန်ဖို့ စိတ်ကူးမရှိပေမယ့် ထိုအတွက် ထမင်းဟင်းတွေကို သည်အတိုင်းပြန်ယူလာရတာမျိုးတော့ မဖြစ်စေချင်ပေ။

''ဟယ်…ကြည့်စမ်း၊ တော်တော်အစားပုတ်ပါလား၊ ဒါဆို ညနေစာကို တော်တော်နဲ့ ဘယ်စားနိုင်တော့မလဲ''

''ဘာလို့မစားနိုင်ရမှာလဲ၊ ခုတောင် ဗိုက်ကဆာချင်နေပြီ''

သူက တကယ်ဗိုက်ဆာသည့်ပုံ လုပ်ပြသောအခါ မြသားက ခိုးခိုးခစ်ခစ်ရယ်မောရင်း သူ့ကျောကုန်းကို မနာအောင် ထုသည်။

''ကဲ…အင်္ကျီဝတ်တော့၊ အအေးမိမယ်၊ ပေါင်ဒါလိမ်းဦးနော်၊ ပြီးရင် ဆင်းခဲ့တော့၊ ခြံထဲမှာ သမီးက ဆော့ဖို့မျှော်နေတယ်''

ပြောပြောဆိုဆို မြသားက လှည့်ထွက်သွားဖို့ပြင်သည်။ သူက မြသားလက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေကွာ မိန်းမကလည်း...အတူတူသွားကြတာပေါ့"

မြသားက အဖြစ်သည်းနေသော သူ့မျက်နှာကို အထူးအဆန်းကြည့်ရင်း ခုတင်ပေါ် မကျေမနပ်ကလေးထိုင်ကာ စောင့်နေသည်။

မှန်တင်ခုံရှေ့သွားကာ ခေါင်းဖြီး၊ အဝတ်အစားလဲနေသော ခင်ပွန်းဖြစ်သူကို နောက်ကျောမှ တစိမ့်စိမ့်ကြည့်ရင်း မြသားရင်ထဲ တွယ်တာစိတ်တွေ တရိပ်ရိပ်တိုးပွားနေရပါသည်။

ထိုခဏမှာ မေခါးအကြောင်း ခေါင်းထဲရောက်လာသည်။ မောင့်ထံမှဖုန်းယူဆက်လျက် သူမဆီ ဖုန်းဆက်ဖြစ်သည့်အကြောင်းကို မေခါး ဘာလို့ မောင့်ကိုမပြောပါလိမ့်။

သူမသာ မေခါး ဖုန်းဆက်သည့်အကြောင်း မောင့်ကိုမပြောလျှင် မောင်ကရော သူမကို ပြန်မပြောဘဲနေမှာလား။

ထမင်းတွေရော ကုန်အောင်စားလာပြီးတော့လေ...။

အို...ငါ ဘာတွေတွေးနေမိပါလိမ့်။ မတွေးကောင်းစရာ...။ မေခါးက သူမရဲ့အချစ်ဆုံးသူငယ်ချင်းပဲ မဟုတ်လား။ ပြီးတော့ မေခါးနှင့်မောင်ကလည်း သူငယ်ချင်းတွေပဲလေ။



မြသားသည် ကိုယ့်အတွေးကိုယ် ခေါင်းထဲမှမောင်းထုတ်ပစ်လိုက်ပါသည်။

သည့်နောက်မှာတော့ နှစ်ယောက်သား အိမ်ပေါ်မှ သက်ဆင်းတွဲ၍ ဆင်းလာခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေခါးက သူ့အိမ်ကိုအလည်လာပါဟု ချိန်းဆို[illegible] ခေါ်သော အားရက်တစ်ရက်မှာ မေခါးနေထိုင်ရာ ကွန်ဒို[illegible] မြသား ရောက်ခဲ့ပါသည်။

မိုးနှင့် သားတို့ သမီးတို့ တစ်ဘက်အဘိုးအဘွား[illegible] သွားလည်ပတ်ရက်မို့ သူငယ်ချင်းနှစ်ယောက် လွတ်လွ[illegible] လပ်လပ် စကားပြောရအောင် တစ်ယောက်တည်းပဲ ထွ[illegible] လာဖြစ်ခဲ့သည်။

အောက်ထပ် ကားပါကင်မှာ ကားထိုးပစ်ခဲ့ပြီး ဓာ[illegible] လှေကားဖြင့် မေခါး၏ အခန်းရှိရာသို့ တက်လာခဲ့သည်[illegible]

သံပန်းတံခါးရှေ့မှာရပ်ပြီး လူခေါ်ဘဲလ်လေးကို [illegible]





ခေါ်လိုက်သည်။ အတန်ကြာမှ ကျွန်းတံခါးချပ် ပွင့်သွားပြီး မေခါး ပေါ်လာသည်။

မေခါးသည် ဂါဝန်ရှည်ဖြူလွလွလေးနှင့် လှချင်တိုင်း လှနေလေသည်။

"ရှင် လှလိုက်တာ"

စိတ်ထဲရှိသည့်အတိုင်း တလှိုက်တလှဲ ချီးကျူးမိလျှင် မေခါးက လှပစွာပြုံးလျက်...

"သင့်ခ်ယူ"

ဟုဆိုသည်။

မေခါး ဖွင့်ပေးသောတံခါးမှတစ်ဆင့် အိမ်တွင်းသို့ မြသား ရောက်လာသည်။ ခေတ်မီလှပသော အဆင်အပြင်နှင့် အိမ်ခန်းလေးကိုမြင်ရလျှင် မြသားက မေခါးအတွက် ကြည်နူးနှစ်သိမ့်သွားမိသည်။

သူမသူငယ်ချင်း မေခါးသည် သူမုန်းတီးသောဘဝမှ တကယ်ပင် လွတ်မြောက်လာခဲ့ပြီပဲ။

"ထိုင်...သူငယ်ချင်း၊ ဘာအရင်သောက်နှင့်မလဲ၊ အပူလား...အအေးလား"



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံးကို ခြုံငုံမြင်နေရသည့် အိမ်တံခါးဝကို ကျောပေးထားသော နှစ်ယောက်ထိုင် Settee Sofa ပေါ် ထိုင်မိလျှင် မေခါးက မြသားကို မေးလာပါသည်။

"ဘာမှမသောက်ချင်သေးပါဘူးဟာ၊ လာ...ထိုင်ပါ၊ ကျုပ်က ရှင်နဲ့ စကားတွေပဲ တစ်ဝကြီးပြောချင်တာ၊ စကားမပြောရတာ ကြာပြီမဟုတ်လား"

"ကိုယ်ကတော့ ရေငတ်တယ်၊ ဂျူစ်လေးတစ်ခုခု သွားယူလိုက်ဦးမယ်"

မေခါးက ထမင်းစားခန်းဟုထင်ရသော အခန်းထဲသို့ ဝင်သွားသည်။ မြသားသည် တစ်ယောက်တည်းကျန်ခဲ့ခိုက် အခန်းတွင်းကို ဟိုဟိုဒီဒီ ဝေ့ဝဲအကဲခတ်မိသည်။

မေခါး၏အမျိုးသားဆိုတာကို မမြင်ဖူးတာမို့ နှစ်ယောက်တွဲဓာတ်ပုံများ တွေ့လိုတွေ့ငြား လိုက်ရှာဖွေကြည့်မိသော်လည်း ဧည့်ခန်းတွင်းမှာ မေခါး၏ ပုံကြီးချိတ်ထားသော အလှဓာတ်ပုံကြီးများကိုသာ တွေ့ရသည်။

အအေးဖန်ခွက်နှစ်ခွက်နှင့် မေခါး ပြန်ရောက်လာပါသည်။





"အခါး...ကျုပ်ကို ရှင့်မင်္ဂလာဆောင်တုန်းက ပုံတွေပြဦးလေ၊ ရှင့်အမျိုးသားကိုလည်း မြင်ဖူးတယ်ရှိအောင်"

မေခါးမျက်နှာက ဖျတ်ခနဲ တင်းမာသွားသည်ဟု ထင်ပါသည်။

"သြော်...အဲဒီအယ်လ်ဘမ်တွေလား၊ ဒီမှာမရှိဘူးကွ၊ ကိုယ့်အမေအိမ်မှာရောက်နေတယ်၊ ကိုယ်တို့စုံတွဲပုံတွေကတော့ အမျိုးသားယူသွားတယ်၊ နောက်တော့ ကိုယ်ယူထားပေးပါ့မယ်"

"သြော်...သြော်"

စိတ်ထဲမှာတော့ ဘဝင်မကျ။ သူမ၏အိမ်မှာဆိုလျှင်တော့ ဧည့်ခန်းဝမှာတင် မိုးနှင့်သူမ၏ မင်္ဂလာဆောင်စဉ်က ပုံကြီးကို ကနုတ်ပန်းဘောင်ကွပ်လျက် ချိတ်ဆွဲထားသလို အိပ်ခန်းအတွင်းမှာလည်း အလားတူ ဓာတ်ပုံမှန်ဘောင်ကြီးများကို မြင်တွေ့နိုင်သည်။

"ရှင် ကြိုက်မလားတော့မသိဘူး။ ကိုယ် မလေးရှားခေါက်ဆွဲ စီစဉ်ထားတယ်၊ ကိုယ်ကြော်တာတော့ မဟုတ်ဘူးနော်၊ ကိုယ့်အဒေါ်ကြီး လုပ်ပေးသွားတာ၊ ရှင်ဆာရင်ပြော၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပဲ''

''မဆာသေးပါဘူး မေခါးရယ်၊ ရှင့်အမျိုးသား ဓာတ်ပုံ တစ်ပုံမှ မရှိဘူးလား၊ ကျုပ်ကြည့်ချင်လို့''

''တစ်ပုံမှကိုမရှိတာ၊ သူက ဓာတ်ပုံအရိုက်နည်း တယ်၊ ရှိတာတွေလည်း သူယူသွားတယ်''

''ရှင်ကြည့်ဖို့ရော ဆောင်မထားဘူးလား၊ ကိုယ့် ယောက်ျားဓာတ်ပုံကိုလေ၊ ကျုပ်ဆိုရင်တော့ အိမ်လုံးပြည့် ကပ်ထားမိမှာပဲ''

မေခါးက မရယ်ပြုံးချေ။

''မြသားကမြသား... မေခါးကမေခါးပဲလေကွယ်၊ သေချာတာကတော့ ကိုယ့်အိမ်မှာ ကိုယ့်ယောက်ျားဓာတ်ပုံ တစ်ပုံတစ်လေမှတောင် မရှိဘူးလေ''

မေခါးကိုကြည့်ရသည်မှာ ထိုအကြောင်းအရာပေါ် ပြောဆိုချင်ပုံမပေါ်တာမို့ မြသားက တခြား စကားလွှဲလိုက်ပါသည်။

''ယောက်ျားတစ်ယောက်ကို ဘယ်လောက်ထိ ယုံကြည်စိတ်ချသင့်လဲ မြသား၊ ဥပမာ...မိုးကို ရှင် ဘယ်အထိ





ယုံကြည်စိတ်ချထားလဲ''

ရောက်တတ်ရာရာ စကားပြောကြရင်း မေခါးက ကောက်ကာငင်ကာ မေးလာသောမေးခွန်းဖြစ်သည်။

မြသားသည် ရုတ်တရက်တော့ ကြောင်သွားရပြီးမှ ကိုယ့်ခံယူချက်ကို အရိုးဆုံးပင် ဖွင့်ဟပြောပြမိသည်။

''ဘယ်အတိုင်းအတာထိ ယုံကြည်စိတ်ချထားသင့် တယ်ဆိုတာတော့ အဲဒီယောက်ျားပေါ်မှာ မူတည်မှာပေါ့နော်၊ ကျုပ်ကတော့ မိုးရဲ့ကိုယ်ကျင့်တရားကို အပြည့်အဝယုံကြည် စိတ်ချပါတယ်''

မေခါး၏မျက်ခုံးနှစ်ဘက်က အမြင့်ဆုံးပင် တက် သွားကြသည်။

''မိန်းမတိုင်းက ဒီလိုပဲဖြေတတ်ကြတာပဲနော်၊ ကိုယ် မေးလိုက်သမျှအားလုံး ဒီလိုပဲဖြေကြတယ်၊ ကိုယ့်ယောက်ျား ကိုယ်တော့ မျက်စိမှိတ်ယုံနေကြတဲ့သူတွေချည်းပဲ''

''မျက်စိမှိတ်ယုံတယ်လို့တော့ မဟုတ်ပါဘူး မေခါး ရယ်၊ ဉာဏ်နဲ့ယှဉ်ပြီး ဆင်ခြင်သုံးသပ်ပြီးမှ ယုံတာမျိုးပါ၊ မိုးကိုယုံတယ်ဆိုပေမယ့် ယုံတယ်ဆိုပြီး ပစ်မထားပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သတိတော့ရှိနေပါတယ်၊ လူကိုယုံပေမယ့် ကံဆိုတာက ရှိသေးတယ်မဟုတ်လား၊ ဒါပေမယ့် ခုထိတော့ လူရော ကံရောက ကျုပ်ဘက်မှာရှိနေတုန်းပဲ၊ တစ်သက်လုံးရှိနေမယ် လို့လည်း ယုံကြည်မျှော်လင့်မိပါရဲ့ဟယ်''

မေခါးက မြသားကို စိုက်ကြည့်နားထောင်နေပါ သည်။

''တကယ်လို့ မိုးက ရှင့်အပေါ် သစ္စာမဲ့မယ်ဆိုရင် ရော...''

မေခါး မေးခွန်းကြောင့် မြသားခမျာ ကျောချမ်းရှိန်း သွားမိသည်။ သူတစ်သက် ဘယ်တုန်းကမှ ကျယ်ကျယ်ပြန့် ပြန့် မတွေးခဲ့ဖူးသော အတွေး။

''ရှင့်အပြင် တခြားတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့မယ် ဆိုရင် ရှင်ခွင့်လွှတ်နိုင်မှာလား''

မြသားက ခေါင်းကို အလန့်တကြား ခါယမ်းလိုက် မိပါသည်။

''ဟင့်အင်း...ဘယ်ခွင့်လွှတ်နိုင်မှာလဲ၊ တစ်ယောက် နဲ့တစ်ယောက်ဟာ ဒီသစ္စာတရားကိုပဲ အခြေခံပြီးတော့ပဲ





ပေါင်းသင်းနေကြတာ၊ သစ္စာတရားပျက်မှတော့ ဘာလို့အတူ ရှိနေဖို့ လိုတော့မှာလဲ၊ ကျုပ်တန်ဖိုးအထားဆုံးအရာက သစ္စာ တရားပဲလေ''

''ကျန်တာတွေ ဘာမှမငဲ့တော့ဘူးလား၊ သားသမီး တို့...အိမ်ထောင်ပျက်ဖြစ်မှာတို့...''

မြသား တွေဝေသွားပါသည်။ ထိုခဏမှာတော့ မြသားသည် မေခါးက ခေါ်ယူသော အပူတောထဲသို့ အလည် အပတ်ရောက်ရှိသွားမိသည်။

မိုးက သစ္စာမဲ့ပြီတဲ့။ သူ့ကွယ်ရာမှာ တခြားတစ်ပါး သော မိန်းမတစ်ယောက်နှင့်...။

''ဟင့်အင်း...သစ္စာပျက်တဲ့ ယောကျ်ားတစ်ယောက် ကိုတော့ ဘာအတွက်မှ သည်းခံပေါင်းသင်းနိုင်မှာမဟုတ်ဘူး၊ အဲဒါကလွဲရင် ဘာမဆို ကျုပ်ရင်ဆိုင်နိုင်မှာပဲ''

မေခါးက ပြုံးလေသည်။ မြသားစကားကို ကျေနပ် အားရသည့်အပြုံး။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်လေ သည်။

''မေခါး...ရှင် ဘာလို့ ဒါတွေမေးနေတာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



မြသားစိတ်ထဲမှ မေခါးကိုကြည့်ရင်း သံသယ ဝင်လာသည်။ မေခါးပုံက ထူးခြားနေသလိုပါပဲ။ မေခါးက အရယ်ကိုရပ်သည်။ အအေးဖန်ခွက်တစ်ခွက်ကို သူမ လက်ထဲထည့်ပေးပြီး တစ်ခွက်ကို သူယူကာသောက်သည်။

"ဟင်… ဘာဖြစ်လို့လဲ၊ မိုး တစ်ခုခုများဖြစ်လို့လား၊ မိုးအကြောင်း ရှင်ဘာတွေများသိထားလို့လဲ"

မေခါးက မြသားမျက်နှာကို ဖျတ်ခနဲကြည့်ကာ အအေးခွက်ကိုပြန်ချသည်။

"အို…နီး…ကိုယ် ဘာမှမသိပါဘူး၊ ကိုယ်နဲ့မိုးက မနေ့တစ်နေ့ကမှ ပြန်တွေ့ကြတာ၊ ကိုယ် ဘာမှသိမထားပါဘူး၊ တကယ်ပါ"

"ဒါဆိုရင် ရှင် ဘာလို့ ဒီမေးခွန်းတွေ မေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ သိချင်လို့ပါ၊ မိန်းမတွေမှာ သူတို့ရဲ့ယောကျ်ားတွေနဲ့ ပတ်သက်ပြီး ဘယ်လိုခံယူချက်ရှိကြလဲဆိုတာ သိချင်လို့"

မြသားက မေခါးကို စိုက်ကြည့်အဖြေရှာနေမိသည်။





အကြောင်းမဲ့တော့ ထိုစကားတွေကို မေခါး မပြောတန်ရာ။ သူ့အိမ်ထောင်ရေးများ မတွေးကောင်းတွေးကောင်းတစ်ခုခု။

"မေခါး…ရှင် တစ်ခုခုများဖြစ်ထားလားဟင်၊ တစ်ခုခုအဆင်မပြေတာများ ရှိနေလား၊ ရှင့်အိမ်ထောင်ရေးရော တကယ်ပဲအဆင်ပြေရဲ့လား၊ ဟို …တစ်မျိုးမထင်နဲ့နော်၊ ကျုပ်က စိတ်ပူလို့ပါ"

မေခါးက ခေါင်းလှုန်ချပြီး ဟက်ဟက်ပက်ပက်ရယ်ပါသည်။ အရယ်ရပ်သွားသောအခါ မေခါးမျက်လုံးများပေါ်မှာ နှုတ်ခမ်းများပေါ်မှာ နာကြည်းရိပ်ကိုတွေ့ရသည်။

"ဘာလဲ …ရှင်က ကျုပ်ကို အမြဲကံဆိုးမိုးမှောင်ကျနေကြ မိန်းမဆိုတော့ အခုလည်း ကံဆိုးနေပြန်ပြီလို့ထင်နေတာပေါ့၊ ဟုတ်လား၊ မြသားရယ် ကိုယ့်မှာ တစ်ခါတလေလေးတော့ ကံကောင်းခွင့်မရှိတော့ဘူးလား၊ ကံကောင်းခြင်းနဲ့တွဲပြီး ကိုယ့်ကို မမြင်ပေးနိုင်ကြတော့ဘူးလား"

ပြောရင်း မေခါးသည် မျက်ရည်များရစ်ဝဲလာပြန်ရာ မြသားမှာ အားနာစိတ်မကောင်းခြင်းကြီးစွာဖြင့် ပြာပြာသလဲ ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မေခါးရယ်၊ ကျုပ်က ရှင့်ကို ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး၊ ရှင့်ကို ရှေ့လျှောက် အမြဲ တမ်းကံကောင်းစေချင်လို့ပါ၊ ရှင် တစ်ခုခုဖြစ်နေမှာကို စိတ်ပူ လို့ပါ၊ ဒါကြောင့် မေးမိတာပါ၊ မဟုတ်ဘူးဆိုရင်လည်း ပြီးတာပါပဲ၊ ကဲ ...ကဲ ကျုပ်တို့ ဒီအကြောင်းတွေမပြော ကြနဲ့စို့၊ ရှင့်အိမ်ကို ကျုပ်ကိုလိုက်ပြပါဦး"

မြသားက မေခါးလက်ကိုဆွဲကာ နေရာမှထခဲ့သည်။

အိမ်အနှံ့လျှောက်ကြည့်ပြီးနောက် နောက်ဆုံး မေခါး၏ အိပ်ခန်းထဲသို့ ရောက်လာသည်။

"ကိုယ့်အိပ်ခန်းလေးက လှရဲ့လား မြသား၊ ငယ်ငယ် ကဆိုရင် ရှင့်ရဲ့အခန်းလေးကို သဘောကျလွန်းလို့ ရှင့်အိမ်မှာ ပဲ အမြဲနေဖြစ်ခဲ့တာလေ၊ ဒီလိုအခန်းမျိုးလေးနဲ့နေရရင် သိပ် ကောင်းမှာပဲလို့ တောင့်တခဲ့ရတာ"

မြသားက စိတ်မကောင်းဖြစ်သွားရပါသည်။ မေခါး ၏ လက်ရှိအိပ်ခန်းလေးသည် အဖိုးတန်အဆောင်အယောင် အဆင်အပြင်များဖြင့် ခန့်နားလှပလှပါသည်။

နှစ်ယောက်အိပ်ခုတင်ကျယ်ကြီးသည် ပိုးဖဲကတ္တီပါ





ခင်းဖြင့် အိစက်တောက်ပြောင်လျက် အခန်းတစ်ခုလုံး ဖုံးလွှမ်း ကြီးစိုးနေသည်က ခရမ်းရောင်များဖြစ်သည်။

"ရှင်က ခရမ်းရောင်ကြိုက်တယ်လား၊ ကျုပ်က တော့ ပန်းနုရောင်ကြိုက်တယ်"

"ဟုတ်တယ်၊ ကိုယ်က ခရမ်းရောင်ပဲကြိုက်တာ၊ တချို့က အထီးကျန်အရောင်တဲ့၊ ဖေဒင်ကလည်း ကိုယ့်ကို အမြဲပြောတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အမြဲအထီးကျန်နေမှာပဲတဲ့၊ ခရမ်းဆွဲတောင် မဝတ်နိုင်ဘူး၊ ခရမ်းရောင်ရှောင်နိုင်းတယ်၊ ဒါပေမယ့် ကိုယ်ကကြိုက်တာကိုး"

"အစွဲအလန်းမထားပါနဲ့ကွာ၊ ကံဆိုတာ လူကလုပ် တာပါ"

"ကိုယ်ရေချိုးလိုက်ဦးမယ်၊ ရှင် အိပ်ရာပေါ်မှာ နား နေဦးလေ၊ အေးဆေးပေါ့"

မေခါးက အဝတ်အစားလဲ၍ ရေချိုးခန်းထဲဝင်သွား ပါသည်။ မြသားသည် လှဲလျောင်းမနေလိုတော့မို့ အိပ်ခန်းထဲဟို ဟိုဒီဒီ လျှောက်ကြည့်နေမိသည်။

"မြသားရေ ...ပလိစ်ကွယ်၊ ကိုယ့်အိပ်ရာအေး

www.burmeseclassic.com



ဘီဒို လေးပေါ်မှာ ကိုယ့်လက်စွပ်လေးများ တင်ထားမိလားလို့ တစ်ချက်ကြည့်ပေးပါလား၊ ရေချိုးရင်းဆေးလိုက်ချင်လို့"

"နေဦး၊ ကြည့်လိုက်မယ်နော်"

မြသားက ခုတင်နှင့်တွဲလျက်ရှိနေသည့် ဘီဒိုလေး ပေါ်မှာ မေခါး၏လက်စွပ်ဆိုတာကို ရှာဖွေကြည့်လိုက်မိ သည်။

"မတွေ့ပါလား ...မေခါး"

"ဟုတ်လား၊ ဘယ်များထည့်လိုက်မိပါလိမ့်"

"အံဆွဲထဲမှာရော ...ကျုပ်ရှာကြည့်လိုက်ရမလား"

"အေး ...မြသားရေ တစ်ချက်လောက်"

မြသားက ဘီဒိုအံဆွဲလေးကို ဖွင့်ကာကြည့်လိုက် သည်။ စိန်လက်စွပ်ကလေးကား အံဆွဲထဲမှာရောက်ရှိ သည်။ တစ်ဆက်တည်း အံဆွဲတွင်းမှာရှိနေသော ယွန်း သေတ္တာလေးကိုပါ သတိထားတွေ့မြင်သွားသည်။

"တွေ့ပြီ မေခါးရေ"

မေခါးကို ရေချိုးခန်းထဲ ပြေးပေးပြီးသော မပိတ်ဖြစ်သေးသော အံဆွဲလေးဆီ မြသား ပြန်ရောက်



သည်။

ယွန်းသေတ္တာလေးသည် သူမကို ဆွဲဆောင်ညို့ငင် နေပါသည်။ ရုတ်တရက်ဆိုလျှင် ကိုယ့်သေတ္တာလေးလားဟု ထင်မှတ်သွားနိုင်သည့် မေခါး၏ယွန်းသေတ္တာလေးသည် သူငယ်ချင်းဘဝက မိုး ပုဂံသွားခိုက် ဝယ်ယူလာခဲ့ပေးသော အသွေးတူအဆင်တူ လက်ဆောင်ပစ္စည်းလေးပဲဖြစ်ပါသည်။

သူမ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သော မေခါးကို လည်း သူမခင်သလိုပင် ခင်မင်ငဲ့ညှာစိတ်ထားရှိသော မိုး သည် သူမနှင့်မေခါးကို အမြဲတန်းတူ လက်ဆောင်ပေးလေ့ ရှိပါသည်။

မေခါးကွယ်ရာမှ သူမအတွက် သီးသန့်ချစ်သက် လက်ဆောင်များကိုတော့ နှစ်ဦးသဘောတူ လျှို့ဝှက်ဖုံးကွယ် ထားဖြစ်ကြသည်။ မေခါးက သူမနှင့်မိုးကို ချစ်သူတွေဖြစ်ဖို့ သဘောမတူခဲ့ဘူးမဟုတ်လား။

ဒီသေတ္တာလေးကတော့ မေခါး၏သေတ္တာလေးဖြစ် သည်။ သူတို့၏ သူငယ်ချင်းဘဝကို တန်ဖိုးထားဆဲပါလား ဟု စိတ်ဖြင့် ကြည်နူးနှစ်သိမ့်သွားသော မြသားသည် သေတ္တာ

www.burmeseclassic.com



လေးကို အသာအယာထုတ်ယူကိုင်တွယ်ကြည့်လိုက်ပါသည်။

သေတ္တာအဖုံးလေးကို ဟကြည့်မိသောအခါမှာတော့ အထဲမှာ အခြားသောပစ္စည်းလေးတွေရှိနေတာ သတိထားမိသည်။

သေချာကြည့်လိုက်တော့ ပလပ်စတစ်အိတ်ငယ်ဖြင့် အသေအချာထည့်သိမ်းထားပုံရသော ကြယ်သီးလေးတစ်လုံး။ ယောက်ျားကိုင်လက်ကိုင်ပဝါတစ်ထည်။ တစ်ပိုင်းတစ်စ ဖြတ်ထားသော မေခါး၏ ဓါတ်ပုံတစ်ပုံ။

ဓါတ်ပုံထဲမှာ မေခါးသည် တစ်စုံတစ်ယောက်နှင့် တွဲရိုက်ထားပုံရပြီး တစ်ဖက်မှလူပုံကို ဖြတ်ထုတ်ထားသည်။ ဓါတ်ပုံထဲမှာ မေခါးဝတ်ထားသည်က ကုတ်အင်္ကျီအဖြူလေး။

မိုး၏အင်္ကျီလေးဖြစ်ပါသည်။ သေချာစွာကြည့်မိပြန်တော့ ကြယ်သီးလေးသည်လည်း မိုး၏ထိုအင်္ကျီမှ ကြယ်သီးလေးဖြစ်တာ တွေ့ရသည်။ လက်ကိုင်ပဝါသည်လည်း မိုး၏ လက်ကိုင်ပဝါဖြစ်သည်ဆိုတာ ဘယ်လိုမှမလွဲမှားနိုင်ပါ။

မိုး ကျောင်းသားဘဝက ကိုင်တတ်ခဲ့သော လက်ကိုင်ပဝါများအနက်မှ တစ်ထည်ဖြစ်သည်ဆိုတာ စည်းစနစ်





တကျသော မိုးအမေ၏ လက်ရာ လက်ကိုင်ပဝါထောင့်မှ P.S.M ဆိုသော စာလုံးအနီလေးတွေက သက်သေခံနေသည်။

မြသားခေါင်းထဲ အတွေးတွေဖြင့် ရှုပ်ထွေးသွားရသည်။

သေတ္တာလေးကို အံဆွဲထဲပြန်ထည့်ထားလိုက်ပြီး နောက် ခုတင်ပေါ်မှာ မြသား ခပ်ငိုင်ငိုင်ထိုင်နေမိသည်။

ကျောင်းသားဘဝက တစ်ရက် မေခါး နေမကောင်း၍ ဆေးခန်းပို့ပေးပြီးအပြန်မှာ သူ့အင်္ကျီပေးဝတ်လိုက်ရသည့် အကြောင်းကိုတော့ မိုးပြောဖူး၍ မှတ်မိနေပါသည်။

နောက်တော့ ထိုအင်္ကျီလေး ပြန်ရသည်။ နောက်ပိုင်း မိုး မဝတ်ဖြစ်တော့ပေမယ့် ခုချိန်ထိ အိမ်မှာ မြသားက ဗီဒိုထဲ ပရုတ်လုံးဖြင့် ထည့်သိမ်းထားဆဲပါ။

မိုးအင်္ကျီကိုဝတ်၍ မေခါး ဓါတ်ပုံတွဲရိုက်ထားသူသည် ဘယ်သူများပါလိမ့်။ ပြုတ်နေသော ကြယ်သီးလေးနှင့် မိုး လက်ကိုင်ပဝါ။

ဒါတွေကို မေခါး တယုတယ ထိန်းသိမ်းထားခဲ့သည်။ မိုးနှင့်မေခါးကြားထဲမှာ သူမမသိသော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာတွေများ ရှိနေပြီလား။

မေခါးကို သည်ပစ္စည်းလေးတွေ ပြ၍မေးကြည့်လျှင်ကောင်းမလား။ သူများ သတိတရပြောလာမလား။ ဝေခွဲမရဖြစ်ရင်း နောက်ဆုံးတော့ မေခါးကစ၍ သတိတရပြောမြွအလာကိုသာ စောင့်ဖို့ ဆုံးဖြတ်လိုက်မိသည်။

◈ မြသား ဖြစ်ပျက်ခံစားနေရပုံအလုံးစုံကို ရေချိုးခန်းတံခါးအကွယ်မှ စောင့်ကြည့်နေသူ မေခါး၏မျက်နှာပေါ်မှ လျှို့ဝှက်ကောက်ကျစ်သောအပြုံးစကိုတော့ဖြင့် မြသားတစ်ယောက် မတွေ့မြင်နိုင်ပါချေ။



"မောင် ရှေ့တစ်ပတ်ထဲမှာ ခရီးထွက်ရလိမ့်မယ်"

ညဘက် ဧည့်ခန်းထဲမှာ နှစ်ယောက်တည်းအတူရှိနေကြခိုက် မောင်က ပြောလာပါသည်။

"ဘယ်ကိုလဲမောင်၊ ဘာအတွက်လဲ"

ဖတ်မှတ်လက်စ စာကိုအသာဘေးချပြီး မောင့်ကိစ္စကို စိတ်ဝင်တစားဖြစ်သွားမိသည်။

"Hotel Excursion အတွက်လေ၊ ပုဂံ၊ ပြင်ဦးလွင်၊ မန္တလေး၊ ဟဲဟိုး အစုံဖြစ်လိမ့်မယ်၊ တစ်ပတ်လောက်တော့ကြာမယ်ထင်တယ်၊ မေခါးက Reservation မန်နေဂျာအသစ်ဆိုတော့ သူ့ကိုလိုက်ပို့ပေးရမှာ၊ အမျိုးသမီး Staff တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လည်းပါမယ်၊ ဒီနေ့ပဲ Manager ဆီက order ရတယ်”

“ဪ”

မြသားက ခပ်တွေတွေဖြစ်သွားရပါသည်။ မောင့်အလုပ်က နိုင်ငံခြားသား ခရီးသွားလုပ်ငန်းကုမ္ပဏီမို့ မောင်က အလုပ်ကိစ္စဖြင့် မကြာခဏ ခရီးထွက်ရလေ့ရှိပါသည်။

ကျောင်းတက်နေသော ကလေးတွေကတစ်ဘက်၊ ကိုယ်တိုင်ကျောင်းတက်လျက် တစ်ဘက်နှင့် ဘယ်တုန်းကမှ လိုက်ပါခွင့်မကြုံတာမို့ မောင့်ကိုတွယ်တာလှသူပီပီ မောင်မို့ ခရီးထွက်ရတော့မည်ဆိုတိုင်း မခွဲချင်မခွာရက်ဖြစ်ရစမြဲ။

သည်တစ်ခေါက်တော့ ဘာကြောင့်မှန်းမသိ ခါတိုင်းအခေါက်တွေထက် စိတ်ထဲပိုလေးလံနေသလို။

မောင်က သူမမျက်နှာကို လှည့်ကြည့်လာတာမို့ မြသားက မျက်နှာပေါ်မှ အညိုရိပ်များကို အလျင်အမြန်ဖယ် ရှားပစ်လိုက်ရပါသည်။

“သား လိုက်ခဲ့ပါလား၊ ကလေးတွေကို အမေတို့နဲ့ အပ်ပစ်ခဲ့ရင်ရမှာပါ၊ ကျောင်းကနေ ခွင့်ယူလိုက်ပေါ့”

“မဖြစ်ဘူး မောင်ရဲ့၊ အတန်းက ပျက်လို့ကောင်းတာ





မဟုတ်ဘူး၊ ဒီ Ph.D ကိစ္စမပြီးမချင်း သား ဘယ်ကိုမှ သွားနိုင်မှာမဟုတ်ပါဘူး”

“ဒါဆိုရင် နွေရာသီကျရင်တော့ မောင်တို့မိသားစု ခရီးထွက်ရအောင်၊ ဘယ်သွားချင်သလဲ ကြိုတင်စဉ်းစားထား”

“အင်းပါ ...မောင်ရယ်”

စာပြန်ဖတ်ဖို့ကြိုးစားပေမယ့် အာရုံကစုစည်းမရတော့။

မောင့်ကိုပြောရကောင်းနိုး၊ မကောင်းနိုးဖြင့် ကိစ္စတစ်ခုက စိတ်ထဲမှာ လွန်ဆွဲ၍နေလေသည်။

ညနေခင်းက ကိစ္စဖြစ်ပါသည်။ မောင့်ကားကို မောင် အလုပ်မှပြန်လာ၍ အိမ်ပေါ်တက်ရချိန်တိုင်း မြသားက ကားရေဆေးသန့်ရှင်းသည့်အလုပ်ကို တာဝန်ယူမြဲဖြစ်ပါသည်။

တစ်နေ့ကုန် အလုပ်ထဲမှာ ပင်ပန်း၍ ပြန်လာရသော မောင့်ကို အနားပေးလိုသော စေတနာဖြင့် မောင် အလုပ်ဝင်ပါပြီဆိုကတည်းက လုပ်ကိုင်ပေးလာခဲ့သောကိစ္စပါ။

ညနေကတော့ ကားသန့်ရှင်းရေးလုပ်ဖို့ ကားထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းရင်း ကားရှေ့ခန်းတစ်ဖက်ထိုင်ခုံအောက်မှာ နှုတ်ခမ်းဆိုးဆေးတစ်ဗူးကျနေတာကို တွေ့ရသည်။

ပြီးတော့ ကားအတွင်းမှာ အမျိုးသမီး ရေမွှေးနံ့တစ်မျိုးက စွဲကြိုင်နေသည်။ သေချာသတိထားကြည့်သော အခါ မေခါး ဆွတ်လေ့ရှိသော ရေမွှေးနံ့ဆိုတာ သိရသည်။

သည်နှုတ်ခမ်းဆိုးဆေးဗူးသည် မေခါးပစ္စည်းပင်ဖြစ်လိမ့်မည်ဆိုတာ တွက်ဆ၍ရလိုက်သည်။

တစ်ခြားလူမဟုတ်တာမို့ စိတ်အေးသွားရသော်လည်း ကားတွင်းမှာ ရေမွှေးနံ့ထင်ကျန်လောက်အောင် မေခါးသည် မောင့်ကားတွင်းမှာ ရှိခဲ့ပါလားဟူသော အတွေးကတော့ ဖယ်ရှားဖို့ ကြိုးစားသည့်ကြားမှ ဆောက်တည်ဖြစ်အောင် ဆောက် တည်ဖြစ်ခဲ့သည်။

ထိုအချိန်ထိတော့ မြသားသည် နှုတ်ခမ်းဆိုးဆေးဗူးကို မောင်မှတစ်ဆင့် မေခါးဆီပြန်ပေးဖို့သာ စိတ်ကူးရှိခဲ့တာ ပါ။

သည်ကနေ့ အခမ်းအနားတစ်ခုရှိသည်မို့ မောင် ဝတ်သွားခဲ့သော တိုက်ပုံအင်္ကျီအဖြူကို ထိုင်ခုံနောက်ကျောမှ ဖြုတ်





ယူ၍ သိမ်းဆည်းဖို့ကြံလျှင်တော့ မြင်ကွင်းတစ်ခုက သူမကို တုန်လှုပ်သွားစေခဲ့ပါသည်။

မောင့်တိုက်ပုံအင်္ကျီဖြူ၏ ရင်ဘတ်ပေါ်မှာ နှုတ်ခမ်းနီရာတစ်ခုက စွန်းထင်းလျက်ရှိသည်။

အရောင်က ပန်းသွေးရောင်။ မြသားသည် ကားတွင်းမှ နှုတ်ခမ်းဆိုးဆေးဗူးကို ဖွင့်ကာကြည့်လိုက်တော့လည်း အထဲမှဆေးတောင့်က ပန်းသွေးရောင်။ နှုတ်ခမ်းရာကို မှန်းကြည့်မိတော့ နှုတ်ခမ်းရာသည်လည်း မေခါး၏ နှုတ်ခမ်းသဏ္ဌာန် ခပ်ပါးပါး။

မြသားသည် အတော်ပင် ခေါင်းနပမ်းကြီးသွားမိသည်။

မြင်တွေ့ရသော သဲလွန်စတွေက အဖြစ်အပျက် တစ်ခုကို သူမအတွေးထဲ ပုံဖော်ပေးပြီးသားဖြစ်သွားသည်။

သို့သော်လည်း မြသားသည် ထိုအတွေးကို ခေါင်းထဲမှ အလျှင်အမြန် မောင်းထုတ်ဖျောက်ဖျက်ပစ်လိုက်မိသည်။

မဖြစ်နိုင်တာ။ ဘယ်လိုမှမတွေးကောင်းပါ။ ဒါ မေခါးပစ္စည်း ဖြစ်ချင်မှလည်းဖြစ်မှာ။ ဖြစ်ခဲ့လျှင်လည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလို ဟုတ်နိုင်စရာမရှိပါ။

မေခါ၊ မဟုတ်သော တစ်ခြားအမျိုးသမီးတစ်ယောက် ဆိုတာလည်း မောင့်မှာမရှိနိုင်ပါ။

သည်ကိစ္စသည် ရိုးသားသန့်ရှင်းသော မတော်တဆကိစ္စတစ်ရပ်သာ ဖြစ်ပါလိမ့်မည်။

မြသားသည် အတွေးကို ထိုနေရာမှာပင် ဇွတ်ရပ်တန့်အဆုံးသတ်စေကာ နှုတ်ခမ်းဆိုးဆေးဗူးကိုလည်းကောင်း၊ တိုက်ပုံအကျႌကိုလည်းကောင်း မောင့်ကိုမပြတော့ဘဲ ထားလိုက်တော့သည်။

ခုတော့ မေခါးနှင့်ပင် တစ်ပတ်ကြာခရီးထွက်ရလိမ့်ဦးမယ်တဲ့။

ညနေကကိစ္စကို ထုတ်မေးလိုက်ရကောင်းမလား။ ဒါဆိုလျှင် သူနှင့်မေခါးအပေါ် သူမ သံသယရှိနေသည်ဟု မောင် ထင်သွားပြီး သွားစရာရှိသည့်လမ်း မောင်မသွားဘဲနေလျှင် ...။

သူမ၏အဓိပ္ပာယ်မရှိသော စကားတစ်ခွန်းကြောင့် မောင့်စိတ်ကို၊ မောင့်အလုပ်ကို ထိခိုက်သွားမှာမျိုး မဖြစ်စေ



ချင်ပါ။

ပြီးတော့ ...မောင့်ကို မြသား ယုံပါသည်လေ။

နောက်ဆုံးတော့ မြသားသည် စိတ်ထဲရှိသမျှ အတွေးများအားလုံးကို မောင်းထုတ်ကာ မောင့်ကို ယုံကြည်သော စိတ်တစ်ခုသာ ရင်ထဲချန်ထားလိုက်ပါသည်။

ထိုအခါမှာတော့ ရင်ခွင်က အေးမြငြိမ်းချမ်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုး ခရီးထွက်ရမည့်နေ့ ဖြစ်သည်။ ကလေးတွေ ကျောင်းပိတ်ရက်ဖြစ်နေတာကြောင့် သားအမိသုံးယောက်လုံး မိုးကို လေယာဉ်ကွင်း လိုက်ပို့ဖြစ်ကြသည်။

မြသားကို ကားမောင်းစေကာ မိုးသည် သမီးငယ်ကို ရင်ခွင်ထဲ တောက်လျှောက်ပွေ့ပိုက်လာခဲ့၏။ နောက်မှာ အိမ်ရှေ့ ရှသွာ ထိုင်လိုက်ပါလာသော သားဖြစ်သူကိုလည်း စကားတွေ တဖွဖွပြောလာခဲ့၏။

နံဘေးမှ ဇနီးသည်ကိုလည်း မှာခြွေစကားတွေ ခြွေ လို့မဆုံး။

"ကျောင်းသွားကျောင်းပြန် ကားမောင်းရင် သတိ





ထားနော် သား၊ ကလေးတွေပါရင် ပိုသတိထားရမယ်၊ လော့ခ် လုပ်ဖို့လည်း မမေ့နဲ့ဦး၊ ညကျလည်း စာတွေသိပ်မဖတ်နဲ့၊ ခါတိုင်းအိပ်ချိန်ပဲအိပ်နော်"

"သိပါတယ် မောင်ရာ၊ သား ကလေးမဟုတ်တော့ ပါဘူး၊ မောင်သာ ကိုယ့်လမ်းကိုယ် စိတ်ဖြောင့်ဖြောင့်သွား၊ လုပ်စရာရှိတာ နောက်ဆံမတင်းစတမ်းလုပ်၊ ပြန်ရောက်မယ့် ရက်ကို ဖုန်းကြိုဆက်နော်၊ မောင်ကြိုက်တဲ့ဟင်းချက်ထားမယ်၊ လာကြိုမယ်"

"ဆက်မှာပေါ့၊ ဟိုရောက်တာနဲ့ ဆက်လိုက်မယ်၊ ရောက်တဲ့နေ့ရာက နေ့တိုင်းဆက်မယ်"

"ဟုတ်ပါပြီ၊ အားဆေးသောက်ဖို့လည်း မမေ့နဲ့ဦး နော်"

တစ်ယောက်တစ်ခွန်း မှာစရာတွေ မဆုံးနိုင်ရင်း လေဆိပ်သို့ ရောက်လာကြပါသည်။

သူမတို့လေဆိပ်ထဲရောက်သောအခါ ကြိုရောက်နှင့် နေသော မေခါးကို တွေ့ရသည်။ မေခါးသည် သူမတို့ကို အစအဆုံးမြင်ပုံရကာ ခပ်ပြုံးပြုံးစောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်အဖြူရောင်ကြပ်ကြပ်၊ ခွယ်တာ ကိုယ်ကပ်အနက်တို့ဖြင့် မေခါးသည် မော်ဒယ်မင်းသမီး တစ်ယောက်နှယ် လှပထင်ရှားနေပါသည်။ ကြည့်ကောင်းတာ မှန်ပေမယ့် ယောကျ်ားသား လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် အတူခရီးသွားရမည့်လမ်းအတွက်တော့ အနည်းငယ် ကလက် နေသလိုလို။

''မိသားစုအားလုံး လိုက်ပို့ကြတာကိုး''

''ဟုတ်တယ်၊ မိုးက သူခရီးထွက်ရင် အားလုံးလိုက် ပို့မှ ကြိုက်တာလေ၊ မေခါး ရောက်နေတာကြာပြီလား''

''သိပ်မကြာသေးပါဘူး''

ဟု မေခါးကဖြေရင်း မိုးဖက်သို့လှည့်ကာ ...

''မိုးရေ ...သွားကြရအောင်လေ''

ဟု လောဆော်လိုက်သည်။

''မချောစုရော ...ရောက်ပြီလား''

မိုးက ဟိုဟိုဒီဒီငေ့စဲကြည့်ရင်း မေးလိုက်ပါသည်။

''မချောစု မလိုက်ဖြစ်တော့ဘူးတဲ့၊ မနက်ကပဲ ကိုယ့် ကို ဖုန်းဆက်တယ်၊ သူ့အဖေ ဆေးရုံတင်လိုက်ရလို့တဲ့လေ''





''ဟုတ်လား၊ ဒါဆိုဘယ်လိုလုပ်မလဲ''

''ဘယ်လိုမှမလုပ်တော့ဘူးလေ၊ ဒီအချိန်ကျမှ ဘယ် သူ့ကို အစားထိုးလို့ရတော့မှာလဲ၊ ကိုယ်နဲ့မိုး နှစ်ယောက်တည်း ပဲပေါ့''

ပြောရင်း မေခါးသည် မြသားဆီ လှမ်းကြည့်လိုက် ပါသည်။ မိုးကလည်း မြသားကို ရုတ်တရက်လှမ်းကြည့်လာ ရာ မြသားသည် သူတို့နှစ်ဦးကို ကြောင်စီစီလေး ပြန်ကြည့် ဖြစ်သွားရသည်။

မေခါးအကြည့်ကို မဝေခွဲတတ်ပေမယ့် မိုးအကြည့် ကတော့ ခွင့်ပန်သော၊ အားတောင့်အားနာဖြစ်သော အကြည့် ဆိုတာ ရင်းနှီးသူချင်းမို့ သိလိုက်သည်။

''သွားကြစို့ မိုး၊ အချိန်တန်နေပြီ''

မိုးက သမီးကိုဖွဖွနမ်းပြီး လေးကန်စွာဖြင့် အောက်သို့ ချလိုက်သည်။ မြသားက ပြုံးချိုစွာပင် မိုးလက်ထဲသို့ လက် ကိုင်ဘီးဖြင့် အဝတ်သေတ္တာလေးကို ထည့်ပေးရင်း ...

''သွားတော့လေ မောင်၊ တော်ကြာ နောက်ကျနေဦး မယ်၊ သားတို့ အပေါ်ကကြည့်နေမယ်နော်၊ သားနဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးကို တာ့တာ့လုပ်လိုက်''

သားနှင့်သမီးက သူ့အဖေကို နှုတ်ဆက်ကြသည်။

''သွားမယ်နော် ...သား၊ အပြန် ကားကိုဂရုစိုက်မောင်းဦး''

လှကိုရွှေ့လျားလိုက်ရပေမယ့် မိုးမျက်ဝန်းတွေက သူမ တို့သားအမိတွေဆီမှာ ကပ်ငြိတွယ်ဆဲ။

''စိတ်ချပါ မောင်ရဲ့၊ တာ့တာ''

သူမက လက်ကလေးပြကာ ပေါ့ပေါ့ပါးပါး နှုတ်ဆက်မှ မိုးက သူမတို့ကို ကျောခိုင်းသွားသည်။

''ကိုယ်တို့သွားပြီ မြသား''

အပြုံးဖြင့် နှုတ်ဆက်သွားသော မေခါးကိုလည်း လက်ပြကာ နှုတ်ဆက်လိုက်မိသည်။

မောင်သည် လေယာဉ်ပေါ်မရောက်မချင်း အနောက်ဖက်ကို လှည့်တကြည့်ကြည့်။ လက်တပြပြ။

မောင့်ရှေ့တစ်လျှောက်လုံး ပြုံးထားရသမျှ လေဆိပ်မှအပြန်လမ်းမှာတော့ မြသားရင်တွေ ဟင်းလင်းပွင့်ထွက်ကျသည်။ မောင့်ကို လိုက်ပို့ဖူးသည့် ခရီးစဉ်တွေထဲမှာ သည်



တစ်ခေါက် ရင်ထဲအဟာရဆုံး။

အပြင်မှာ မျက်ရည်ကျ၍မရသမျှ ရင်ထဲမှာ ငိုလာမိသည်။ ဘယ်လိုကြီးမှန်းမသိပါဘူး။ မောင့်အကြည့်တွေကလည်း သည်တစ်ခေါက်မှာမှ ပို၍ဆွေးမြည့်လေးလံနေသလိုလို။

ဘာကြောင့်များလဲ။ အားလုံးထဲမှာ ရွှင်ပျတက်ကြွနေသူကတော့ မေခါးပဲဖြစ်သည်။

မောင်နှင့်မေခါး နှစ်ယောက်ထဲသွားရမှာတဲ့။ တစ်ခရီးထဲအတူသွားပြီး တစ်ဟိုတယ်ထဲ အတူတည်းကြရမှာ။ ညဒင်နာတွေလည်း နှစ်ယောက်အတူပဲပေါ့။

မေခါး၏ မောင့်လက်ဆောင်ယွန်းသေတ္တာလေးထဲမှ ကြယ်သီးတစ်လုံး၊ လက်ကိုင်ပဝါ၊ ခါတ်ပုံတစ်ခြမ်း။

ပြီးတော့ နှုတ်ခမ်းနီဗူး၊ ရေမွှေးနံ့၊ နှုတ်ခမ်းရာ။ တစ်ချက်တစ်ချက် မောင့်အပေါ် မေခါးကြည့်ဟန်များ ...။

အို ...ငါဘာတွေတွေးနေမိပါလိမ့်။ မေခါးနဲ့မောင်ဟာ သူငယ်ချင်းတွေပဲမဟုတ်လား။ သူမနှင့်မေခါးသည်လည်း အချစ်ဆုံးသူငယ်ချင်းတွေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ မောင်နှင့်သူမသည် အချစ်ဆုံးသူတွေဖြစ်ကြသည်ပဲလေ။



ရန်ကုန်မှ နံနက်ထွက်ခွာလာသော လေယာဉ်သည် ပုဂံလေဆိပ်သို့ ဆိုက်ရောက်လာသည်။

ရောက်ရောက်ချင်း Station office မှ လာကြိုသော ကားဖြင့် သီရိပစ္စယာဟိုတယ်ကို ထွက်ခဲ့သည်။

ဟိုတယ်မှာ နေရာထိုင်ခင်းရသည်နှင့် မိုးက ရန်ကုန်သို့ ဖုန်းလှမ်းခေါ်ဖြစ်၏။ မြသားနှင့် တွေ့ရသည်။ ဟိုတယ်ရောက်ပြီဆိုသည့်အကြောင်း ပြော၏။

မြသားအသံက ကြည်ကြည်လင်လင်မို့ သူ့စိတ်ထဲအေးသွားရသည်။ သူနှင့်မခေါ်း နှစ်ယောက်တည်း ခရီးဦးဖြစ်သွားသောကြောင့် မြသား တစ်မျိုးမြင်လေမလားဟု

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး သူ စိုးရိမ်ခဲ့ရတာဖြစ်သည်။

မေခါးကပင် တစ်လမ်းလုံး ကြက်ကြီးလည်လိမ်ထားသလိုဖြစ်နေသော သူ့ကို ဘာဖြစ်နေသလဲဟု သတိထားမေးခွန်းထုတ်နေခဲ့သေးသည်။

"သွားတောင်မသွားရသေးဘူး၊ အိမ်ကိုလွမ်းနေပြီလား"

ဟူသောအမေးကိုတော့ မကွယ်မဝှက်တမ်း သူ ခေါင်းညိတ်ဝန်ခံလိုက်မိသည်။

ပြီးတော့ ဟိုတယ်မှ တည်ခင်းသော နေ့လယ်စာကို သူနှင့်မေခါး နှစ်ယောက်တည်းစားဖြစ်သည်။ ဟင်းတွေက အရသာရှိလှပေမယ့် သူကတော့ သည်အချိန်ဆို စားပွဲထိပ်ထိုင်ခုံ လစ်ဟာနေမည့် သူ့အိမ်မှ ထမင်းဝိုင်းလေးကိုသာ သတိရနေမိသည်။

နေ့လယ်စာစားပြီးလျှင် ဟိုတယ်တွေဆီ လေ့လာရေးထွက်ခဲ့သည်။ မေခါးသည် ခေတ်အမှီဆုံးအဝတ်အစားများဖြင့် လှပကျော့ရှင်းစွာ ဝတ်စားပြင်ဆင်ထားပါသည်။ သူမကို ကြည့်ရသည်မှာတော့ ခရီးထွက်လာရသည်ကို ပျော်ရွှင်ပုံ





ရသည်။

နေ့လယ်ခင်းနှင့် ညနေသည် ဟိုတယ်တွေလိုက်ကြည့်ရသည်နှင့် အချိန်ကုန်သွားသည်။ ညဘက်မှာ သရုပါ ဟိုတယ်မှ ဒင်နာဖိတ်ထားသည်မို့ ညနေ အခန်းပြန်၍ ရေမိုးချိုးပြီး ပြန်ထွက်ရပြန်သည်။

Satation office မှ ကားတစ်စီးပေးထားသည်ဖြစ်ရာ မေခါးက သူကိုယ်တိုင်ကားကိုမောင်းလေ၏။

"မေခါးက ပုဂံကိုကျွမ်းသားပဲ"

ပုဂံလမ်းတွေကို ကောင်းစွာမှတ်မိမောင်းနှင်နိုင်သော မေခါးကို သူက ချီးကျူးမိသည်။

"ကျွမ်းဆို ကိုယ်က အညာမြေမှာ ကြီးလာတဲ့သူဆိုတာ မိုး မေ့နေပြီလား"

"ဟုတ်သားပဲ၊ မေခါးက ပုပ္ပါးသူနော်"

ကျောင်းတုန်းက မေခါးပြောဖူးတာ သတိရလာပါသည်။

"မနက်ဖြန်တစ်ရက်တော့ အလုပ်ကိစ္စနဲ့ အားဦးမှာမဟုတ်ဘူး၊ သန်ဘက်ခါကျရင် ပုပ္ပါးသွားရအောင်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ငယ်ငယ်ကနေခဲ့တဲ့နေရာလေးကို မိုးကိုခေါ်သွားချင်တယ်''

''ငယ်ငယ်ကနေခဲ့တဲ့နေရာ''

''ဟုတ်တယ်၊ ကိုယ့်အဖေရယ် …ကိုယ့်အမေရယ် ကိုယ်တို့မိသားစုတွေအားလုံး စုံစုံညီညီနေခဲ့တဲ့အိမ်လေ၊ ခြံကြီးကအကျယ်ကြီးရယ်၊ ကိုယ် ပိုက်ဆံရှိလာတော့ ရောင်းပစ်ခဲ့တဲ့သူဆီက ငွေပုံပေးပြီး ပြန်ဝယ်ခဲ့တာ၊ အဲဒီမှာတော့ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို ကိုယ် ပိုင်ဆိုင်ခဲ့ဖူးတယ်။ အဲဒီကလည်းပြောင်းရော ကိုယ့်မိဘတွေ ကွဲသွားကြတာပဲ''

မိုးက ကရုဏာသက်စွာ မေခါးကို ကြည့်မိသည်။ လောကဓံ၏ ပဲ့ပြင်ရိုက်ခတ်မှုဖြင့် သည်မိန်းကလေးသည် သူများထက် တမူထူးခြားနေရတာတော့အမှန်။

ဘဝတစ်လျှောက်လုံး ချမ်းမြေ့ပျော်ရွှင်စွာဖြင့် နေထိုင်ကြီးပြင်းလာခဲ့ရသော မိုးသည် မိန်းကလေးတစ်ခဲ ကြမ်းတမ်းသောဘဝကို ဖြတ်သန်းခဲ့ရသည့် မေခါး၏ ခံနိုင်ရည်ကို အံ့သြချီးမွမ်းမိသည်နှင့်အမျှ သနားကရုဏာလည်း ထားမိသူဖြစ်သည်။



ဒင်နာတွင် မိုးသည် ဘီယာပင်မသောက်။ ဘီယာလေးတစ်လုံးတလေလောက်တော့ ယောကျ်ားသားမို့ ကြုံကြိုက်သည့်အခါ သောက်တတ်ပါသော်လည်း မိန်းကလေးတစ်ယောက်နှင့် နှစ်ယောက်တည်းတက်ရောက်ရသည့်ပွဲမို့ စောင့်ထိန်းအပ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။

ဒင်နာမှ ဟိုတယ်သို့အပြန်လမ်းမှာတော့ မေခါးက ကားကို လမ်းဘေးတစ်နေရာမှာ ရပ်တန့်လိုက်သည်။

''ဘာဖြစ်လို့လဲ မေခါး၊ ဆက်သွားလေ''

မေခါး၏မျက်ဝန်းများမှ အရောင်တစ်မျိုး တောက်ပလျက်ရှိသည်။

''ကိုယ်တို့ ခဏလောက်စကားပြောကြရအောင်မိုး''

''ဟိုတယ်ရောက်မှပြောလည်းရတာပဲ၊ ဒီနေရာကြီးမှာ မကောင်းပါဘူး၊ ပြီးတော့ ကျွန်တော် အိမ်ကိုဖုန်းဆက်ဖို့လည်းရှိသေးတယ်''

မေခါး နှုတ်ခမ်းများ တွန့်ကွေးသွားကြပါသည်။

''အစောကြီးရှိပါသေးတယ် မိုး၊ မြသား မအိပ်လောက်သေးပါဘူး၊ ကိုယ် မိုးကို ဒီအချိန်ဒီနေရာမှာပဲ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြချင်လို့ပါ၊ တကယ်တော့ မိုး ကိုယ့်ဘဝက ကံဆိုးမိုးမှောင်ကျဆဲပါပဲမိုးရယ်''

ပြောရင်း မေခါးသည် အသံများတုန်ခိုက်ကာ ရုတ်တရက် သူ့ပခုံးစွန်းပေါ် မျက်နှာအပ်ပြီး ငိုကြွေးလိုက်ရာ ဖြူစင်မိုးမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်သွားပါသည်။

''မေခါး ...စိတ်ငြိမ်ငြိမ်ထားပြီး ပြောစရာရှိတာပြောပြပါ၊ ဟုတ်ပြီလား''

မိုးက သူ့ပခုံးပေါ်မှ မေခါးဦးခေါင်းကို အသာအယာ တွန်းဖယ်ရင်း ပြောမိသည်။ မေခါးမျက်နှာ မော့လာပါသည်။ စောစောက အရောင်တစ်မျိုး တောက်ပနေခဲ့သော မျက်ဝန်း နှစ်ဖက်သည် မျက်ရည်စတွေဖြင့် ကြေကွဲဆွေးမြည့်လို့။

''ကိုယ် ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပြခဲ့ပါဘူး၊ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာတော့ ကိုယ် မိုးတို့ ရင်ဖွင့်ပြောပြချင်လာတယ်၊ ဟုတ်တယ်၊ ကိုယ်အပြောပြချင်ဆုံးသူဟာ မိုးပဲ''

မေခါးက သူ့ကိုယ်သူ တည်ငြိမ်အောင်ကြိုးစားလိုက်ပုံရကာ ...





''ကိုယ်ဟာ အချစ်ရေးမှာ အမြဲကံဆိုးခဲ့သူပါ၊ ဘဝကို ဖြတ်လမ်းနဲ့ ကြီးပွားချမ်းသာလိုစိတ်နဲ့ ကိုယ် ကိုအောင်ကျော်ဇောကို သူ့မိဘက သဘောမတူတဲ့ကြားက ဖွတ်လက်ထပ်ယူခဲ့တာ၊ ကိုယ့်လို နုံမွဲတဲ့မိန်းကလေးတစ်ယောက်ကို သူတို့သားနဲ့ ပေးစားဖို့ကို ငွေဂုဏ်မောက်တဲ့ သူ့မိဘတွေက နည်းနည်းမှ သဘောမကျနိုင်ခဲ့ဘူးလေ''

''ဒါပေမယ့် ကိုအောင်ကျော်ဇောက ကိုယ့်ကို တကယ်ချစ်ခဲ့တော့ ကိုယ့်ကို မရရအောင် လက်ထပ်ယူခဲ့တယ်၊ ကိုယ်ကတော့ ကိုအောင်ကျော်ဇောကို ချမ်းသာလိုစိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့တာ၊ ကိုယ် ဝန်ခံပါတယ်၊ ကိုယ် သူ့ကို နည်းနည်းလေးမှ မချစ်ခဲ့ဘူး''

မိုးက ရင်မောစွာ သက်ပြင်းရှိုက်လိုက်မိသည်။ မေခါး စကားတွေကို နားထောင်ရသည်မှာ သူ အသက်ရှူဖို့ပင် မေ့လျော့နေခဲ့သည်။

''အချစ်နဲ့တည်ဆောက်ခဲ့တာ မဟုတ်တဲ့ ကိုယ့်အိမ်ထောင်ရေးဟာ မသာယာခဲ့ပါဘူး၊ ကိုယ် သူ့ကို ခုတုံးတစ်ခုလို သဘောထားခဲ့မှန်းသိလာခဲ့တဲ့တစ်နေ့မှာ ကိုအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ အရက်သမားကြီးလုံးလုံး ဖြစ်သွားခဲ့တယ်၊ နိုင်ငံခြားမှာပဲ အနေများတော့တယ်၊ နောက်ဆုံးတော့ ကိုယ်တို့ ကွာရှင်းလိုက်ကြတယ်၊ ကိုယ့်ကို ပိုင်ဆိုင်မှုတွေလွှဲပေးခဲ့လို့ ကိုယ်ဟာ တစ်သက်မကြုံဖူးတဲ့ စည်းစိမ်ဥစ္စာတွေတော့ ရလိုက်ပါရဲ့၊ ဒါပေမယ့် ကိုယ်ဟာ အမြဲတမ်း အထီးကျန်ဆန်နေတဲ့ မိန်းမတစ်ယောက်ပဲပေါ့ မိုးရယ်''

မေခါး မျက်ရည်များစီးကျလာပြန်သည်။ ဒါကြောင့် မြသားက သူ့ကိုပြောခဲ့ခြင်းဖြစ်မည်။ မေခါးကိုကြည့်ရသည်မှာ တစ်ခုခုကို ထိန်ချန်လျှို့ဝှက်ထားသလိုပဲတဲ့။

''အဲဒါတွေရဲ့တရားခံဟာ ဘယ်သူလဲသိလား မိုး''

သူ အလန့်တကြား မေခါးကို ကြည့်လိုက်မိသည်။

''အဲဒါ မိုးကြောင့်ပေါ့''

''ဗျာ''

''ဟုတ်တယ်၊ မိုးကြောင့်ပဲ ကိုယ်ဟာ ရင်ကွဲပက်လက်ဖြစ်ခဲ့ရတယ်၊ ငွေမက်တဲ့ယောကျ်ားတွေကို မခံချင်စိတ်နဲ့ ကိုယ် နည်းအမျိုးမျိုးနဲ့ ကြီးပွားချမ်းသာအောင် လုပ်ခဲ့တယ်၊ မိုး လက်ထပ်သွားပြီးတဲ့နောက်မှ ကိုအောင်ကျော်ဖေကို မခံ



ချင်စိတ်၊ ကြီးပွားချမ်းသာချင်စိတ်တွေနဲ့ လက်ထပ်ခဲ့ဖြစ်တာ၊ ဒါပေမယ့် ကိုယ် ချစ်လို့မရခဲ့ဘူး၊ အဲဒါဘာဖြစ်လို့လဲသိလား ကိုယ့်အချစ်တွေဟာ မိုးဆီမှာပဲကျန်ခဲ့လို့၊ မိုးတစ်ယောက်တည်းကိုပဲ ကိုယ်သိပ်ချစ်လို့''

''မေခါး ...ဘာတွေပြောနေတာလဲ၊ ဒီအချိန်မှာ ဒီစကားတွေမပြောသင့်တော့ဘူး မေခါး၊ ကျွန်တော်ဟာ အိမ်ထောင်သည်တစ်ယောက်ပါ၊ မေခါးဟာလည်း မြန်မာအမျိုးသမီးတစ်ယောက်ပါ၊ ကျွန်တော်တို့ပြန်ကြရအောင်''

သူက အတုန်တုန်အလှုပ်လှုပ်နိုင်စွာ မေခါးကို ပြောဆိုမိပြီးလျှင် မေခါးထံမှ မျက်နှာလွှဲလျက် ရှေ့တူရှုသို့သာ စိုက်ကြည့်နေမိပါသည်။ မေခါးက သူ့စကားကို ဂရုစိုက်ပုံမရပါ။

''ကိုယ် မိုးရှေ့ကို ပြန်ရောက်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရလဲ သိလား၊ မိုးနဲ့ပထမဆုံး ပြန်တွေ့တဲ့နေ့မှာတင် ကိုယ် မိုးကို ဘယ်လောက်ထိချစ်နေ၊ ပိုင်ဆိုင်ချင်နေသေးတယ်ဆိုတာ သိလိုက်ရတယ်၊ တကယ်တော့ ကိုယ့်ဘဝမှာ အလိုချင်ဆုံးအရာဟာ တစ်ခုပဲရှိခဲ့တာပါ၊ အဲဒါဟာ မိုးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ ဘဝသစ်တစ်ခု ပြန်စကြရအောင်နော် မိုး''

''မေခါး''

သူ ဆောက်တည်ရာမဲ့စွာ အော်ပစ်လိုက်မိပါသည်။ မေခါးက သူ့လက်ကိုလှမ်းဆုပ်သည်။ သူက ခါချပစ်လိုက်မိ၏။ ဖြစ်နိုင်လျှင် သူ ဒီနေရာမှ ထွက်ပြေးသွားချင်ပါပြီ။

''မြသားထက် မိုးကို ပိုပျော်ရွှင်အောင်ထားပါ့မယ်၊ ကိုယ်တို့ နိုင်ငံခြားကို ထွက်သွားကြမယ်လေ၊ ကိုယ် အားလုံး စီစဉ်ထားပြီးပြီ''

''မင်း ရူးနေပြီလား မေခါး၊ မင်းကိုယ်မင်း ဘာတွေ ပြောနေလုပ်နေတယ်ဆိုတာရော သိရဲ့လား၊ မင်းကိုငါ သူငယ်ချင်းတစ်ယောက်ထက် ဘယ်တုန်းကမှ မပိုခဲ့ဘူး၊ ဘယ်တော့မှလည်း ပိုလာမှာမဟုတ်ဘူး၊ ငါဟာ အိမ်ထောင်သည် တစ်ယောက်၊ ငါ့မိသားစုဘဝ ပြိုပျက်မယ့်ကိစ္စမျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး၊ မိုးဟာ အရင်တုန်းကမိုးပဲဆိုတာ မင်း မြဲမြဲမှတ်ထားလိုက်စမ်းပါ၊ တော်ပြီကွာ၊ မင်းမပြန်ရင် ငါပြန်တော့မယ်''

မိုးသည် ဒေါနှင့်မောနှင့် မပြောစဖူး မင်းတွေငါတွေ



တရင့်တသီးသုံးကာ စိတ်ရှိလက်ရှိပြောပစ်လိုက်ပြီးသည့်နှင့် ကားတံခါး ဝုန်းခနဲဖွင့်ဆင်းလာခဲ့ပါသည်။

လူတစ်ကိုယ်လုံး ထူပူလျက် ခေါင်းထဲမှာ အတွေးတွေချာချာလည်နေသည်၊ အပြင်းထန် အပေါ်လွှင်ဆုံးခံစားချက်ကတော့ အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်းတွေပင်။

မေခါး ရူးသွားပြီလားမသိပါ။ တစ်ရှုံးတည်း လုပ်ဖော်ကိုင်ဖက်အဖြစ် မမျှော်လင့်ဘဲ ပြန်တွေ့ရချိန်တွင် မြင့်မားတိုးတက်လာသော မေခါးဘဝအခြေအနေအတွက် ဝမ်းမြောက်ဝမ်းသာ သူ့ ကမ်းလင့်ကြိုဆိုခဲ့မိတာအမှန်ပင်။

အတိတ်ကကိစ္စတွေကိုလည်း သူ မေ့ပစ်ခဲ့ပြီဖြစ်သည်။ မေခါးကိုလည်း ထိုသို့ပင်ရှိမည်ဟု ယုံကြည်ထားခဲ့၏။

ခုတော့ …မြသားသိလျှင် ဘယ်လောက်များ စိတ်မကောင်းဖြစ်လိမ့်မည်မသိ။ ခုပင် သူသည် မြသားဆီ အပြေးပြန်ချင်လာတော့သည်။

ထိုစဉ်မှာပဲ သူတို့စီးလာသော ကားက သူ့အနားသို့ ထိုးရပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုး ...ကားပေါ်တက်ပါ၊ ကိုယ်တို့ပြန်ကြရအောင်"

သူ မေခါးကို မရွံ့မရဲလှည့်ကြည့်မိသည်။ ခုတော့လည်း မေခါးမျက်နှာသည် ကြည်ကြည်စင်စင်။ စောစောကလူသည် သူမဟုတ်သလိုလို။ သူက ပင့်သက်ရှိုက်ကာ စိတ်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။

သူ လူကြီးလူကောင်းဆန်ရပါဦးမည်။ ကားတံခါးဖွင့် ဝင်ထိုင်လိုက်သောအခါ မေခါးက ကားကို မောင်းထွက်လာခဲ့သည်။

"ဆောရီးပဲ မိုး၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်ဘူးဖြစ်သွားတယ်၊ မိုးကို ကိုယ် စိတ်အနှောင့်ယှက်ပေးသလို ဖြစ်သွားပြီ၊ မေ့လိုက်ပါနော် မိုး"

သူက မေခါးမျက်နှာကို မကြည့်ဘဲ ခပ်ဆတ်ဆတ်ခေါင်းညိတ်ပြလိုက်သည်။ သို့ပေမယ့် မေခါးပြောသလိုမေ့ပစ်လိုက်ဖို့ဆိုတာ စကားသုံးလုံးပြောတာလောက် မလွယ်ကူတာ သေချာလှသည်။

လမ်းတစ်လျှောက်လုံး နောက်ထပ်စကားမပြောဖြစ်။





ဟိုတယ်ပြန်ရောက်သောအခါ ရုတ်တရက် မြသားဆီ ဖုန်းမခေါ်နိုင်။ ခုချိန်မှာ သူဖုန်းဆက်လျှင် သူ့အသံကိုနားထောင်ပြီးသူ တစ်ခုခုဖြစ်နေသည်ဆိုတာ ပါးနပ်သော မြသားက ရိပ်မိပါလိမ့်မည်။

ခဏကြာမှ ခေါ်မည်ဆိုပြီး တော်တော်နှင့် အဆင်သင့် မဖြစ်နိုင်ရာ ညဥ့်နက်သွားသည်မို့ သူက သည်ညအဖို့ဖုန်း မခေါ်တော့ဖို့ ဆုံးဖြတ်လိုက်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင် စကြံန်ဆီမှ ဖုန်းမြည်သံကြောင့် မြသား အိပ်ရာမှ ဖျတ်ခနဲနိုးသွားပါသည်။ မိုးထံမှ ဖုန်းအလာစောင့်နေရင်း သူ မှေးခနဲအိပ်ပျော်သွားတာဖြစ်သည်။

ကမန်းကတန်း အိပ်ရာပေါ်မှဆင်းပြီး ဖုန်းပြေးကိုင်လိုက်သည်။

''ဟဲလို''

''မအိပ်သေးပဲကိုး မြသား''

မိုးအသံကို ကြားရမည်ဟု သေချာပေါက် မျှော်လင့်ထားသော်လည်း ထွက်ပေါ်လာသောအသံသည် မေခါးအသံ





ဖြစ်နေပါသည်။

''မေခါး ...အင်း အိပ်တော့အိပ်ပျော်သွားပြီ၊ ဖုန်းသံကြားလို့ ထလာတာလေ၊ မိုးဖုန်းကို စောင့်နေတာ''

''ဒီညတော့ မိုး ဖုန်းဆက်ဖြစ်တော့မှာမဟုတ်ဘူး၊ ခုလောက်ဆို မူးပြီးအိပ်ပျော်နေလောက်ပြီ၊ ကိုယ်တို့ ဒင်နာကပြန်တာလည်း နောက်ကျတယ်လေ၊ မိုးသောက်ထားနည်းနည်း များသွားတယ်''

မြသား ဘဝင်မကျဖြစ်သွားရပါသည်။ သူတစ်သက်နှင့်တစ်ကိုယ် မိုး အရက်မူးသည်ဆိုတာ တစ်ခါမှမကြုံတွေ့ဖူးပါ။ ယောကျ်ားသားမို့ ကြုံကြိုက်သည့်အခါ ဘီယာလေးအနည်းငယ်သောက်တတ်သော်လည်း မိုးသည် သူ့ကိုယ်သူ အင်မတန်ထိန်းသိမ်းနိုင်သည့် ယောကျ်ားတစ်ယောက်ဖြစ်ပါသည်။

မိန်းကလေးတစ်ယောက်နှင့် တနယ်ရပ်ခြားကို အလုပ်ကိစ္စဖြင့် ရောက်ရှိနေခိုက်မှာ ပိုဆင်ခြင်ရကောင်းမှန်း မိုး သိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ …ဒီလိုဖြစ်ရပါလိမ့်။

"ဟုတ်လား၊ သူ သိပ်များအခြေအနေဆိုးလား ဟင်"

"အိပ်ပျော်သွားပါပြီ၊ နိုးလာရင်တော့ အိုကေနေပါလိမ့်မယ်၊ ကိုယ်ပဲတွဲပြီး အိပ်ရာထဲလိုက်ပို့ပေးထားလိုက်တယ်လေ"

မြသား နှလုံးခုန်မြန်လာပါသည်။ မိုးရယ် ဘာလို့ဒီလိုဖြစ်ရတာလဲ။

"ဘာဖြစ်လို့များ ဒီလိုဖြစ်ရပါလိမ့်၊ သူ တစ်ခါမှ အရက်မမူးဘူးပါဘူး မေခါးရယ်"

"မပြောတတ်ဘူးလေ၊ ကိုယ့်ကို သောက်ချင်တယ် ခွင့်တောင်းတော့ ကိုယ်လည်း ခွင့်ပြုလိုက်မိတာ၊ သူက ပြောသေးတယ်၊ မြသားကို ပြန်မပြောပါနဲ့တဲ့၊ မြသား မသိစေချင်ဘူးတဲ့လေ၊ ဒါပေမယ့် ကိုယ်က မင်း စိတ်ပူနေမှာစိုးလို့ဆက်တာပါ၊ သူ့ကို သွားပြန်မေးမနေပါနဲ့"

"အင်းလေ၊ ဟုတ်ပါပြီ၊ ခုလို မိုးကိုဂရုစိုက်ပေးတာ



ကျေးဇူးပါပဲ မေခါးရယ်"

"မြသား"

"ဟင်"

"ကိုယ် မင်းကို ဟိုးဒုတိယနှစ်ကျောင်းသူဘဝတုန်းက ပြောခဲ့ဖူးတဲ့ အမြတ်ကလေးဆိုတာ သတိရလားဟင်၊ အလေးအနက်ပြောဖူးတဲ့ တစ်ယောက်လေ၊ မင်းကိုနောက်တော့ပြမယ်လို့တောင် ပြောခဲ့ဖူးသေးတယ်၊ ဒါပေမယ့် မပြဖြစ်ခဲ့ဘူး"

မြသားက ထူးထူးခြားခြား သတိတရပြန်ပြောနေသော မေခါး၏ အမြတ်ကလေးဆိုတာကို အလေးအနက်ထား၍ ပြန်စဉ်းစားပေးလိုက်ပါသည်။

"သြော် …မှတ်မိပြီ၊ အဲဒါဘာဖြစ်လို့လဲဟင်"

"ခုလေ …ကိုယ် သူ့ကိုပြန်တွေ့ရပြီသိလား"

"ဟုတ်လား၊ သူရော အိမ်ထောင်ကျနေရောပေါ့"

"ဟုတ်တယ်၊ အိမ်ထောင်ကျနေပါပြီ၊ သားတွေသမီးတွေနဲ့၊ ဒါပေမယ့် …"

www.burmeseclassic.com

www.burmeseclassic.com



မေခါးအသံက တစ်မျိုးဖြစ်နေပါသည်။ အိပ်မက်ထဲမှာ ထ,စကားပြောသူတစ်ယောက်နှင့် တူနေသည်။ ပြီးတော့ ညဦးနက်သန်းခေါင်ကြီး ဒီအချိန်ကြီးမှာ သူ့စကားပြောဟန်က အေးအေးစက်စက်ရှိနိုင်လွန်းသည်။

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

"ကိုယ်လေ···ကိုယ် သူ့ကိုချစ်နေတုန်းပဲသိလား"

"မေခါး"

မေခါးက မြသား၏ဟန့်တားသံကို လုံးဝဂရုမပြုမိပုံနှင့် ရှေ့ဆက်ပြောနေပါသည်။

"သူ့ကိုပြန်တွေ့လိုက်ရတဲ့အချိန်မှာ ကိုယ့်ဘဝတစ်လျှောက်လုံး ချစ်နေခဲ့ရတဲ့သူဟာ သူပဲဆိုတာ ပိုသေချာသွားတယ်၊ ကိုယ့်ဘဝတစ်လျှောက်လုံး လိုက်ရှာနေခဲ့တဲ့အရာကို ခုမှ ကိုယ် ပြန်တွေ့ရပြီ၊ ကိုယ် ဘာလုပ်ရမလဲဟင် မြသား"

မေခါးအသံက တုန်ခါလို့က်မောနေပါသည်။ မေခါး ဘာတွေဖြစ်နေပါလိမ့်။

"မေခါး ···ရှင်ဘာတွေပြောနေတာလဲ၊ စိတ်ကိုအေး



အေးထားစမ်းပါ၊ ရှင် ဗုဒ္ဓဘာသာမြန်မာမိန်းကလေး မဟုတ်ဘူးလား၊ သူ့မှာလည်းအိမ်ထောင်နဲ့ ကိုယ့်မှာလည်း ကာမပိုင်လင်ယောက်ျားနဲ့လေ၊ ဒီစကားတွေပြောရတော့မယ်အချိန်မဟုတ်ဘူး၊ ရှင်စိတ်ငြိမ်ငြိမ်ထားပြီး အိပ်ပျော်အောင် အိပ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဒါပေမယ့် မြသား ကိုယ်ဆုံးဖြတ်ပြီးသွားပြီ၊ ကိုယ် သူ့ကိုရအောင်ယူမယ်၊ ကိုယ့်ဘဝရဲ့ အချစ်ခံရဆုံးလူဟာ ကိုယ့်အတွက်ပဲဖြစ်ရမယ်၊ ဘယ်သူ့အတွက်မှ မဖြစ်စေရဘူး"

မေခါးအသံက ရုတ်တရက် မာကြောလို့က်ထန်လာကာ စကားဆုံးသည်နှင့် မေခါးက ဖုန်းခွက်ကိုချပစ်လိုက်ပါသည်။

မြသားသည် ဖုန်းနံဘေးမှာ ကြောင်၍ထိုင်နေမိပြီးမှ အသာအယာထ၍ အိပ်ရာထဲပြန်ဝင်လာခဲ့သည်။ သို့သော် အိပ် မရတော့။ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ပြီး မိုးစင်စင်လင်းခဲ့သည်။

မေခါး တစ်ခုခုဖြစ်နေသလို မောင်လည်း တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု မှားယွင်းနေသည်။ သူတို့နှစ်ယောက်သည် တနယ်ရပ်ခြားမှာ နှစ်ယောက်တည်း အတူရှိနေကြသည်။

ပြီးတော့ မေခါးနှင့်ပတ်သက်သည့် သံသယဖြစ်စရာများ။ မြသားသည် ကိုယ့်ကိုယ်ကို အားပေးနှစ်သိမ့်သည့်ကြားမှပင် တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်လာလေသည်။



နောက်တစ်နေ့မနက် သူ့အခန်းတံခါးဝမှာ သူ့ကို မနက်စာသွားစားဖို့ လာခေါ်သော မေခါးကို တွေ့ရသည့်အခါ ညကအဖြစ်အပျက်သည် အိပ်မက်များလားဟုပင် သူ ဇဝေဇဝါဖြစ်သွားရပါသည်။

မေခါးသည် ပကတိပြုံးရွှင်ကြည်လင်လျက်။ သူနှင့်ကိုယ့်ကြားမှာ မျက်နှာပူစရာကိစ္စ လုံးဝရှိမထားသည့်ပုံ။

"အဆင်သင့်ပဲဆို သွားရအောင်လေ မိုး၊ ကိုယ်ဗိုက်ဆာလှပြီ"

သူတို့နှစ်ယောက် မနက်စာစားဖြစ်ကြပါသည်။ မေခါးက စကားတွေဖောင်ဖွဲ့ပြောနေသလောက် သူမှာ ပြော

www.burmeseclassic.com

www.burmeseclassic.com



စရာစကားမရှိသလို ဖြစ်နေရသည်။

"ဒီမနက်ချိန်းထားတဲ့ ဟိုတယ်ကိုဝင်ပြီး ကိုယ်တို့ ပုပ္ပါးသွားရအောင်နော် မိုး၊ ပြီးရင် ကိုယ့်အိမ်လေးကို သွားကြည့်မယ်၊ ကိုယ် မရောက်ဖြစ်တာတောင် ကြာနေပြီမိုးရဲ့၊ ဒါပေမယ့် တစ်နေ့ကျရင်တော့ ကိုယ် ပြန်နေမှာပါ၊ လိုက်ကြည့်မယ်မဟုတ်လားဟင် မိုး"

သူ ခေါင်းခါပစ်လိုက်ချင်သည်။ သူ ဘာကိုမှလုပ်ဖို့စိတ်မပါ။ သူ့စိတ်ထဲမှာ အလုပ်ချင်ဆုံးကတော့ မီရာလေယာဉ်ဖြင့် သူ့မိသားစုရှိရာ ရန်ကုန်ကို အပြေးပြန်သွားဖို့ပင်။

ဒီမှာနေရသည်မှာ သူ့ကိုယ်သူစိတ်မလုံ။ မနေ့ညကစပြီး သူသည် အပြစ်ရှိသူတစ်ယောက်လို ခံစားနေရသည်။

သို့သော် ခရီးစဉ်က သုံးပုံတစ်ပုံပင်မကျိုးသေး။ အလုပ်ကိစ္စကို လစ်လျူရှုလိုက်ဖို့ဆိုတာကျတော့လည်း သူက အလုပ်နှင့်ပတ်သက်၍ တာဝန်ကျေချင်သူ။ အမြဲ တာဝန်ကျေခဲ့သူ။ ထိုအစဉ်အလာကို သူ မဖျက်ချင်။





မေ်ခါးပင် မသိချင်ယောင်ဆောင်နိုင်သေးတော့ ကိုယ် လည်း မသိလိုက်ဘာသာနေဖို့ ဆုံးဖြတ်ရလေမည်လား။

ခရီးကပြန်ရောက်လျှင်တော့ သူ မြသားကို မေခါးနှင့်ပတ်သက်သမျှ ဖွင့်ပြောပြလိုက်တော့မည်ဟု စဉ်းစားသည်။ အလုပ်ဆက်လုပ်ဖို့ မလုပ်ဖို့ကိုလည်း မေခါးနှင့် တိုင်ပင်ညှိနှိုင်းမည်။

တစ်သက်လုံး မြတ်မြတ်နိုးနိုး လုပ်လာခဲ့သည့်အလုပ် ပေမယ့် အလုပ်ထွက်သင့်လျှင် ထွက်ရမည်။ သူ့မိသားစုကိုတော့ အထိခိုက်မခံနိုင်။ ဘာပဲဖြစ်ဖြစ် မိသားစုအဆင်ပြေဖို့က အရေးကြီးသည်လေ။

သူ့ဘဝမှာ တန်ဖိုးအထားဆုံးအရာက သူ့မိသားစုပင် ဖြစ်သည်မဟုတ်လား။

ခရီးစဉ်မပြီးဆုံးမချင်းတော့ သူသည် အလုပ်ကိစ္စကိုသာ ခေါင်းထဲထည့်ကာ မေခါးအပေါ် လိမ္မာပါးနပ်စွာနှင့် ထိန်းထိန်းသိမ်းသိမ်း ဆက်ဆံသွားဖို့သာ ဆုံးဖြတ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ မိုးကို လူတစ်ယောက်နဲ့မိတ်ဆက်ပေးမယ် သိလား၊ မိုးတွေ့ရင် အံ့သြသွားမယ်"

"ဘယ်သူမို့လဲ"

"ကိုယ့်အဖေလေ၊ ငယ်ငယ်လေးထဲက ကိုယ်တို့ မိသားစုကိုပစ်သွားတဲ့ ကိုယ့်အဖေပေါ့၊ အဖေ့ကိုပြန်တွေ့တဲ့ အချိန်မှာ အဖေဟာ ဆင်းရဲစုတ်ပြတ်ပြီး သနားစရာသိပ် ကောင်းနေတယ်၊ တစ်ယောက်တည်းလည်းဖြစ်နေပြီ၊ ဒါကြောင့် အဲဒီအိမ်မှာ ကိုယ်ပြန်ခေါ်ထားတာ"

"ဟုတ်လား၊ ဝမ်းသာစရာပေါ့၊ ဘာပဲဖြစ်ဖြစ် မိဘ ဟာမိဘပဲ"

မေခါးက သူ့စကားကို လက်ခံဟန်ဖြင့် ပြုံးနေပါ သည်။ အဖေနှင့်သွားတွေ့မည့်အရေးမို့ သူ ငြင်းဆန်လိုက်ဖို့ မကောင်းဟု ခံယူလိုက်မိသည်။

သည်လိုနှင့် သူတို့ ပုပ္ပါးရောက်ခဲ့ပါသည်။ ပုပ္ပါး တောင်ပေါ်မှဆင်းလာသောအခါ မေခါးက သူ့ငယ်ဘဝက အိမ်လေးရှိရာသို့ ကားကိုမောင်းလာသည်။ ကားလမ်းက





တစ်ဖြည်းဖြည်းနှင့် မြို့စွန်ရောက်လာရာ သူက စိတ်ထဲ တစ်မျိုး ဖြစ်လာရသည်။

သို့သော်လည်း အိမ်မှာ မေခါးအဖေကိုယ်တိုင် ရှိနေ သည်ပဲလေဟု စိတ်ကိုဖြေသိမ့်လိုက်ရသည်။

"ဟောဟိုမှာ ... မြင်နေရပြီတွေ့လား၊ ကိုယ်တို့အိမ် လေး"

ခပ်လှမ်းလှမ်းမှာတော့ မေခါးညွှန်ပြသော အိမ်က လေးကို လှမ်းတွေ့လိုက်ရသည်။

အိမ်ကလေးသည် ကုန်းမြင့်တစ်ခုပေါ်မှာတည်ရှိကာ လှေကားထစ်ကလေးတွေနှင့် ဖြစ်သည်။ ခြံဝန်းကလည်း အတော်ပင်ကျယ်လျက် သစ်ပင်ကြီးများစုံလင်စွာ ပေါက် ရောက်လျက်ရှိသည်။

အနီးပတ်ဝန်းကျင်သည် ကုန်းမြေများဖြစ်ကာ အိမ် ခြေရာခြေပြတ်လပ်နေသည်။

ခြံရှေ့မှာ ကားရပ်သောအခါ အဘိုးကြီးတစ်ယောက် တံခါးလာဖွင့်သည်။ မှုန်မှိုင်းသောမျက်လုံးများ၊ [illegible]သော



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များကြားမှပင် ငယ်ရွယ်စဉ်က လှရည်သန့်တစ်ဦးဖြစ်ခဲ့ဖူးတာ ထင်ရှားနေသည်။

"အဖေ ...နေကောင်းတယ်နော်၊ ဒါ သမီးတို့ရုံးက မန်နေဂျာ ကိုဖြူစင်မိုးတဲ့၊ သူနဲ့အတူ ပုဂံကိုလာတာလေ၊ မိုး ဒါ ကိုယ့်အဖေလေ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျ"

သူက ကိုယ်ကိုညွှတ်လျက် နှုတ်ဆက်လျှင် အဘိုးကြီးက ပြုံးလျက် ခေါင်းညိတ်ပြပါသည်။ အဘိုးကြီးသည် စကားနည်းကာ အေးဆေးမည့်ပုံပေါက်သည်။

"လာ ...မိုး၊ အိမ်ထဲသွားကြရအောင်"

သူက ရှေ့မှဦးဆောင်သွားသော မေခါးနောက်မှ လိုက်ခဲ့သောအခါ အဘိုးကြီးက ခပ်လှမ်းလှမ်းမှ လိုက်ပါလာလေ၏။

"အရင်တုန်းက အိမ်ပုံစံလေးအတိုင်းကိုပဲ ကိုယ်က လက်ရာမပျက် ပြန်မွမ်းမံခိုင်းထားတာလေ"

အုတ်ညှပ်သစ်သားအိမ်ကလေးထဲ ရောက်လျှင်





မေခါးက သူ့ကိုရှင်းပြသည်။ တစ်ခန်းပြီးတစ်ခန်း လိုက်ပြကာ ငယ်ငယ်က ဒါ ဘယ်သူ့အခန်းဖြစ်သည်ဆိုတာတွေ ပြောပြသည်။

"ဒီအိမ်လေးမှာ ထူးခြားချက်တစ်ခုရှိတယ်မိုးရဲ့၊ အဲဒါ မြေအောက်ခန်းလေးရှိတာပဲ၊ ကိုယ်တို့အဘိုးက အင်ဂျင်နီယာကြီးဆိုတော့ သူကိုယ်တိုင်ဆောက်ခဲ့တာတဲ့၊ ကိုယ်တို့ငယ်ငယ်က အဲဒီအခန်းထဲမှာ အမြဲပုံပြောတမ်းကစားကြတယ်၊ လာ ...မိုး ဆင်းကြည့်ရအောင်"

ထမင်းစားခန်းကြမ်းပြင်မှ လှေကားအဖုံးကိုဖွင့်၍ လှေကားလေးအတိုင်း မေခါး နောက်မှ လိုက်ဆင်းလာခဲ့သည်။

တကယ့်ကိုပင် ဆယ်ပေပတ်လည်မြေအောက်ခန်းလေးသည် လှေကားအဆုံးတွင်ရှိနေသည်။ မြေအောက်ခန်းပေမယ့် လင်းလင်းချင်းချင်းရှိသည်။ လေဝင်လေထွက်ရှိစေရန် အိတ်ဇောဖန်တပ်ဆင်ထားသေး၏။

ခုတင်တစ်လုံးလည်းရှိကာ နံဘေးမှာ စားပွဲကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တစ်စုံကိုလည်း တွေ့ရသေး၏။

သို့သော် ထိုမြင်ကွင်းက သူ နောက်ဆုံးမြင်လိုက်ရသော မြင်ကွင်းပဲဖြစ်သည်။ သည့်နောက်မှာတော့ သူသည် မာကျောသောအရာဝတ္ထုတစ်ခုနှင့် ဦးခေါင်းကို ထုရိုက်ခံလိုက်ရသော နာကျင်မှုကို လျှပ်တစ်ပြက်သိကာ လောကကြီးနှင့် အဆက်ပြတ်သွားတော့၏။



သူပြန်သတိရလာသောအခါ မြေအောက်ခန်း၏ ခုတင်ထက်မှာ သူရောက်နေသည်။

သူ့လက်နှစ်ဘက်သည် ခုတင်တိုင်နှစ်ဖက်နှင့် တွဲချည်တုတ်နှောင်လျက်သား။ ခြေထောက်နှစ်ဘက်သည်လည်း ထို့အတူ။ ခုတင်ဘေးကုလားထိုင်ပေါ်မှာတော့ မေခါးကို ခြေနှစ်ဖက်ချိတ်ထိုင်လျက် စီးကရက်ရှိုက်ဖွာလျက်သား တွေ့ရသည်။

"ဒါဘာလုပ်တာလဲ မေခါး၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုလုပ်ထားတာလဲ"

သူ ဒေါသတကြီးမေးလိုက်မိသည်။ မေခါးက

www.burmeseclassic.com

www.burmeseclassic.com



ပြုံး၏။ သူမအပြုံးက အေးစက်မာကျောလျက်။

"ကြိုးတုပ်ထားတာလေ မိုး၊ မိုး ဘယ်ကိုမှထွက်မပြေးနိုင်အောင်ပေါ့၊ မိုးက အသာတကြည်ဖြောင့်ဖြလို့မရတော့ ရတဲ့နည်းနဲ့ပဲ ကိုယ်ရအောင်ယူရတော့တာပေါ့၊ စိတ်မကောင်းပါဘူးကွယ်၊ မိုးက ခေါင်းမာတာကိုး"

"မင်းရူးနေပြီလား မေခါ၊ ဒီကိစ္စဟာ ရာဇဝတ်မှုဆိုတာရောသိရဲ့လား"

"အဲဒါတွေ ကိုယ်မသိဘူး၊ ကိုယ်သိတာ ဖြစ်တဲ့နည်းနဲ့ မိုးကို ရယူပိုင်ဆိုင်ဖို့ပဲ၊ ဒီအတွက် ကိုယ် ဘာမဆိုလုပ်ရဲတယ်"

"လူတစ်ယောက်ကို ဒီလိုတုပ်နှောင်ထားလိုက်ရုံနဲ့ အဲဒီလူကိုပိုင်ဆိုင်ရောတဲ့လား၊ မေခါ စိတ်အေးအေးထားစမ်းပါ၊ မြသားဟာ မင်းရဲ့အချစ်ဆုံးသူငယ်ချင်းပါ၊ ဘာဖြစ်လို့ သူစိတ်ဆင်းရဲအောင် လုပ်ချင်ရတာလဲ"

"အချစ်ဆုံးသူငယ်ချင်း၊ ဟုတ်လား"

မေခါးက ခွက်ထိုးခွက်လန် ရယ်ပစ်လိုက်ပါသည်။

"ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး၊ ကိုယ်ဟာ မြသားကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ တကယ်တော့ ကိုယ်ဟာ မြသားကို တစ်လျှောက်လုံး မုန်းတီးလာခဲ့တာ၊ မနာလိုဝန်တိုလာခဲ့တာ၊ မြသားနေရာမှာ ကိုယ်အမြဲဖြစ်ချင်ခဲ့တာ"



သူ အတော်အံ့သြသွားပါသည်။ သည်ဖြစ်ရပ်မတိုင်ခင်အထိ မေခါးသည် သူ့ကိုချစ်မိသွားသော်လည်း မြသားနှင့်တော့ အချစ်ဆုံးသူငယ်ချင်းများ ဖြစ်သည်ဟုပဲ ယုံကြည်ထားခဲ့မိတာ။

"မြသားဘဝကို အားကျခဲ့မင်စိတ်နဲ့ မြသားအနားမှာ ကိုယ်အမြဲရှိနေခဲ့တာ၊ ကိုယ်ဖြစ်ချင်တဲ့ အရာတွေအားလုံးဟာ သူ့ဆီပဲရောက်ရောက်ကုန်တယ်၊ ကိုယ်လိုချင်သမျှအရာတွေအားလုံး သူပဲသိမ်းပိုက်သွားတယ်၊ သူ့ကို ကိုယ် အရမ်းမုန်းတယ်၊ ကိုယ့်ဘဝပျက်ဆီးသလို သူ့ဘဝလည်း ပျက်ဆီးစေရမယ်၊ ငွေစင်မြသားဆိုတဲ့ သူသာ လောကကြီးမှာမရှိခဲ့ရင် မိုးဟာလည်း ကိုယ့်အတွက်ပဲဖြစ်ရမှာ၊ ကိုယ်လည်း မချစ်မနှစ်သက်တဲ့လူတစ်ယောက်ကိုယူပြီး ကိုယ်သိပ်မုန်းတဲ့ အမေ့လို အိမ်ထောင်ပျက်မိန်းမတစ်ယောက်လည်း ဖြစ်လာမှာမဟုတ်ဘူး၊ အားလုံးရဲ့တရားခံဟာ မြသားပဲ၊ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



မေခါးမှာ ဆောက်တည်ရာမရ ဖြစ်နေပါသည်။ မိုးသည် မေခါးကိုကြည့်ပြီး အလွန်အမင်း ဒေါသထွက်နေသည့်ကြားမှ မေခါးကို စိတ်ပျက်လက်ပျက် ခါယမ်းလိုက်မိသည်။

"မင်းမှားနေပြီ မေခါး၊ လူတစ်ယောက်ရဲ့ ဖြစ်ပျက်သမျှဟာ သူ့ဘဝကံအကျိုးပေးနဲ့ပဲဆိုင်တယ်၊ မြသားဟာ အင်မတန်ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်၊ မင်းအပေါ်မှာလည်း သူဟာ ညီအစ်မရင်းလို ချစ်ရှာတယ်၊ သူသာ ဒီအကြောင်းတွေ သိရရင် သိပ်စိတ်မကောင်းဖြစ်ရှာမှာပဲ"

"မိုး ပါးစပ်ပိတ်ထား၊ မိုးပါးစပ်က နောက်ထပ် မြသားကောင်းကြောင်းထွက်လာရင် ကိုယ့်အဆိုးမဆိုနဲ့နော်"

မိုးက ပမာမခန့်ပြုံးလိုက်သည်။

"မင်း ကိုယ့်ကိုဘာလုပ်ချင်တာလဲ၊ သတ်ပစ်ချင်လား"

"ဟင့်အင်း ...မိုးကို ကိုယ်ပိုင်ဆိုင်ချင်တာပါ၊ ကိုယ်တို့နှစ်ယောက် အတူနေရအောင်နော်၊ မြသားကို ကွာရှင်းလိုက်ပါ"

"မင်း ထပ်မပြောရင်ကောင်းမယ် မေခါး၊ အဓိပ္ပာယ်



မရှိတဲ့ ရူးကြောင်ကြောင်စကားတွေ ငါ့ကို ထပ်မပြောနဲ့၊ မင်းကို ငါ လုံးဝမချစ်နိုင်ဘူးလို့ အတန်တန်ပြောခဲ့ပြီးပြီ၊ မြသားကိုပဲ ငါချစ်တယ်၊ ငါ အသက်ရှင်နေသ၍ မြသားနဲ့ မိသားစုကို မပစ်ပယ်နိုင်ဘူး၊ မင်း ငါ့ကို သတ်ချင်သတ်လိုက်"

မိုးကို ငေးရီကြည့်နေသော မေခါးမျက်ဝန်းတွေက ခက်ထန်အေးခဲသွားကြပြန်သည်။

"မိုးက အသေခံမယ်ပေါ့၊ ဟုတ်ပြီလေ၊ မိုးစဉ်းစားပါ၊ မိုး ဒီကွာရှင်းစာချုပ်မှာလက်မှတ်ထိုးပေးချင်ပေး၊ မပေးလို့ကတော့ ဒီမြေအောက်ခန်းထဲမှာပဲ မိုးဘဝ အဆုံးသတ်ရလိမ့်မယ်မှတ်ပါ၊ အဲဒီနည်းလမ်းနှစ်ခုလုံးဟာ ကိုယ့်အတွက်တော့ မိုးကိုပိုင်ဆိုင်ရခြင်းရဲ့ အဓိပ္ပာယ်ပဲ"

မေခါးက စာချုပ်တစ်ရွက်ကို စားပွဲပေါ်တင်ပေးလိုက်ပြီးနောက် နေရာမှ ရုတ်ခနဲထရပ်ကာ မြေအောက်ခန်းတွင်းမှ ပျောက်ကွယ်သွားပါတော့သည်။

"တောက်"

မိုးသည် တောက်တစ်ချက် ပြင်းပြင်းခေါက်မိပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ရှိသမျှအားအကုန်သုံးကာ ဝှန်းခနဲကြိုးထလိုက်ပါသော်လည်း အချည်းနှီးသာဖြစ်သည်။

"မေ…ခါး"

ရှိသမျှအသံကုန် ကြိုးအော်ပစ်လိုက်သော မိုးအသံသည် မြေအောက်ခန်းလေးအတွင်းမှာပင် တိမ်မြုပ်ပျောက်ကွယ်သွားရလေ၏။



မိုး ခရီးထွက်သွားသည်မှာ တစ်ပတ်တိတိရှိသွားလေပြီ။ ပုဂံရောက်ပြီး ပထမတစ်ရက်မှလွဲ၍ နောက်နေ့တွေမှာလုံးဝဖုန်းမဆက်။ မိုးတည်းခိုသည်ဟု သိထားသော သီရိပစ္စယာဟိုတယ်ကို ဖုန်းဆက်ကြည့်တော့လည်း မိုးတို့နှစ်ယောက်အခန်းပြန်အပ်သွားပြီဟုသိရသည်။

ပုဂံကနေထွက်သွားလို့ပဲ ထပ်တစ်နေရာထပ်ရောက်ရင်တော့ ဖုန်းဆက်မှာပဲဟု မျှော်လင့်မိသော်လည်း တစ်ပတ်တိတိကြာသွားသည်အထိ မိုး ဖုန်းဆက်မလာပါချေ။

မိုး တစ်ခုခုဖြစ်နေပြီလားဟု မြသား စိတ်ပူစပြုလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆယ်ရက်တိတိ ပြည့်မြောက်သောနေ့မှာတော့ မြသား မိုးတို့ကုမ္ပဏီသို့ ဖုန်းဆက်မေးမိတော့သည်။ ကုမ္ပဏီမှ အကြောင်းပြန်ကြားချက်သည် မြသား၏အပူကို မီးကူပေးသည်နှင့် တူတော့၏။

သူတို့ထံသို့လည်း ဘာသတင်းပေးပို့ချက်မှ မရှိပါတဲ့။ ခရီးရက်လွန်နေပြီမို့ သူတို့လည်း မိုးတို့နှစ်ယောက်ကို စောင့်မျှော်နေကြသည်။

မိုး တစ်ခုခုဖြစ်နေပြီဆိုတာကို သိလိုက်သော မြသားသည် ဘာလုပ်ရမည်ကို အပူတပြင်းစဉ်းစားမိသည်။

နောက်ထပ် မိနစ်အနည်းငယ်ကြာလျှင်တော့ ကုမ္ပဏီမှ စုံစမ်းသိရှိသောလိပ်စာဖြင့် မေခါး၏မိခင်ရှိရာ တိုက်ခန်းဆီသို့ မြသား၏ကားလေးက ဦးတည်ပြေးလွှားနေတော့သည်။

အိမ်ပေါ်ရောက်သွားသောအခါ မေခါး၏မိခင်ကို အဆင်သင့်မင်တွေ့ရသည်။

"ဒေါ်ဒေါ် နေကောင်းတယ်နော်၊ သမီးက မြသား



ပါ၊ ငွေစင်မြသားလေ၊ မေခါးနဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်း"

သူမက မိတ်ဆက်ပြောပြသောအခါ အဒေါ်ကြီးသည် ချက်ချင်းပင် မှတ်မိသွားလေ၏။

"သမီးက ငယ်ရုပ်လေးမပျောက်ပဲကိုး၊ ဒါနဲ့ အဒေါ်ဒီမှာနေမှန်း သမီးဘယ်လိုလုပ်သိလဲ"

"ကုမ္ပဏီကတစ်ဆင့် စုံစမ်းလာခဲ့တာပါ"

"ကိစ္စရှိလို့လား သမီးရယ်"

သူမမျက်နှာပေါ်မှ အပူရုပ်ကို ဖတ်မိဟန်ဖြင့် အဒေါ်ကြီးက ချင့်ချင့်တွက်တွက်မေးပါသည်။ အိမ်သားတွေလည်း အပြင်ရောက်နေကြချိန်ဖြစ်ရာ မြသားက လာရင်းကိစ္စကို အမှန်အတိုင်းပင် ဖွင့်ဟပြောပြလိုက်တော့၏။

သူမစကားဆုံးလျှင် အဒေါ်ကြီးက အခန်းထဲသို့ဝင်သွားသည်။ ပြန်ထွက်လာသောအခါ ဒိုင်ယာရီအရွယ်စာအုပ်တစ်အုပ် လက်ထဲမှာပါလာသည်။

"ရော့ ...သမီး ဖတ်ကြည့်ပါ၊ ဒီစာအုပ်လေးကို မေခါး အိမ်ထောင်ကျသွားတော့ အဒေါ် သူ့ဆီက သိမ်းထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ သမီးဟာ နဂိုကတည်းက စိတ်ကြီးသူလည်းဖြစ်၊ အရွယ်နဲ့မမျှတဲ့ ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေလည်းခံရတော့ တဖြည်းဖြည်းနဲ့ သူ့စိတ်ဓာတ်ဟာ အစွန်းရောက်လာတယ် ထင်ပါရဲ့ကွယ်၊ နောက်ပိုင်းတော့ ကြီးပွားချမ်းသာလိုစိတ်နဲ့ ဘဝကို ဖြတ်လမ်းကတိုးတက်အောင် အမျိုးမျိုးကြိုးစား၊ ချမ်းသာချင်စိတ်တစ်ခုတည်းနဲ့ မချစ်မနှစ်သက်တဲ့သူကို လက်ထပ်တော့ အိမ်ထောင်ရေးဟာ ပြိုကွဲ၊ အဲဒီနောက်ပိုင်းမှာ သူ့စိတ်ဟာ ပိုပြီး ကယောက်ကယက်နိုင်လာတယ်"

အဒေါ်ကြီးသည် ထိုနေရာမှာ စိတ်မထိန်းနိုင်တော့ဘဲ တစ်ချက်ရှိုက်လိုက်ကာ ...

"ခုဆိုရင် သမီးလေးဟာ စိတ်ဝေဒနာသည်လေး ဖြစ်နေပါပြီကွယ်၊ ခုလည်း အဒေါ်ထင်ပါတယ်၊ ဒိုင်ယာရီကိုဖတ်ခြင်းအားဖြင့် သူဟာ မောင်မိုးကို တစ်နေရာရာမှာများ..."

မြသား၏ စိုးရိမ်ပူပန်မှုများသည် အထွတ်အထိပ်သို့ ရောက်သွားရပါသည်။

"ဒေါ်ဒေါ် ဘာကိုဆိုလိုတာလဲဟင်၊ သမီးကို ရှင်း





ရှင်းပြောပါ၊ သမီး ... သမီး စိတ်တွေပူလွန်းလို့ပါ"

"သမီး စာအုပ်ကိုဖတ်ကြည့်ပါ"

မြသားက မေခါး၏ဒိုင်ယာရီစာအုပ် စာမျက်နှာများကို ကမန်းကတန်းဖတ်သည်။ စာအုပ်ဆုံးသွားလျှင် မြသားသည် အံ့ဩရလွန်း၍ သတိလစ်သွားမလားပင် အောက်မေ့မိကာ ဝမ်းနည်းသောကရောက်လွန်း၍ တဆတ်ဆတ်ပင်တုန်နေမိပါသည်။

"ဒါဆို ...သမီးတို့ ဘယ်လိုလုပ်ကြမလဲဟင် ဒေါ်ဒေါ်၊ မေခါးတို့ ဘယ်မှာရှိနိုင်မလဲ၊ သမီး ဘယ်ကိုလိုက်သွားရမလဲဟင်"

အဒေါ်ကြီးသည် တရှိုက်ရှိုက်ငိုကာ "မေခါးရယ် သမီးလေး" ဟုသာ ငိုညည်းနေပါသည်။ အတန်ကြာမှ ...

"အဒေါ်ထင်တာကို ပြောပြပါ့မယ်၊ ဒါပေမယ့် သမီးက အဒေါ့်ကို ကတိတစ်ခုပေးပါ၊ သမီးလေးမေခါးကို အပြစ်မယူပါဘူးလို့၊ သမီးကိုလည်း အဒေါ် ကိုယ်ချင်းစာပါတယ်၊ ဘယ်လိုလဲဟင်"

မြသားက ခေါင်းတစ်ဆတ်ဆတ်ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါတယ်၊ ပေးပါတယ် ဒေါ်ဒေါ်ရယ်၊ မောင့်ကို ဘေးမသီရန်မခ ပြန်တွေ့ရရင်တော်ပါပြီ၊ သမီးကိုကူညီပါနော်"

"ပုဂံကိုရောက်တာ သေချာရင်တော့ သူ မုပ္ပါးကိုသွားမှာပဲ၊ အဲဒီမှာ အဒေါ်တို့မိသားစု ငယ်ငယ်ကနေခဲ့တဲ့ အိမ်လေးရှိတယ်၊ သူက အဲဒီအိမ်မှာသိပ်ပျော်ခဲ့တာ၊ သူစွဲလန်းတဲ့နေရာဟာ ဒီတစ်နေရာပဲ၊ အဒေါ်ထင်တယ် …သူ မောင်မိုးကို အဲဒီကိုပဲခေါ်သွားမှာပဲ၊ အဒေါ်တို့ ချက်ချင်းလိုက်သွားကြမယ်"

မြသားက ဆတ်ခနဲ ထရပ်လိုက်မိပါသည်။ စောစောက တစ်ဆတ်ဆတ်တုန်နေခဲ့သော ခန္ဓာကိုယ်လေးသည် ခုတော့ အားမာန်အပြည့်ဖြင့် ကြံ့ခိုင်လျက်။





မိုး အိပ်ရာမှနိုးလာသောအခါ ခါတိုင်းလို ခုတင်ဘေးကုလားထိုင်မှာထိုင်နေသော မေခါးကို မတွေ့ရပေ။ မေခါး အပြင်များထွက်သွားပြီလားဟု အားတက်ကာ သူက အပြင်မှအသံဗလံကို နားစွင့်လိုက်သည်။

သည်အခန်းလေးထဲမှာ သူရောက်နေတာ ဆယ့်နှစ်ရက်ခန့် ရှိသွားပြီ။

စာချုပ်ကို လက်မှတ်မထိုးသေးသည်မို့ မေခါးက သူ့ကို ကြိုးဖြင့်တုပ်နှောင်၍သာထားသည်။ အစာစားချိန်များမှာ သူ့ကိုယ်တိုင်လာကျွေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းမှာ ဒေါသဖြင့် သူ မစားဘဲနေခဲ့သော်လည်း နောက်ပိုင်းတော့ သည်နေရာမှာတင် မိုက်မဲစွာ သူ အသေခံလို့မဖြစ်တာ နားလည်လာသည်။ သူ အသက်ရှင်နေမှ သူ့ မိသားစုနှင့်တွေ့ဖို့ ကြံဆောင်နိုင်မှာဖြစ်သည်။

လက်မှတ်မထိုးပေးသည်မှလွဲ၍ မေခါး ကျွေးသော အစားအစာများကို စားသည်။ မနက်လင်းသည်နှင့် အခန်းထဲ တိုးဝင်လာသော ရောင်ခြည်နှင့်အတူ လွတ်မြောက်ဖို့မျှော်လင့်ချက်ကို သူ ထားရှိမိမြဲဖြစ်သည်။

မြသားရယ် … စိတ်ချင်းဆက်သွယ်ပြီး မောင့်အဖြစ်ကို သိလှည့်ပါ။ မောင့်ဆီကို အရောက်လာခဲ့ပါလား ကွာ။

သားနှင့်သမီးကိုလည်း လွမ်းလှသည်။ သူတို့ကို နေ့စဉ် ကျောင်းပို့ ကျောင်းကြိုဘယ်သူလုပ်နေပါလိမ့်။ သူ့ကို မျှော်နေကြတော့မည်မှာ သေချာသည်။

မေခါးကိုကြည့်ရသည်မှာ စိတ်မမှန်တော့ဟု သူထင်သည်။ တစ်ခါတစ်ရံ ငိုချင်ငို၊ ရယ်ချင်ရယ်နေတတ်၏။





ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုနေလိုက်၊ ဒေါသတကြီး ရက်စက်ကြမ်းကြုတ်လာလိုက်။

သူ့အသက်ရှင်လွတ်မြောက်ရေးအတွက် မေခါးကို အလိုက်သင့်အထိုက်သင့် ဆက်ဆံဖို့လိုသည်ဟု သူနားလည်လာသည်။ စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ရကောင်းမလား။

စာချုပ် မြသားဆီရောက်သွားသည်နှင့် သူလွတ်လွတ်လပ်လပ်နေနိုင်၍ မေခါးလက်မှ လွတ်မြောက်နိုင်လျှင် တစ်နေ့ သူ့မိသားစုဆီ ပြန်ရောက်နိုင်မည်။

အရေးကြီးတာ သူ အသက်ရှင်ဖို့နှင့် လွတ်လွတ်လပ်လပ်နေနိုင်ဖို့ဖြစ်သည်။

ထိုစဉ်မှာပဲ မြေအောက်ခန်းတံခါးဖွင့်သံကို ကြားလိုက်ရသည်။ သူက မျက်နှာကို အပျော့ပျောင်းဆုံးထားလိုက်ပြီး မေခါး ဆင်းအလာကို စောင့်ကြိုဆိုနေလိုက်သည်။

သို့သော် လှေ[illegible]အားမှ ဆင်းလာသူက မေခါးမဟုတ်။ မေခါး၏ဖခင်ဖြစ်သည်။ အခန်းထဲ တစ်ခါမှမလာစဖူးမို့ သူ အံ့အားသင့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေး နိုးနေပြီလား"

"ဟုတ်တယ် အဘ"

"သမီး အပြင်ထွက်သွားတယ်၊ နည်းနည်းတော့ကြာမယ်ထင်တယ်၊ ရော့ …အားရှိအောင် ဒါလေးစားလိုက်ဦး၊ ပေး …အဘ ကြိုးတွေဖြည်ပေးမယ်"

သူ အံ့အားတသင့် ကြည့်မိသည်။

"စားပြီးရင် မေခါးမလာခင် မြန်မြန်သွားပေတော့"

"အဘ တကယ်ပြောနေတာလား"

"တကယ်ပြောတာပါ၊ မေခါးက အဘကို စောင့်ကြည့်ခိုင်းထားတာ၊ ဒါပေမယ့် သမီးမိုက်တိုင်း အဘ လိုက်မိုက်လို့မဖြစ်ဘူး၊ တစ်ခု အဘတောင်းပန်ချင်တာက မေခါးကို အပြစ်မယူပါနဲ့၊ မေခါးဟာ တကယ်တော့ သိပ်သနားစရာကောင်းပါတယ်၊ သူဟာ စိတ်ဝေဒနာသည်လေးပါကွာ"

"မေခါးက …"

အဖိုးကြီးက မျက်ရည်သုတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။





"ဆရာဝန်နဲ့ကို ပြနေရတာပါ၊ အဘကိုတော့ သူ စိတ်ဆိုးချင်ဆိုးပါစေတော့၊ အဘက သူ့အပေါ်မှာ ဖခင်တစ်ယောက် တာဝန်မကျေခဲ့ပါဘူး၊ ဒါပေမယ့် သမီးတစ်ယောက် လမ်းမှားမရောက်ဖို့တော့ တားဆီးပေးဖို့ တာဝန်ရှိပါတယ်၊ ကဲ …စားလိုက်ဦး၊ ပြီးရင် မြန်မြန်သွားပေတော့"

သူက နို့တစ်ခွက်ကိုသာ ငွတ်ခနဲသောက်လိုက်ပြီးနောက်မှ လူးလဲထလိုက်သည်။

"ကျေးဇူးတင်ပါတယ် အဘ၊ အဘကျေးဇူးကို မမေ့ပါဘူး"

သူက လက်အုပ်ချီခဲ့ပြီးနောက် လှေကားဆီ အပြေးတက်ကာ အိမ်ထဲမှ တစ်ရှိန်ထိုး ပြေးထွက်လာခဲ့မိတော့သည်။

လှေကားထစ်များကို အပြေးနင်းဆင်းစဉ်မှာ ခြံဝသို့ ကားတစ်စီး ထိုးဆိုက်လာသည်။ မေခါးနှင့်တိုးပြီဆိုကာ သူ ရင်ထိတ်သွားရသည်။ ဆက်ပြေးဆင်းရကောင်းနိုး၊ ပြန်တက်ရနိုး တွေဝေနေဆဲမှာပဲ ကားထဲမှဆင်းလာသော မြသားနှင့် အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြသား"

သူ ဝမ်းသာအားရ တအားကြီးအော်ကာ အမြန်ဆုံး ပြေးဆင်းလာခဲ့မိသည်။

"မောင် ...မောင် ဘာမှမဖြစ်ဘူးနော်"

သူတို့နှစ်ယောက် ခြံဝမှာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းပွေ့ဖက်မိကြသည်။

"ဘာမှမဖြစ်ဘူး သား၊ မောင့်ကို ခုပဲ မေခါးအဖေကြီးက လွှတ်ပေးလိုက်တာ၊ မေခါး အပြင်သွားနေတယ်၊ မောင်တို့ မြန်မြန်သွားကြရအောင်"

သူတို့နှစ်ယောက် ခြံဝမှ လှည့်ထွက်ဖို့ ပြင်စဉ်မှာပဲ ခပ်လှမ်းလှမ်းမှလာနေသော ကားတစ်စီးကို တွေ့လိုက်ကြရသည်။

"ဟာ ... ဟိုမှာ မေခါးလာနေပြီ၊ သွားကြမှဖြစ်မယ်၊ သား အမြန်လာ"

သူတို့သုံးယောက် ကားပေါ်တက်ကာ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့ချိန်မှာပဲ မေခါး၏ကားကလည်း နောက်မှ



ထပ်ကြပ်မကွာ လိုက်ပါလာလေသည်။

"ကားဆရာ မြန်မြန်၊ နောက်ကကားကို မမှီအောင် မောင်းပေးပါ"

ကားဆရာကြီးက ကားကို အရှိန်မြှင့်၍ မောင်းပေးသည်။ မေခါးကလည်း အနောက်မှ အရှိန်ပြင်းပြင်းဖြင့် လိုက်ပါလာနေ၏။

"ဒုက္ခတော့ ရောက်ကုန်ကြတော့မှာပဲ၊ ကားရပ်ပြီး မျက်နှာချင်းဆိုင် ဆွေးနွေးလိုက်ကြရင် မကောင်းဘူးလား၊ သမီးကို အခေါ် ဖျောင်းဖျပါ့မယ်"

မေခါးအမေသည် ကားနှစ်စီး အလုအယက်မောင်းနေခြင်းကို စိတ်ပူလာဟန်ရှိ၏။

"ဟုတ်တယ် မောင်၊ ခုချိန်မှာတော့ သူ ဘာမှမလုပ်နိုင်တော့ပါဘူး၊ ဒီအတိုင်းမောင်းနေတာ အန္တရာယ်များတယ်"

ထိုအချိန်မှာပဲ အရှိန်လျော့သွားသော မိုးတို့၏ကားကို အလောတကြီးကျော်တက်လိုက်လေရာ ရှေ့မှ စက်ဘီးတစ်စီးနှင့် ဘွားခနဲရင်ဆိုင်အတွေ့ ...။ မေခါးက ဇော်ရာရင်ကို

www.burmeseclassic.com



ဘေးသို့ဆွဲချလိုက်ရာ ကားသည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမှ သစ်ပင်ကြီးတစ်ပင်ဆီသို့ ပြေးသွားပါတော့သည်။

"အား"

သုံးယောက်သား ပြိုင်တူအော်ဟစ်လိုက်သံနှင့် ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ်လာသော ဂျုန်းခနဲမြည်သံကြီးသည်...

[illegible]

# အပိုင်း (၆)

## ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီး၏ ဦးနှောက်နှင့်အာရုံကြော အထူးကုဋ္ဌာနမှာ မေခါးတစ်ယောက် သတိပြန်ရလာသောအခါ သူမသည် သူ့ပတ်ဝန်းကျင်မှာ စိုးရိမ်တကြီး စောင့်ကြည့်နေကြသော လူတွေအားလုံးကို သိမှတ်မဲ့သော မျက်ဝန်းများဖြင့် တစ်ယောက်စီ ကြည့်လေသည်။

တစ်ဦးတစ်ယောက်ကိုမျှ မှတ်မိသိရှိနိုင်ခြင်းမရှိတော့ချေ။ သူမှာကြည်းမုန်းတီးခဲ့သော သူ့ဘဝ၏ အတိတ်ဆိုးကြီးတစ်ခုလုံးကို သူ့ဦးနှောက်ထဲမှ မေ့လျော့ပျောက်ကွယ်သွားစေခြင်းဖြင့် မြတ်စွာဘုရားသည် မေခါးအား သနားသဖြင့် အခွင့်အရေးပေးခဲ့တာပဲ ဖြစ်လိမ့်မည်။

မိုမို(ဆေးတက္ကသိုလ်)



BURMESE CLASSIC

www.burmeseclassic.com